www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

စာမူ ခွင့်ပြု အမှတ်
မျက်နှာဖုံးခွင့်ပြုအမှတ်

ပထမအကြိမ်
၁၉၉၄၊

စာန်ဖိုး — ကျပ်သုံးဆယ်တိတိ
အုပ်ရေ — ၅၀၀ အုပ်
မျက်နှာဖုံးပန်းချီ — ဝင်းကျော်စိုး
ကာလာခွဲ — ဘိုမြွေး

မျက်နှာဖုံးရိုက် — ဦးဇော်လွင်(မြဲ၀၄၉၃၄)
ရွှေအော့ဖ်ဆက်
၃၇၂၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
ပန်းဘဲတန်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ — ဦးစိန်ဝင်း (မြဲ ၀၁၃၀၆)
ဝင်းမျိုးပုံနှိပ်တိုက်
အမှတ် ၉၆၊ ၉၅ လမ်း၊
ရန်ကုန်မြို့။

ထုတ်ဝေသူ — မောင်နှင်းဆွေ(မြဲ၀၉၀၃)
မန်းလက်ဆောင်စာပေ
၅၁၆/ခ၊ ပုလဲ ၄ လမ်း၊ ၄-ရပ်ကွက်
မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့။

# ထွန်းလင်း (မြန်မာပြန်)

'မြေးနိုင်သလောက်မြေး'

(ဘာသာပြန် အသစ်စက်စက်)

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## အခန်း (၁)

ညချမ်းကာလသို့ရောက်ပြီဖြစ်၍ နှစ်ကာတာက မက်ဇင်ဇူး ကော့၏ ဟိုတယ်အခန်းအား ရှာဖွေရန် အချိန်စောင့်လျက်ရှိသည်။

နှစ်ကာတာနှင့်အတူ စောင့်ဆိုင်းနေသူလေးအမည်မှာ ဒက်ဒီဖြစ်သည်။

ခုတင်ခေါင်းရင်းဘက်ရှိ ညဉ့် နာရီ ဆယ့်ငါးမိနစ်အချိန်ကို ပြနေသည်။

ဇူးကော့သည် ညစဉ် ကိုးနာရီခန့်တွင် အပြင်ထွက်တတ်ကြောင်း ကာတာသိထားသည်။

www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားမှုစရန် အချိန်သင့်ပြီ၊ ခုတင်ပေါ်မှ ကာတာဆင်းလိုက်၏။ ဒက်ဖနီကမူ ခုတင်ပေါ် ခယ်လှဲရင်း ကျေနပ်မှုမျက်လုံးအပြုံးဖြင့် ကြည့်နေသည်။

ခုတင်ပေါ်မှ သူမ၏ရှပ်ပုံလွှာမှာ သက်ရှိ အရုပ်ကလေးတစ်ရုပ်နှယ် တူလှ၏။

ကာတာက အဝတ်အစားဝတ်သည်။ ဝီလီဟယ်မီနာပ်သူ့ အိမ်ညီပေးထားရာ ကိုးမမ လူဂါါသေနတ်၏ ပခုံးစလွယ်သိုင်းအိတ်ကို ချိတ်လိုက်စဉ် ဒက်ဖနီက မျက်လုံးစိမ်းကြီးများနှင့် ကြည့်မိသည်။

'ဘာဖြစ်လို့ အဝတ်အစား ဝတ်နေရတာလဲ ကိုရယ် အခေါ်ကြီး ရှိပါသေးတယ်'

'ကိုယ်ပြောတာ မင်း မမှတ်မိဘူးလား၊ညဥ့်နက်ပိုင်းအလုပ်တစ်ခု ရှိသေးတယ်ဆိုတာလေ'

'ခုလို မြန်မြန်ဆန်ဆန်ကြီးဆိုတော့ ဘယ်ကောင်းမလဲ'

သူမက နှုတ်ခမ်းစူကာ ပြောလာသည်။

'မလျှော့မတင်း စောင်းကြိုးညှင်းသလိုလုပ်တာ အကောင်ဆုံးပဲကွ'

သို့သော် သူမ၏ခန္ဓာကိုယ် အရွေ့ဝယ်၊ ကာတာမှာကိုယ့်စကားကိုကိုယ် ဖောက်ဖျက်ချင်လာသည်။



ဗူးခေါ့အား ကြိုတ်၍ ဆဲရေးမိသည်။ လူဂါါကိုထုတ်၍ ကျည်ဆန်အား စစ်ဆေးကြည့်လိုက်ရသည်။

မောင်းကိုဆွဲ၍ ကျည်အိမ်ထဲကျည်ဆန် ရှိမရှိကို ကြည့်၏။

ဗူးခေါ့လို လူစားမျိုးအတွက် အလွန်ဂရုစိုက်မှ တော်ကာကျလိမ့်မည်။

ဗူးခေါ့သည် ကေဂျီဘီ၏သုတ်သင်ရေးဌာန မော့စကုဒယ်လာမှ သောက်လှမ်းရေးသမားတစ်ယောက်ဖြစ်၏။

နစ်ကာတာကဲ့သို့ပင် ကိုယ့်ဌာနအကျိုးအတွက် လူသတ်ခွင့်လိုင်စင် ရထားသူပင်။

'ရှင့်ကို ကျွန်မ စောင့်ရဦးမှာလား နစ်'

ကာတာက စဉ်းစားကြည့်သည်။

'ကိုယ် နောက်ကျသင့် နောက်ကျ ဖိခ်မယ်ဖုန်းဆက်လိုက်ပါမယ်ကွာ'

'ရှင် တကယ်ပဲ မနေနိုင်တော့ဘူးလား'

ကာတာက သူမ၏ဘင်ပါးအား ခတ်သာသာတစ်ချက်ပုတ်လိုက်သည်။

'အဝတ်အစားဝတ်တော့ကွာ'

သူမက နစ်ကာတာ သူမထံ ဖုန်းဆက်ပါမည့်အကြောင်း ကတိထပ်ပေးတောင်းပြီးမှ အဝတ်အစားဝတ်ကာ ထွက်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမအား နောက်တစ်ကြိမ် ထပ်တွေ့ရမည် မဟုတ်မှန်း ကာဘာအဖို့ သေချာနေမိသည်၊ သူ၏အလုပ်မှာ သည်အဖြစ်မျိုး ရိုးနေပြီဖြစ်သည်။

အိမ်(စ်)အဖွဲ့ကြီး၏ အဘူးသက်နက်ကိုရှိယော တိုက်တွင်ရေး ပုဂ္ဂိုလ်များက တူဂိုဟု အမည်ပေးထားရာ ဓားမြှောင်ချွန်ကို လက်တွင်ပတ်ကာ ချည်လိုက်၏။

အပေါ်အင်္ကျီကိုဆင်ယောက်သည်၊ နှစ်ကာတာကား လူတစ်ယောက်ကို နည်းမျိုးစုံနှင့်သတ်တတ်ရန် သင်ကြားပေးထားကြသည်။

သို့သော် သူ့အတွက် အခြေခံလက်နက်နှစ်ခုနှင့်သတ်သင်ရခြင်းလောက်အခြား အစားထိုးရော နည်းမျိုးစုံမရှိပါ။တူဂိုနှင့် ဝီလ်ဟာမ်မီနာသည် သမတ်မိသည့်ထက်ပို၍ သူ့အသက်ကိုကြိမ်ဖန်များစွာ ကယ်တင်ခဲ့ပြီးဖြစ်၏။

ဦးကော့အကြောင်းကို ပြန်တွေးကြည့်လိုက်သည်။ လူကပိန်သည်၊ လူငယ်တစ်ဦးပင် ကေဂျီဘီထဲသို့ ရောက်ခဲ့သည်။

မော်စကိုဒယ်လာ ဌာနခဲ့တွင် သုတ်သင်ရေးသမားအဆင့်ရောက်ခဲ့သည်မှာ အချိန် ကြာမြင့်လှပြီဖြစ်၏။ သူတို့နှစ်ဦး မကြာမီက စစ်ဆင်ရေးတစ်ခု၌ တဒရာကက်(စ)မြို့တွင် ဆုံမိခဲ့ကြသည်။



က အားလျော်စွာပင် ဟိုတယ်တစ် တ်ပုံတင်စာရေးထိုင်ရာ စားပွဲ မိကြ၏။ အခမရိုကန်ဘိုလက်ဝယ်ရှိ ပြော်နေ၏။ ချက်ကိုဝယ်ရန် ဦးခကော့က ကမ်းလှမ်း နောက်ရှိ လှေကားမှ အတိုး

နှစ်ကာတာက အမိန့်အရ ငြင်းပယ်ခဲ့ သည်။

က ကာတာအားသတ်ရန် ကြိုးစားသော်၏၊

ဦးခကော့၏အကြံအစည်မှာ အောင်မြင်လုနီးပါး ဖြစ်ခဲ့၏။ ကာတာ၏ဝမ်းဗိုက်တွင် ဒဏ်ရာရခဲ့သည်။

ထိုညက ကာတာ၏ရင်ဝယ် ဦးကော့အပေါ် မုန်းတီးခဲ့မှုကို တစ်သက်တာဖျောက်ဖျက်၍ ရတော့မည် မဟုတ်ပါ။

သို့သော် ယခု ကာတာ၏တာဝန်မှာ ဦးကော့ကိုသတ်ရန် မဟုတ်။ အတတ်နိုင်ဆုံး လူချင်းမဆုံမိစေရန် ရှောင်ပင်ရှောင်ရဦးမည်။

သူက ဦးကော့အခန်းသို့ ခိုးဝင်ရမည်၊ မကြာမီရက်ပိုင်းအတွင်း ရောမမြို့ရှိ တပ်မတော်စာပို့သမားတစ်ဦးထံမှ ခိုးယူခဲ့သော လျှို့ဝှက်စာရွက်စာတမ်းများကို ရှာရမည်။ ကေဂျီဘီသို့ ဦးကော့ မပို့နိုင်မီဖြစ်သည်။

ထိုလျှို့ဝှက်ချက်မှာ အနုမြူလက်နက်များအတွက် နောက်ဆုံးပေါ် ခလုတ်ပုံစံအကြောင်း ဖြစ်သည်။ ထိုကိရိယာသည် ယက်ရှိကာလတွင်အထိ နောက်ဆုံးအတိကျဆုံးအရာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သမအား နောက်တစ်[ကြိမ်] ...ကန့်ပြည်ထောင်စုအား ရုရှားထက်
ကာဘာအဖို့ သေချာနေမိ... ရှိနေစေ၏။ သို့အတွက် မော်စကိုသို့
မျိုး ရိုးနေပြီဖြစ်သည်။
အိုင်(စ်)အဖွဲ့ကြီး၏
ပုဂ္ဂိုလ်များက ဟူဂို...
လက်တင်ပြ...

* * *

၁

တိုးနှာခိုင်ခဲ့အချိန်ဝယ် အငှားကားတစ်စီးဖြင့် ဗီယာဖလမ်း
နာရပ်ကွက်ရှိ ဇီသာဖေဘာရီတာ ဟိုတယ်သို့ ကာဘာသွက်လာ
ခဲ့သည်။ စနေနေ့သာဖြစ်သည့်တိုင် ရောမမြို့၏ လမ်းများဝယ်
အသွားအလာကျဲလှသည်။ လမ်းဘေး လက်ဖက်ရည်ဆိုင်နှင့်
စုံတွဲများ၏ ရယ်မောသံကလေးများကိုသာ ကြားနေရသည်။
ဇီလားဖေဘာရီတာ ဟူသော ဟိုတယ်အမည်မှာ ရှေးဟောင်း
ဆောင်းစဥ်က ခေါ်ခဲ့သောအမည် ဖြစ်ဟန်တူ၏။
ယခုတော့ အပြင်ဘန်းကြည့်လျှင် တည်းခိုချင်စရာပင်မရှိ။
မျက်နှာစာက ကွဲအက်နေသည်။
ဆေးများက အချပ်လိုက်ကွာကျလျက်ရှိသည်။ နှစ်ပေါင်း
များစွာကြာခဲ့ပြီဖြစ်သော ပြတင်းပေါက်မှ နေကာပြားများမှာ
ပြုတ်ကျလျက် တွဲလောင်းကျနေ၏။



အစင်းကြောင်း ဗရုပ္ပနှင့် မှတ်ပုံတင်စာရေးထိုင်ရာ စားပွဲ
ဝယ် အီတလီ အဘိုးအိုတစ်ဦး အိပ်ပျော်နေ၏။
ကာဘာက ညှိခန်းကျဥ်းလေးနေခက်ရှိ ဖျော်ကားမှ အဘိုး
ကြီးမသိအောင် အပေါ်ထပ်သို့ တက်ခဲ့သည်။

ဒုတိယထပ်အရောက် မီးရောင်ရှောင်မှိန်နံ့မှိန်ရှိသည့် စင်္ကြံ
လမ်းမှ အခန်း အမှတ် သုံးရာ့ခုနစ်ဆီသို့ ခြေတွာရပ်ကာ လှမ်း
ကြည့်၏။

တိတ်ဆိတ်ငြိမ်သက်လှသည်။

အခန်းဆီသို့ကပ်သွားကာ နားစွင့်ကြည့်ပြန်၏။ အခန်းထဲမှ
အသံမကြားရသလို အလင်းရောင်ကိုလည်းမတွေ့ရ။
သို့သော် ကျိုအခြေအနေသည် ဖူးကောင့်ရှိမနေသည့်သဘော
ဟု မဆိုသာသေး။ ငြိမ်ချ်စောင့်နေလိုက်သည်။
ထို့နောက် အိတ်ထဲမှ အိုင်(စ်) အဖွဲ့၏ အထူးခေါ့ရသော့
ကိုထုတ်၍ သော့အိမ်ထဲသို့ သော့တစ်ချောင်းထည့်၍ ဖွင့်ကြည့်
သည်။

ကလစ်ဟူသော မြည်သံနှင့်အတူ သော့ကလည်သွားသည်
လက်ကိုင်ကိုလှည့်၍ တွန်းဖွင့်ကြည့်၏။

အတွင်းမှ လှုပ်ရှားသံ၊ စကားပြောသံ မကြားရ။ လက်ပါ
ကိုင်၍ အတွင်းသို့ ဝင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အမှောင်လွှမ်းရာအခန်းအား အကဲခတ်ကြည့်၏။ ဇူးခကော့သည် အနီးဆုံးသတင်းစာအရောင်းဆိုင်သို့ သွားကာ သတင်းစာဝယ်နေပြီမှာ သေချာလှသည်။

တံခါးကို အသာပြန်ပိတ်လိုက်၏။

မိနစ်အနည်းငယ်ကြာသည့်အခါဝယ် မှိန်ပျပျအလင်းရောင်ကို မျက်လုံးက ကျင့်သားရသွား၏။

မိမိအပြင် တစ်ယောက်တည်းရှိနေကြောင်း သေချာစေရန်၊ စူးစမ်းရန် လူဂါကို စလွယ်သိုင်းအိတ်သို့ ပြန်ထည့်ပြီး အခန်းနှင့် ရေချိုးခန်းကို လေ့လာကြည့်သည်။

ပရိဘောဂတို့မှာ ခေတ်မမီတော့။

အခန်းတွင်းရှိ အနံ့၊ မလှဲကျင်းသည့်ကြမ်းပြင်၏ အနံ့တို့ ရောယှက်လျက်ရှိသည်။

ခုတင်ကြီးတစ်လုံး၊ ခုတင်ဘေးရှိ စားပွဲပုလေး တစ်လုံး၊ ဗီရိုလေးတစ်လုံး၊ ကုလားထိုင်နှစ်လုံးကို တွေ့ရ၏။

ကျောမှီ အမြင့်ကုလားထိုင်၏ ကျောမှီမှာ ပေါက်ပြဲ၍ ဂွမ်းစများပင်ထွက်လျက်ရှိ၏။

ဇူးကော့ ပုန်းကွယ်ရာအခန်းမှာ စုတ်ချာလှသည်။

ဇူးကော့သည် စာရွက်များကို ကိုယ်နှင့်တစ်ပါတည်းယူမသွားဟု ကာတာယူဆမိသည်။

ဖြစ်နိုင်သည်။



သို့သော် သူတို့လုပ်ငန်း၏ ဥပဒေသကိုတော့ ဖောက်ဖျက်ရာရောက်နေသည်။

အနှီပုဂ္ဂိုလ်တစ်ယောက်သည် လိုအပ်သရွေ့ အရေးကြီးသည့်အရာကို ကိုယ်နှင့်မကွာ ထားရပေလိမ့်မည်။

သို့မဟုတ် အလုံခြုံဆုံးနေရာတွင် ဝှက်ထားရမည်။ ဤကိစ္စတွင်တော့ ထိုအလုံခြုံဆုံးနေရာကို ကာတာ ရှာဖွေကြည့်ရလေသည်။

ဆယ့်ငါးမိနစ်ကြာသည်အထိ ရှာမတွေ့။ မိမိအတွေး မှားပြီလောဟု ကာတာစဉ်းစားရသည်။

ရှိနိုင်သည့်နေရာမှန်သမျှ အိတ်သွန်ဖာမှောက် ရှာကြည့်ခဲ့သည်။ စုတ်ဖွာနေသည့် ကြမ်းခင်းကော်ဇောကို လှန်ကြည့်သည်။

နောက်မှီ အမြင့်ကုလားထိုင်အား ရှာကြည့်၏။ ဗီရိုမှအံဆွဲမှန်သမျှမကျန် ခုတင်ဘေး စားပွဲပုလေးကိုလည်း အလွတ်မပေး။ အိမ်သာမှ ရေဆင်းကိရိယာအထိ ရှာသော်လည်း လက်ချည်းဗလာသာဖြစ်နေရသည်။

ပြတင်းပေါက်ဆီသို့ လျှောက်သွားပြီး နာရီကို ကြည့်လိုက်သည်။

ဆယ်နာရီထိုးရန် ဆယ်မိနစ်သာလိုတော့၏။ ထုံးစံအတိုင်းဆိုပါမူ ဇူးကော့သည် ဆယ်နာရီသို့မဟုတ် ဆယ်နာရီထိုးမီလေးတင် ပြန်ရောက်လေ့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



တီးတိုးကျိန်ဆဲလိုက်မိ၏။ ၎င်းပြန်မလာမီ လျှို့ဝှက်စာရွက်ကို တွေ့မှဖြစ်မည်။

ဗူးကော့သည် ထိုလျှို့ဝှက်ချက်အား နောက်တစ်နေ့ မနက်တွင် လက်ပြောင်းပေးလိမ့်မည်ဟု အိပ်(စ)အဖွဲ့ကြီးက ခန့်မှန်းထားပြီးဖြစ်သည်။

အခန်းထဲတွင် လေဝင်လေထွက်ပေါက်များ မရှိသည်ကို သတိထားလိုက်မိ၏။

ဧည့်သည်အဖို့ နွေရာသီဝယ် ပန်ကာတစ်လုံး လိုလိမ့်မည်။ အခန်းသာမက အလွန်စုတ်ပြတ်လှသည်။

ခုတင်မှ စပရိန်တို့ အိပ်စဉ် ကျောသို့ထောက်နေမည်မှာ မလွဲ။ မုတ်ဆိတ်ကျင်စွယ်ရိတ်ရန် ရေခန်းပိုက်လည်း မရှိ။

ရာရင်းမပင် စိတ်မကောင်းစွာ အဆုံးသတ်ရတော့မည်ဟု တွေးတောမိသည်။

ရေချိုးခန်းသို့ နောက်တစ်ကြိမ်ရှာရန် ခြေဦးလှည့်လိုက်စဉ် စင်္ကြံလမ်းမှ ခြေသံကိုကြားလိုက်ရ၏။

လူဂါကိုထုတ်၍ တံခါးဘေးနားကပ်ကာ နားစွင့်ကြည့်၏။ တံခါးဖွင့်သံ၊ ပိတ်သံကို ကြားရသည်။

စိတ်ရှေ့ကိုပါ သက်သာစွာဖြင့် သေနတ်ကိုပြန်သိမ်းရန် ရေချိုးခန်းသို့ ပြန်လှည့်လိုက်သည့်ခါမှ တံခါးပွင့်သွား၏။ ဗူးကော့ ပင်ဖြစ်သည်။



ကာတာက ချာခနဲ လှည့်ကာ သေနတ်ဆီသို့ လက်လှမ်းသည်။

'မလုပ်နဲ့လေ'

ဗူးကော့က ရုရှားလုပ်ခြောက်လုံးပြူးနှင့် ကာတာ၏ ရင်ဘတ်အား ချိန်ထား၏။

ကာတာက လက်ကိုရုတ်သည်။ ဗူးကော့က တံခါးကိုပိတ်၍ ကာတာထံသို့ လျှောက်လာ၏။

ဗူးကော့သည် အလွန်ပိန်ခေါင်းလည်း ကာတာ၏ အရပ်မျှ မြင့်၏။ လျှော့တွက်၍ ရစရာမရှိ။ ဆံပင်က ပါးသည့်တိုင် မျက်နှာက ပျိုမြစ်လှသည်။

ကာတာ၏ အိတ်ထဲမှ လူဂါအား ခြောက်လုံးပြူးနှင့်ချိန်ရင်း ဗူးကော့က နှိုက်ယူသည်။ ကြမ်းပေါ်သို့ လွှတ်ပစ်လိုက်သည်။

'ခင်ဗျားပဲကိုး ကာတာ'

ဗူးကော့က နောက်သို့ ခြေနှစ်လှမ်းမျှ ဆုတ်ရပ်သည်။

'ခင်ဗျားပြန်လာတာ စောပါလား'

ကာတာက မည်သို့ စကားပြောရမည်နည်းဟု တွေးနေသည်။

ဗူးကော့သည် သေနတ်မောင်းကို မဆွဲမီ မည်သို့ စကားပြောရပါမည်နည်း။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော့်ရဲ့အကျင့်တွေကို အပြောင်းအလဲလုပ်ဖို့ ဥပဒေတစ်ခု သတ်မှတ်ထားပါတယ်'

ဦးကျော့က ပြုံးလိုက်၏။

'ဒီလိုလုပ်လို့ ကျွန်တော် အသက်ရှည်နေတာပဲ၊ ကာရာကက်မှာတုန်းက ခင်ဗျားကို ကျွန်တော် အပြတ်လုပ်ခဲ့သင့်တယ်'

ကာတာမှာ ရင်ခုန်မြန်လာသည်။ ယခုတစ်ကြိမ် ဦးကျော့၏ သေနတ်ပြောင်းရှေ့ဝယ် ရပ်မိခဲ့ပြန်ပြီ။

ဤအကြိမ်တွင်တော့ ဦးကျော့ကပို၍ ဂရုစိုက်ပေလိမ့်မည်။

'ခင်ဗျား လို ချင်တာ ရှာမတွေ့သေးဘူး မဟုတ်လား ကာတာ'

ဦးကျော့က ပို၍ပြုံးနေသည်။

'အင်း....ခင်ဗျားက အပုပ်ကောင်းပဲကိုး၊ ကျွန်တော့်အတွက်ကလဲ အချိန်က သိပ်မရဘူးလေ'

'ဟုတ်တာပေါ့၊ ဒီလိုဖြစ်အောင် စီစဉ်ထားတာပဲ၊ ခုတော့ ခင်ဗျားရဲ့ အသက်ရှင်ဖို့ အချိန်လဲ ပိုတိုလာပြီထင်တယ်'

'ဟုတ်လား'

ဦးကျော့မှာ စိတ်တိုလာပုံရသည်။ ပစ်သတ်ရန် ကြံပြီးကာမှ ဦးစမ်းလိုစိတ် ဖြစ်သွား၏။

'ခင်ဗျားလောက် အသိဉာဏ်ရှိတဲ့လူအဖို့ကတော့ တွေးမရနိုင်တဲ့ နေရာတစ်ခုပေါ့ဗျာ'



ဦးကျော့၏ မျက်လုံးတို့ဝယ် ဒေါသခိုးတို့ ရိုက်လာသည်။

'ကဲ....ဘယ်မှာဝှက်ထားတယ်ထင်လို့လဲ ကာတာ'

'ထင်တာကတော့ ဟိုနေရာပဲ'

ကာတာက ရေချိုးခန်းဆီသို့ လက်ညှိုးထိုးပြရင်း ကိုယ်ကို ဦးကျော့နှင့် ရေချိုးခန်းတံခါးအကြား ရောက်ရန် မသိမသာ ရွေ့လိုက်သည်။

လက်ဖျံသားကို လှုပ်သည်။ ဓားမြှောင်က လက်ဖဝါးအတွင်းသို့ လျှောကျလာသည်။

ဦးကျော့က ရယ်လိုက်သည်။ ကာတာက ကိုယ်ကိုဝပ်ချသည်။

သေနတ်သံနှင့်အတူ ကျည်ဆန်က ကုတ်အင်္ကျီအဖျားကိုထိုးဖောက်သွားသည်။ ကျွမ်းထိုးရင်း ဓားမြှောင်နှင့်ပစ်သည်။

ဓားမြှောင်က ဦးကျော့၏ ညာဘက်ပခုံးတွင် စိုက်နေသည်။ အော်သံနှင့်အတူ သေနတ်ကိုင်လက်က လွှတ်ကျသွားသည်။

ဦးကျော့အပေါ်သို့ ကာတာ ခုန်အုပ်သည်။ ဦးကျော့မှာ နံရံနှင့်ဝင်ဆောင့်သည်။

သေနတ်ကိုင်လက်အား ကာတာက လိမ်ချိုးသည်။ သေနတ်က အခန်းထောင့်သို့ လွင့်သွားသည်။

ကာတာက ဦးကျော့၏ မျက်နှာပိန်ပိန်လေးအား လက်သီးနှင့် ထိုးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟာရိုကျို သိကြွားရသည်၊ နောက်တစ်ချက် ထပ်ထိုးခံ ရှယ်သည်။ မလိုတော့။ ဇူးကော့တွင် တိုက်ခိုက်နိုင်စွမ်းမရှိတော့ပါ။

ဇူးကော့၏ ပခုံးမှခါးမြောင်ကို အုံ့ထုတ်လိုက်သည်။ ဇူးကော့မှာ မျက်လုံးပြူး၍ ညည်းနေသည်။

ကာတာက ဇူးကော့၏ မေးစေ့အောက်သို့ ခါးနှင့်ထောက်ကာ မျက်နှာကိုကြည့်လိုက်သည်။

'ဘယ်မှာထားသလဲ'

ဇူးကော့က ညည်းသံသာပြုသည်။

ကာတာက ဇူးကော့၏ပါးကို ရိုက်ပြီး ဆွဲခါသည်။

'ဘယ်မှာဝှက်ထားသလဲ ဇူးကော့'

'ဒီမှာ မရှိဘူး'

ဇူးကော့မှာ အသက်ကို မနည်းရှူနေရသည်။

'ပြောစမ်းပါ။ ဝေ့လည်ကြောင်ပတ် လုပ်နေစရာ အချိန်မရှိဘူး'

ဇူးကော့က ခေါင်းခါသည်။ ကာတာက ဓားသွားကို ဖိအားပေးလိုက်သည်။

သွေးများစီးကျလာ၏။ အပြင်ဘက်စင်္ကြံလမ်းမှ လူသံများကို ကာတာကြားလိုက်ရသည်။



သေနတ်သံကို တစ်ယောက်ယောက် ကြားသွားပုံရှိသည်။ အီတလီဘာသာနှင့် ဘာတွေဖြစ်နေသနည်းဟု လှမ်းမေးသံထွက်လာသည်။

'ဘာမှ မဖြစ်ဘူးဗျို့'

ကာတာက အီတလီဘာသာနှင့် အော်ဖြေပြီး ဇူးကော့ဘက်သို့ ပြန်လှည့်သည်။

'ကဲ... ကြွေတယ် မဟုတ်လား၊ ခင်ဗျားအတွက် အချိန်မရှိတော့ဘူး၊ အချိန်မရွေး ရဲတွေရောက်လာနိုင်ပြီ၊ ဟိုစာရွက်စာတွေ ဘယ်မှာထားသလဲ၊ ခုပြောစမ်း'

ဇူးကော့က ကာတာအား ကွက်ခနဲကြည့်သည်။ အသက်ကို လု၍ ရှူနေ၏။

'ကျွန်တော့် အသက်ကို ခြိမ်းခြောက်ရုံနဲ့ ခင်ဗျား လိုရာကို ပြောမယ့် သာမန်လူတစ်ယောက်လို့ ခင်ဗျားထင်သလား၊ မက်ဇင်ဇူးကော့အကြောင်း ခင်ဗျား သိပ်မသိဘူးနဲ့ တူတယ်'

သို့သော် ကာတာမှာ ဇူးကော့ထင်သည်ထက် ၎င်း၏ အကြောင်းကို ပိုသိပါသည်။

အိပ် (စ) ရှိ ဇူးကော့၏ ဖိုင်တွဲအား ပြန်တွေးကြည့်သည်။ ဇူးကော့မှာ စကားများသူဖြစ်သလို မြှာသမားလည်းဖြစ်သည်။ တစ်ကမ္ဘာလုံးရှိ လူမျိုးပေါင်းစုံ အမျိုးသမီးများနှင့် ချစ်ပွဲဝင်

www.burmeseclassic.com

www.burmeseclassic.com



ခဲခြင်းအတွက် ဂုဏ်ယူနေသည်။ လိင်စိတ် ပြင်းသူအဖြစ်နာမည်ကျော်လှသည်။

'ကဲ... ဗူးကော့၊ ခင်ဗျားကို ကျွန်တော် သတ်တော့မသတ်ပါဘူး၊ ဒါပေမယ့် ခင်ဗျားဂုဏ်ယူဆုံး ခန္ဓာကိုယ် အစိတ်အပိုင်းတစ်ခုကိုတော့ ဖြတ်ထုတ်ပစ်ရလိမ့်မယ်'

'ဘာ'

စင်္ကြံလမ်းမှ အသံများ ပိုကျယ်လာသည်။

'ကျွန်တော် ပြောတာ ခင်ဗျား ကြားပါတယ်'

'ဒီ... ဒီလိုလုပ်လို့ မဖြစ်ဘူး'

'မဖြစ်နိုင်တာ မရှိပါဘူး'

ကာတာက ဗူးကော့၏ ဘောင်းဘီဇစ်ကို ဆွဲဖြုတ်လိုက်သည်။

'ကဲ... ဘာပြောဦးမလဲ ဗူးကော့'

'သတ်သာပစ်လိုက်'

'မလုပ်ပါဘူးဗျာ၊ ခုကျွန်တော်လုပ်မှာက ပိုကောင်းတယ် မဟုတ်လား'

ကာတာက ဓားမြှောင်ဦးကို ဗူးကော့၏အောက်ခံ ဘောင်းဘီတိုပေါ်သို့ တင်လိုက်သည်။

ဗူးကော့၏ တုံ့ပြန်ချက်ကို အကဲခတ်သည်။ ပြုတင်းပေါက်ရှိရာသို့ ကွက်ခနဲ လှမ်းကြည့်သည်။ စိတ်ကို တင်းနိုင်လိုက်ပုံ ရှိသည်။

'မရှိဘူး'



သို့သော် ကာတာမှာ ပြုတင်းဝ သည်။

နေကာမှန်ချပ်တို့အား ဆွဲဖယ်လိုက်သည် ပြီး ဖြစ်သည်။

'မယူနဲ့'

ဗူးကော့က ကာတာရှိရာသို့ ကုန်းရုန်းထသည်။

ကာတာက စာရွက်ကို ဖြန့်ကြည့်သည်။ သူလိုချင်သော စာရွက်ပင် ဖြစ်သည်။

အိတ်ထဲသို့ စာရွက်ကို ထည့်လိုက်စဉ် ဗူးကော့က သူ၏ သေနတ်ရှိရာသို့ လှမ်းဆွဲသည်။

သေနတ်ပြောင်း ဝေ့လည်သည်နှင့် လူဂါရှိရာသို့ ကာတာက ကျွမ်းထိုးလိုက်သည်။

ဗူးကော့၏ သေနတ်သံနှင့်အတူ ကျည်ဆန်က ကာတာ၏ ညာခပါင်သို့ ဖြတ်သွားလိုက်သည်။

လူဂါကို ကိုင်မိသည်။

ဗူးကော့အား နှစ်ချက် ဆက်တိုက်ပစ်သည်။

ကျည်ဆန်တစ်တောင့်က အခန်းတံခါးကို သွားမှန်သည်။ စင်္ကြံလမ်းမှ လူသံတို့ ဆူညံလာသည်။

တံခါးကို တဝုန်းဝုန်း ထုနှက်ကြသည်။

ဗူးကော့မှာ ကြမ်းပြင်ပေါ်သို့ ဖင်ထိုင်လျက် ပစ်ကျသွားသည်။

မျက်လုံးအပြူးသားနှင့် ငြိမ်နေရာမှ ဘေးစောင်း ပစ်ကျသွားသည်။

www.burmeseclassic.com



ခဲခြင်းအတွက် ဂုဏ်ယူ...း ထွက်လာသည်။
...ပ်ဖွဲ့
ကျော်လှသည်။ ...ျပြီဟု ကာတာ ဆုံးဖြတ်လိုက်သည်။

ကဲ... ဒူးဂေ...က်မှ ထွက်ကာ အရေးနေပါ့ မီးဒေါးလှေကား ပါဘူး၊ ဒါ...
အ...ိုင်...သည်။

အဲဒီမှ ဥဩဆွဲသံများ ကြားရချိန်ဝယ် နောက်ဖေး လမ်းကြားသို့ ကာတာ ဆင်းခဲ့ပြီးသည်။

★

## အခန်း (၂)

ကြိုးတင် ကာကွယ်သည့်အနေဖြင့် ထိုညတွင် ကာတာက ဟိုတယ် ပြောင်းသည်။

တောင်ကုန်းလေးတစ်ခုပေါ်ရှိ ဟိုတယ်သို့ ရောက်လာသည်။

လေဝင်လေထွက်မရှိသော အခန်းကျဉ်းလေးထဲဝယ် ကာတာ၏ စိုးရိမ်စိတ်မှာ ကောဂျီဘီသက် ဖောက်ထွင်း အခိုးခံရမည့်အရေးကို ပိုစိုးရိမ်မိသည်။

အိပ်ပျော်ရသည့် တစ်ညတာ...ဲ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ မနက်တွင် စောစီးစွာ အိပ်ရာမှ ထရသည်။ စာရွက် ဝှက်ထားသော နေရာကို ကြည့်ပြီး အပတ်အစား လဲသည်။

စာရွက်ကို လွှဲပြောင်းပေးရန်အချိန်ကျမှု များစွာ ရှိနေသည်။ ညနေပိုင်းမှ နယူးယောက်သွား လေယာဉ်နှင့် လိုက်မည်။ စာရွက် သယ်သွားမည့်သူအား ရေမလေဆိပ်တွင် သွားပေးရမည်။

ဦးကျော်သည် နှစ်ဆယ့်လေးနာရီအတွင်း စာရွက်ကို လွှဲပြောင်းပေးခဲ့ပါမှ အသက်ရှင်နေဦးမည်သာ ဖြစ်သည်။

ကော်ဖီထွက်သောက်စဉ် အခန်း၌ပင် စာရွက်ကို ထားခဲ့သည်။

|

ဦးကျော်ကဲ့သို့ပင် ကိုယ့်ပေါ်တွင် မလိုအပ်ဘဲ ယူမလာလို့ အပျော်ထမ်းသမားများကမူ မိမိကိုယ်ပေါ်တွင် ထားခြင်းက ပို၍ လုံခြုံသည်ဟု ယူဆတတ်ကြသည်။

သို့သော်....ကြေးစားများကတော့ ဝှက် ထား ခြင်း သည် အလုံခြုံဆုံးဟု သိထားကြပါသည်။

စာရွက်သယ်သွားမည့်သူလိုက်ရာ လေယာဉ် ခရီးစဉ်အား နှစ်ကြိမ်မျှ ပြန်စစ်ဆေးကြည့်သည်။

ဝါရှင်တန်ရှိ အကြီးအကဲ လင်းယုန်ကြီးဆီသို့ သတင်းပို့သည်။



လင်းယုန်ကြီးက စာရွက် ရွေ့ မရွေ့ကို အလွန် သိလိုသျက် ရှိသည်။ ကြားလူက သူ့ထံသို့ ယူသွားပေး ပေလိမ့်မည်။

ညနေစောင်းဝယ် ဝှက်ထားရာမှ စာရွက်ကိုထုတ်၍ ငွေစီးကရက်ဘူးထဲ ထည့်သည်။ ကုတ်အင်္ကျီအိတ်ထဲသို့ ထည့်လိုက်သည်။

လေဆိပ်တွင် သူက စာရွက်ယူသွားမည့်သူအား စီးကရက် ထုတ်တိုက်ရမည်။ အလားတူ စီးကရက်ဘူးခြင်း လဲလိုက်ရမည်။

ဟိုတယ်မှ နေ၍ အငှားကား မမှာတော့ဘဲ တောင်မြေသို့ဆင်းပြီး ကားငှားသည်။

အချိန်က ပေးနေသမျှ တော့ ကြိုတင်တာကွယ်မှု ညပ်ဖေသအတိုင်း ကျင့်ကြံရသည်။

လမ်းသုံးလမ်း အကျော်တွင်မူ နောက်မှ ဖီးယက်ကား အမည်းရောင်တစ်စီး လိုက်လာသည်ကို သတိပြုမိလိုက်၏။

'ဟောဟို ရှေ့လမ်းကျယ်ငင် ဘယ်ဘက်ကို ကွေ့လိုက်ဗျာ'
'ခင်ဗျားပြောတော့ လေဆိပ်ဆို'
'ကဲပါ... ပြောတဲ့အတိုင်းသာ မောင်းစမ်းပါ ကားဆရာရယ်'

ကားသမားက မကျေမနပ်ညည်းတွားရင်း လမ်းကို ချိုးဝင်သည်။

ကားတာက နောက်သို့ ပြန်လှည့်ကြည့်၏။ ဖီးယက်က ကပ်ပါလာဆဲရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤအကြိမ်တွင်မူ ကာတာအတွက် ညည်းတွားမိချိန်ဖြစ်၏။ ဟု စာယ်ပြောင်းနေခြင်းဖြင့် လုံလောက်ပြီဟု သူယူဆခဲ့သည်။

ယခုတော့ ဂူးကော့၏ ပဲပေါင်းအသင်းများက သူ့အား တွေ့သွားပြီ။

တစ်လမ်းဝင် တစ်လမ်းထွက်ဖြင့် နောက်မှ ကားကို မျက်ခြည်ပြတ်သည်။

နောက်မှ လိုက်လာသူရှိကြောင်း သိသည့် ကားသမားက လည်း သူ၏ ကားမောင်းပညာကို ပြရှာပါသည်။

'ကဲ... ဘယ်ကိုမောင်းရဦးမလဲ ဆရာ'

'ဆက်သာမောင်းနေဗျာ'

ကာတာက နောက်ကားကို ပြန်လှည့်ကြည့်၏။

ကားသမားမှာ ကျွမ်းကျင်လှသော်လည်း ကားသွား ကားလာများ၍ ခရီးမတွင်။

သို့ဖြင့် ဖီးယက်ကားမှာ သူ့ထင်သည်ထက်ပင် ပို၍ ကပ်ကာ လိုက်နေနိုင်ခဲ့သည်။

ကော်ဆိုးဗစ်တိုရီယိုအီမည်နုလမ်းမှ တစ်ဖက်သို့ သွား၏။ ပွန်တီဗစ်တိုရီယို ဖြတ်၍ ဗာတီကန်သာဆက်သို့ ဦးတည်လိုက်သည်။

ဖီးယက်ကားမှာ နောက်မှပါလာဆဲရှိ၏။ ကားထဲမှာပင် စာရွက်ကိုဖွက်ထားရန် ကာတာကြံသည်။



မဖြစ်သေး။ ကားနံပါတ်ကို နောက်မှလူများသိနေပြီဖြစ်၍ အန္တရာယ်ကြီးလှသည်။

ဗာတီကန်ရှိရာသို့ ကားကလေး ပြေးလွှားလျက်ရှိ၏။ စိန့်ပီတာ ကျောင်းကြီးကိုပင် လှမ်းမြင်နေရသည်။

ရုတ်တရက် စိတ်ကူးရလိုက်၏။ လောလောဆယ်လုပ်လျှင် လုပ်၊ မလုပ်လျှင် မလွယ်တော့။

'ပေါ်ဟာဗိုနားမှာ ရပ်လိုက်ဗျာ'

ကာတာကပြောရင်း နောက်သို့လှည့်ကြည့်၏။ ဖီးယက်ကား မှာ ကိုက်နှစ်ရာမျှတွင်ရှိနေသည်။

ကာတာက အီတလီငွေအဆပ်လိုက်ကို ကားသမားလက်ထဲ ထိုးပေးလိုက်သည်။

ကားသမားမှာ အံ့ဩပုံနှင့် မျက်ခုံးချီကာကြည့်၍...

'ကံကောင်းပါစေဗျာ'

ကာတာ ကားပေါ်မှ ကမန်းကတန်းဆင်း၏။ သူ့အတွက် ဆုမွန်ကောင်း တောင်းပေးခြင်းထက် ပို၍ လိုအပ်ကြောင်း သိ၏။

ခြေလှမ်းကိုသွက်လိုက်သည်။ နောက်သို့လှည့်ကြည့်၏။ ဖီး ယက်ကား ရပ်လိုက်သည်ကို တွေ့သည်။

ကားရှေ့ခန်းတွင် လူနှစ်ယောက် ရှိသည်။ ပြတိုက်အနီးသို့ ရောက်မှ ဖြစ်မည်။

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာလှည့်ခရီးသည်များ ပုတ်ရဟန်းမင်းကြီးနန်းတော်စန်းကျင်သို့ လာရောက်ကြည့်ရှုသူများအကြား ကိုယ်ရောင်ဖျောက်နိုင်ခဲ့ရာရှိ၏။

ခြေလှမ်းကို ပိုသွက်ရသည်။ တိုင်ကြီးများကြား တိုးဝင်၏။ လျှောက်လမ်းမှတစ်ဆင့် ပြတိုက်ဆီသို့ ဦးတည်သည်။

နောက်တစ်ကြိမ် ပြန်လှည့်ကြည့်လိုက်၏။

ဖီးယက်ကားပေါ်မှ နှစ်ယောက်ဆင်းလာပြီး ကာတာနောက်သို့ လိုက်လာနေ၏။

ညာဘက်သို့ ဆတ်ခနဲ ချိုးဝင်လိုက်၏။ ပထမပြတိုက်နှစ်ခုကိုဖြတ်ကျော်၍ တတိယပြတိုက်ဆီသို့ ခရီးဆက်သည်။

အဝင်ပေါက်ဝယ် ယူနီဖောင်းဝတ် အစောင့်နှစ်ဦး စောင့်နေ၏။

ငှင်းကြေးမှဖြတ်ကာ အတွင်းသို့ဝင်သည်။ အမှတ်တရပစ္စည်းများရောင်းချရာ ဆိုင်ဆောင်အတွင်း ကမ္ဘာလှည့်ခရီးသည်များ စုပြုံနေကြ၏။

'တောက်'

ကာတာနောက်သို့ပြန်ကြည့်ကာ တက်ခေါက်မိ၏။ လိုက်လာသူတို့မှာ မျက်စိလျှင်လှသည်။

အနီးရှိလှေကားအတိုင်း လှေကားထစ် တစ်ထစ်ကျော်တက်လိုက်ချိန်ဝယ် အပေါက်ဝသို့ လိုက်ပါသူတစ်ယောက် ရောက်လာ၏။



ထိုသူ၏မျက်နှာပေါ်ဝယ် စိုးရိမ်ဖကင်းဟန် တွေ့ရသည်။ ဆံပင်မည်းမည်းနှင့် ဝတ်စုံပွပွကိုဝတ်ထား၏။ ကေဂျီဘီ၏ အရိပ်သဏ္ဍာန်တို့က ထင်ရှားလှ၏။

လှေကားထိပ်အရောက်ဝယ် ကာတာမှာ မောနေ၏။ ဗာတီကန် စာကြည့်တိုက်ဆောင်ခန်းမသို့ ရောက်ပြီဖြစ်သည်။

လူသွားလမ်းကျဉ်းကျဉ်း တစ်ဖက်တစ်ချက်တွင် ပုတ်ရဟန်းမင်းကြီးများဖြစ်ခဲ့သော ပီယပ် ကိုး၊ လီယို ဆယ့်သုံးနှင့် ပီးယပ်တစ်ဆယ်တို့အား ပေးရာ လက်ဆောင်ထားရာ မှန်ဗီရိုအပြည့် ရှိနေသည်။

ရွှေထည် ငွေထည် ကျောက်မြက်ရတနာများ ပြည့်လျှမ်းရာဖြစ်၏။

မှန်ဗီရိုများအနှင့် ကြမ်းပြင်ပေါ်ဝယ် ရှေးဟောင်းပန်းအိုးကြီးများ ချထား၏။

ဘယ်ဘက်တွင် သူဖြတ်ပြေးခဲ့ရာ ကွက်လပ်အား ပြတင်းပေါက်မှ လှမ်းမြင်ရသည်။

အခန်းကို အကဲခတ်လိုက်သည်။ စာရွက်ဝှက်နိုင်ရာ ရှာဖွေကြည့်၏။

အစောင့်များ လမ်းလျှောက်နေသံကို ကြားရ၏။ အိတ်ထဲမှ ငွေစီးကရက်ကို ထုတ်လိုက်သည်။

ဆံပင်မည်းမည်းနှင့် ကေဂျီဘီရောက်လာမည်မှာ အချိန်မရွေးဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



စာရွက်ထုတ်၍ စီးကရက်ဘူးကို ပြန်သိမ်းသည်။ ဘာစောင့် တစ်ဦးက လေချွန်နေ၏။

ကာတာက လက်ဆောင်ပစ္စည်းများ ကြည့်နေဟန် ဆောင် လိုက်၏။

မကြာမီ အစောင့်က မမြင်ကွယ်ရာသို့ ရောက်သွားသည်။ စာရွက်အား ပန်းအိုးတစ်လုံးထဲသို့ ခပ်သေးသေးခေါက်ကာ ထိုးသွင်းလိုက်၏။

အခန်းထဲသို့ ကေဂျီဘီက ခပ်သွက်သွက်ဝင်လာသည်။ ကာတာကိုတွေ့သည့်အခါ ခြေလှမ်းနှေးလိုက်၏။

မန်ဒီရီ တစ်သုံးဆို့သို့ အရောက်ဝယ် ငံ့ကြည့်နေ ပြန် သည်။

ပန်းအိုးထဲ စာရွက်ထည့်လိုက်သည်ကို မည်သူမျှ မတွေ့ ကြောင်း ကာတာသေချာမိသည်။

ကုမ္ပဏီလှည့်ခရီးသည်တစ်ဦးနှင့် မီမီဟူပါလေဟု မျှော်လင့် ရင်း ပစ္စည်းများကို အတန်ကြာကြည့်နေရသည်။

ထို့နောက် အခန်းထဲမှ ပြန်ထွက်သည်။ လက်နက်ကိုင် အစောင့်အား ခေါင်းဆတ်၍ နှုတ်ဆက်၏။

ကြိုးလမ်းအရောက် ပြတင်းပေါက်မှတစ်ဆင့် အောက်ကွက် လပ်သို့ လှမ်းကြည့်၏။



ဝင်ပေါက်ဝယ် ကေဂျီဘီနှစ်ယောက် စောင့်နေဆဲ ဖြစ် သည်။

မီမီအား ချောင်ပိတ်မိပြီဟု ၎င်းတို့ မှတ်ယူနေပုံရှိသည်ဟု ကာတာထင်သည်။

လူကိုမိသည့်တိုင် စာရွက်ကိုတော့ ၎င်းတို့ရလိမ့်မည်မဟုတ်။ လျှို့ဝှက်စာရွက်သည် ဆွစ်ဇာလန်ဘဏ်တစ်ခုတွင် အပ်နှံထား သည်ထက် လုံခြုံနေလေပြီ။

စာရွက်ကို ယူသွားမည့် သူသည် ကာတာ အချိန်မီ မရောက်ပါက နှစ်ဆယ့်လေးနာရီ ထပ်စောင့်ရန် ညွှန်ကြားချက် ရပြီးဖြစ်သည်။

ကာတာအတွက်တော့ ကေဂျီဘီနှစ်ယောက်လက်မှ အသက် ရှင်လျက် လွတ်မြောက်ရန်သာ ကျန်တော့သည်။

အောက်ဆပ်သို့ ပြန်ဆင်းခဲ့သည်။ ကေဂျီဘီက နောက်မှ လိုက်လာသည်။

နားနေစဉ် အနောက်ဘက်တွင် ပင်မကြိုးလမ်းကြီးကိုတွေ့ ရသည်။

ထိုမှတစ်ဆက်တည်း ဝန်ထမ်းများ ဝင်ရာလမ်းကို မြင်နိုင် သည်။

၎င်းကြိုးလမ်းတို အဆုံးသို့ ကာတာဆက်လျှောက်သွား၏။ တစ်ဖက်သို့ကွေ့ကာ ငြိမ်နေလိုက်သည်။

ကေဂျီဘီ အမြေးရောက်လာသည်။ ဝန်ထမ်းဝင်ရာတံခါးမှ ကာတာထွက်သွားပြီဟု မှတ်ယူထားပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကာတာက ဖမ်းဆွဲပြီး နံရံဆီသို့ ဖိတွန်းလိုက်သည်၊ သူ့အားသတ်၍ ရသည်။

သို့သော် လျှို့ဝှက်စာကို ပြန်ယူရန် ရှိသေးသည်၊ ထိုအတွင်း ဤလူအသတ်ခံရပုံကို စူးစမ်းစုံစမ်းနေခြင်း အမြှုပ်မျိုးတော့ မကြုံလိုပါ။

'မင်းတို့ သိပ်နောက်ကျသွားပြီကွ၊ စာရွက်က ဝါရှင်တန်ကို သွားနေပြီ'

ကာတာက ကေဂျီဘီအား-နံရံတွင် ဖိကာမ်ရင်း ညာပြောလိုက်သည်။

ဆီးစပ်အထက်သို့ လက်သီးနှင့် တစ်ချက် ထိုးလိုက်သည်။ ကေဂျီဘီ၏ကိုယ်မှာ ကုန်းသွားသည်။

လည်ကုပ်သို့ လက်ဝါးစောင်းနှင့် ကာတာက ထပ်ခုတ်၏။ ကေဂျီဘီ ဒူးညွှတ်ကျသွားသည်။

ကာတာက ထွက်မည်အပြု ခြေထောက်ကို လှမ်းဆွဲသည်။ ကာတာပါ လဲကျသွားသည်။

'မင်းညာတာ'

ကေဂျီဘီက အံကြိတ်၍ပြော၏။

ကာတာ၏ မျက်နှာသို့ လက်သီးနှင့် လှမ်းထိုးသည်။ ကာတာကရှောင်သည်၊ ပြန်ထိုးသည်။ မျက်နှာသို့ထိကာ အော်ဟစ်ရင်း နံရံသို့ လန်ကျသွားသည်။

တစ်ပြိုင်တည်း ထရပ်မိကြသည်။ ကာတာ၏ လက်သီးက ကေဂျီဘီ၏မျက်နှာသို့ ဝင်သွား၏။ ကေဂျီဘီ၏ခေါင်းက ဘေးသို့လည်သွားသည်။



နံရံသို့ဝင်ဆောင့်ရည် ကာတာက ဝမ်းဗိုက်သို့ ထပ်ထိုး၏။ အတ်ခနဲ အသံနှင့်အတူ ဒူးညွှတ်ကျလာသည်။ ကာတာ၏ဖနောင့်က ကေဂျီဘီ၏ နားထင်သို့ရောက်ကာ ပွဲပြတ်သွားသည်။

သူတို့၏ တိုက်ခိုက်သံကို ကြားနိုင်မည့်သူ စင်္ကြံလမ်းတွင် ရှိမနေပါ။ ကာတာက စန်ဆင်း ဝင်ပေါက်တံခါးကို ဖွင့်ကြည့်သည်။

ထင်သည့်အတိုင်း သော့ခတ်ထားသည်။ စောင့်နေသော့တွဲကို ဆုတ်၍ ကြိုးစားနေသည်။ မိနစ်အတန်ငယ်ကြာမှ သော့ပွင့်သည်။

ကေဂျီဘီ၏ ညည်းသံကို ကြားလိုက်ရ၏။ သတိရလာပြီဖြစ်သည်။

ကာတာက တံခါးကို ဆွဲဖွင့်လိုက်၏၊ နေရောင်ခြည်က စူးရှစွာ အတွင်းသို့ တိုးဝင်လာသည်။

အဆောက်အအုံ၏ နောက်ဘက် ကားရပ်ရာ ကွက်လပ်ကလေးဆီသို့ ဆင်းသည်။

အငှားကားတစ်စီး ရပ်ထားရာ အဆောက်အအုံထောင့်သို့ လျှောက်သွား၏။

ကားသမားမှာ ထိုင်လျက် အိပ်ငိုက်လျက်ရှိသည်။ ကာတာက ပခုံးကိုလှုပ်၍နှိုးသည်။

'ဒယ်ထာလှန်နက်တီ ဟိုတယ်ကိုသွားမယ်'

ကားသမားက ကာတာပေးသည့် ငွေအထပ်လိုက်ကို ရေတွက်ကြည့်၏။ ပြီးမှ ပြုံးပြသည်။

'ကဲ - အမြန်ဆုံး မောင်းပေတော့'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ - ဆရာ - ဟုတ်ကဲ့'

ကားသမားက ဝင်ခံပေါက်ဆီသို့ ကားကို ဦးတည်သည်။ ကားထိုင်ခုံပေါ်ရှိ သတင်းစာကို ကာတာကယူ၍ ဖတ်နေ၏။ မျက်နှာကို ကွယ်ထားသည်။

အပြင်မှ တာဝန်ကျ ကေဂျီဘီအား ဘေးမှ ဖြတ်မောင်းထွက်ခဲ့ ဝယ် လှမ်းကြည့်သည်။

ပထမလတက် ပိုပုသည်။ သူက အငှားကားအား တစ်ချက်မျှသာကြည့်ကာ အဆောက်အအုံရှိရာသို့မျှော်၍ အဖော်အား စောင့်မျှော်နေသည်။

လီယာဇာဆန့် ဖီးယက်ထရီ ရင်ပြင်သို့ရောက်၍ မြစ်ရှိရာသို့ ကားဦးတည်ကာမှ ကာတာက သတင်းစာကိုချ၍ စိတ်သက်သာရာ ရမိသည်။

လိုဂတ်စာရွက်ကတော့ လုံခြုံမှုရှိနေပြီ။ သို့သော် နောက်တစ်နေ့ညနေ အဓိပြန်ယူရေးကို စဉ်းစားရပေဦးမည်။

★

အခန်း (၇)

ကာတာအတွက် စာရွက်သွားပို့မည့်သူအား နောက်တစ်နေ့ညနေ မရောက်မီ ဆက်သွယ်နိုင်စရာ လမ်းမရှိပါ။ ဆက်သွယ်ရန်လည်း အကြောင်းမမြင်။ ပြုတိုက်သည်။ သူထွက်လာပြီး တစ်နာရီမျှအကြာဝယ် ပိတ်လိမ့်မည်။ နောက်တစ်နေ့မနက်မှ ပြန်ဖွင့်မည်။

သို့ဖြင့် ညစာစားပြီးနောက်၊ ကာတာက ဟိုတယ်တစ်ခုသို့ ကပ်ပြောင်းသည်။

ဟိုတယ်အဟောင်းကိုတော့ ကေဂျီဘီက စောင့်ကြည့်နေလိမ့်မည်။ သူက ဝိုင်အရက်ကို ဇိမ်ဆွဲသောက်ရင်း စဉ်းစားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ဂျိုဝှက်စာ ဝှက်ထားရာကို လင်းယုန်ကြီးသိလျှင် သဘော ကျလိမ့်မည်။ ပြန်ယူနိုင်မည့် မြေပုံကိုလည်း သူဆွဲထားပြီးဖြစ် သည်။

ကာလအလွန်ရှည်လျားသည့် ဇာဂနာအစ်ချောင်းကို ဝယ် လိုက်သည်။ ဇာဂနာကို ပြတိုက်သို့သွက်၍ယူသွားရမည်။

ပန်းအိုးထဲမှစာရွက်ကိုညှပ်ထုတ်ရမည်၊ ပြတိုက်ဖွင့်သည်နှင့် အရောက်သွားရမည်။ ထိုအချိန်ဝယ် လူရှင်းလှသည်။

ထိုအစီအစဉ်ကိုသုံးသပ်အပြီးဝယ် မိန်းကလေးတစ်ယောက် က သူ၏စားပွဲသို့လျှောက်လာကာ ဝင်ထိုင်၏။

သူမအား ကာတာက လှမ်းကြည့်သော်လည်း စိတ်က ပြတိုက်ဆီသို့သာရောက်နေသေး၏။

သူမမှာ အပျော်မယ်လေးတစ်ယောက်ဖြစ်သည့်မှာ ထင် ရှားလှ၏။

ပိန်သည်၊ ဆံပင်ရှည်ရှည် မည်းမည်းရှိသည်။ ဒိတ်ကပ်ကို ထူထူလိမ်းထားသည်၊ အလွန်တိုသောစကတ်နှင့် အစင်းကြား ခေါင်းစွပ်အင်္ကျီကို ဝတ်ဆင်ထား၏။

'ဟိုင်း....ဂျော်နီ၊ ရှင်က အမေရိကန်က ဟုတ်လား'

'အေး'

'အပျော်မယ်လေး ရှာနေတယ်ထင်တယ်'

'ခုတော့ မရှာပါဘူးကွာ'



ကာတာမှာ လမ်းပေါ်မှ အပျော်မယ်များကို ရှောင်သူ ဖြစ်သည်။ သူ့အတွက်တော့ ရုပ်ကောင်ကိုယ်ပါ ကျန်းမာသည့် အမျိုးသမီးများကိုသာ နှစ်သက်၏။

'သေချာရဲ့လားရှင်'

'သေချာပါတယ်ကွာ'

'ဒီမှာ ရှင်ဘာလဲဆိုတာ ကျွန်မသိတယ်၊ ရှင်ဟာ အမေရိ ကန် ရဲတစ်ဦးပဲ'

ကာတာက သူမအား စေ့စေ့ကြည့်လိုက်သည်။

'ဘာဖြစ်လို့ ဒီလိုထင်ရတာလဲကွ'

'ဟုတ်ပါတယ်၊ ရှင်ဟာ ရဲပါ၊ ကျွန်မသိပါတယ်၊ ရှင်ဟာ ရောမရဲတွေနဲ့ တွဲလုပ်နေတာ မဟုတ်လား'

'ငါက ရဲမဟုတ်ပါဘူး'

သူမက အားပါးတရ ပြုံးလိုက်သည်။

'ဒီမှာ ရှင် သဘောကျမယ့်လူမျိုး ကျွန်မဆီမှာ ရှိပါ တယ်။ သေး....ဂျိုနာ....လာပါဦး'

ကာတာက ပါးစပ်မဟနိုင်မီမှာပင် သူမက မိန်းကလေး တစ်ယောက်ကို လှမ်းခေါ်သည်။

အခေါ်ခံရသူက စားပွဲဆီသို့ တုံ့ဆိုင်းဆိုင်းနှင့် လျှောက် လာပြီး ကာတာအားအကဲခတ်သည်။ သူမမှာ အပျော်မယ် နှင့်မတူ။ ထို့အပြင် ချစ်စရာကောင်းလှသည်။

www.burmeseclassic.com

www.burmeseclassic.com



ပထမမိန်းကလေးက ဂျီနာအား ဘေးခုံသို့ပုတ်ပြကာ ထိုင်စေသည်။ ထို့နောက် ကိုယ်ကိုသွတ်၍ ခပ်တိုးတိုးပြောသည်။

'ဂျီနာက အင်္ဂလိပ်စကားတတ်တယ်၊ အမေရိကန်တွေကိုလည်း သဘောကျတယ်၊ သူနဲ့ရှင် စကားပြောချင်တယ်မဟုတ်လား'

ဂျီနာက ပထမ မိန်းကလေးအား စကားပြောရန်ပြင်ပြီးမှ ဝင်ထိုင်ရှာသည်။

'ဂျီနာက မလှဘူးလားရှင့်'

ပထမမိန်းကလေးက ဂုဏ်ယူစွာမေးသည်။

'နင်....တော်တော့ဟာ'

ဂျီနာက ထရပ်ဟန်ပြုသည်။

'တွေ့ရတာ ဝမ်းသာပါတယ်ဂျီနာ၊ ကိုယ့်နာမည်က နစ်တဲ့၊ တို့နဲ့အတူ ထိုင်ပါဦး'

ကာတာ၏ ဖိတ်ခေါ်မှုကြောင့် ဂျီနာမှာ တွန့်ဆုတ်ဆုတ်ဖြစ်နေသည်။ ထို့နောက် စိတ်မသက်သာပုံနှင့် ပြန်ထိုင်၏။

သူမ၏ရုပ်သွင်က ချောမောလှသည်။ မီလန်နီနှင့်ဗစ်ဆောင်ဇာဒေသ သူတို့၏ ဆံပင်အညိုရောင်မျိုးရှိသည်။ မျက်လုံးကမဲညိုသည်။ ပါးစပ်ကျယ်ကျယ်က အာရုံခံစားနိုင်ပုံရသည်။ ကိုယ်လုံးကိုယ်ထည်က အတော်ပင်လှပသည်။



'ဂျီနာရဲ့ မောင်နှမဝမ်းကွဲတွေက အမေရိကန်မှာရှိတယ်'

အပိုင်နှမက ဂျီနာ၏ စိတ်မသက်သာမှုကို ဥပေက္ခာပြုကာ စကားဆက်သည်။

'အမေရိကန်တွေနဲ့ သူက စကားပြောဘော်တယ်၊ သူပြောပြပါလိမ့်မယ်'

အပိုင်နှမက ထရပ်သည်။ ကာတာအား မျက်ခုံးချီကာ ကြည့်ပြီး ထွက်သွားတော့သည်။

'ကဲ....ဘယ်လိုလဲကွ'

ဂျီနာက ကြိုးစား၍ ပြုံးပြသည်။

'ရိုဆာက ကျွန်မကို အမျိုးသားတွေနဲ့ သိပ်မိတ်ဆက်ပေးချင်တာ၊ ကျွန်မဟာ အထီးကျန်လွန်းတယ်လို့ သူက ထင်နေတယ်'

'ဟုတ်ကော ဟုတ်ရဲ့လား'

သူမက ကွက်ခနဲ လှမ်းကြည့်သည်။ သို့သော် ကာတာ၏ အကြည့်ကိုမူ ရင်မဆိုင်။

'လူတိုင်းဟာ တစ်မျိုးနဲ့တော့ အထီးကျန် နေကြတာပဲ မဟုတ်လား'

'မှန်တာပေါ့ကွာ'

သူ၏ လယ်ဝန်းအတွက်တော့ မှန်လှကြောင်း ကာတာတွေးမိကာ ဝန်ခံမိသည်။

www.burmeseclassic.com

www.burmeseclassic.com



'မင်းက ဒီမှာ အလုပ်လုပ်တာလား ဂျိနာ'

'စားပွဲထိုးလို အလုပ်မျိုးပါ၊ ဒါပေမယ့် အလုပ်နဲ့ တွဲပြီးတော့ ယောကျ်ားတွေနဲ့ အိပ်တာမျိုး မလုပ်ပါဘူး'

သူမက နောက်ဆုံးစကားကို ခပ်ငေါ့ငေါ့လေးနှင့် ဂရုတစိုက်ပြော၏။

'မင်း သူငယ်ချင်း ရှီဆာကတော့ ကိုယ့်ကို ရဲလို့ ထင်နေတယ်၊ မဟုတ်ပါဘူးကွာ'

'ဟုတ်လဲ အကြောင်းမထူးပါဘူးရှင်'

'အဲ...မင်းအတွက် အရက် ဝယ်တိုက်ပါရစေ'

ဂျိနာက ကာတာ၏ မျက်လုံးများထဲသို့ စိုက်ကြည့်လိုက်သည်။

'သောက်ချင်ပါတယ် နော်၊ ဒါပေမယ့် ခုနက ကျွန်မ ပြောခဲ့သလို ကျွန်မဟာ ကြေးစားမိန်းကလေး မဟုတ်ဘူးနော်'

ကာတာ ပြုံးပြ၏။

'ကိုယ်ကလဲ မဆင်ပါဘူးကွာ၊ ကဲ...ဘာသောက်မလဲ'

ကာတာ စားပွဲထိုးအား လှမ်းခေါ်၏။ သူမ သောက်လိုရာကို မှာသည်။

သူတို့ စကားပြောဖြစ်ကြ၏။

ကာတာက သူသည် အမေရိကန်သံရုံးသို့ ရောက်လာသော အစိုးရဝန်ထမ်းဖြစ်ကြောင်း ပြောပြသည်။



'အမေရိကားက ဘယ်မြို့မှာ ရှင်နေတာလဲ'

'နယူးယောက်မှာပါ'

'အဲဒီကို ကျွန်မ သိပ်ရောက်ချင်တာပဲ၊ ရှီဆာ ပြောသွားတဲ့ ကျွန်မရဲ့ ညီမဝမ်းကွဲလဲ နယူးယောက်မှာနေတယ်၊ စားသောက်ဆိုင်တွေ၊ လက်ဖက်ရည်ဆိုင်တွေအကြောင်း သူက အကောင်းသိပ်ပြောတာပဲ၊ သူပြောသလို ဟုတ်ရဲ့လား'

'အင်း...သူ့နည်းသူ့ဟန်နဲ့တော့ ဟုတ်ပါတယ်၊ ဒါနဲ့ မင်း ဒီမှာ အလုပ်လုပ်တာ ဘယ်လောက်ကြာပြီလဲ'

'မကြာသေးပါဘူး၊ အခန်းခ ကြွေးရှင်းလောက်ပါ'

သူမက မျက်လွှာချလိုက်၏။

'အခန်းကို ခုပဲ ကျွန်မ ပြန်တော့မှာ၊ ဒီည လူသိပ်မကျဘူး၊ ကျွန်မအတွက် အလုပ်မရှိတော့ဘူး၊ ရှင် ထပ်သောက်ဖို့ လိုက်ချင်လိုက်ခဲ့လေ'

'သိပ်လိုက်ချင်တာပေါ့ကွာ'

ကာတာက အငှားကားတစ်စီးခေါ်၍ ဂျိနာ၏ အခန်းသို့ ထွက်ခဲ့ကြ၏။

အဆောက်အအုံက မသားနားလှ။

သူတို့က ဂျိနာ၏ အခန်းရှိရာ ငါးထပ်သို့ လှေကားမှ တက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တတိယထပ်အရောက်ဝယ် ကာတာက သူမအား ဖက်၍ အသာလေး နမ်းလိုက်သည်။

သူမ၏ နှုတ်ခမ်းအစုံမှာ နူးညံ့၍ နွေးထွေးလှသည်။ တုံ့ပြန်မှုလည်း ရှိ၏။

အခန်းသို့ ရောက်သည့်အခါ ဝိုင်အရက်သောက်ရင်း စကားပြောကြသည်။

ရောမမှ မြေအောက်ရာဇာဘစ်ဦးဖြစ်သည့် ဘီယိုဗန်နီဖာရယ်လီ၏ မိန်းမဖော်ဖြစ်ခဲ့ရသည့် ကာလအကြောင်းကို ပြောပြသည်။

ဖာရယ်လီသည် သာမန် ဖောက်ထွင်းရေးသမားမှ အိမ်နှင့် မြေများ ပိုင်ဆိုင်သည့် သန်းကြွယ်သူဌေးဖြစ်ခဲ့သည်။ သူမအပေါ်တွင်တော့ နှိပ်စက်လှသည်ဟု ဂျီနာက ဆိုသည်။

'အဲဒါက အတိတ်ကပါ။ ခုတော့...ဖာရယ်လီလိုယောကျ်ားမျိုးနဲ့ ဝေးဝေးရှောင်တယ်။ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ပြီး ဘဝကို လျှောက်နေတာပဲ'

သူမ၏ အပြုံးက ကာတာကို ရင်ခုန်စေသည်။

ကိုယ်ကို ညွတ်၍ သူမ၏ ပါးပြင်အား ငုံ့နမ်းမိသည်။

သူမက ကာတာ၏ မျက်လုံးများထဲသို့ အတန်ကြာ စိုက်ကြည့်နေ၏။

သူမက ထရပ်ပြီး မီးလုံးတစ်လုံးမှလွဲ၍ ပိတ်ပစ်သည်။

အဝတ်အစားကို ချွတ်သည်။



'ကျွန်မကို ချစ်လိုက်စမ်းပါတော့ နစ်ရယ်'

ကာတာ၏ ကုတ်အင်္ကျီအချွတ်ဝယ် သေနတ်ကို သူမ တွေ့သွားသည်။

'ရှင်ဟာ ရဲပဲ'

'မဟုတ်ပါဘူးကွာ၊ ကိုယ် အမှန်အတိုင်း ပြောခဲ့တာပါ'

သူ၏ အပွေ့အဖက်သည် ဂျီနာအား သေနတ်ကို မေ့လျော့သွားစေသည်။

* * *

သူ့ဘဝအတွက် ဘိုပ်(စ်)အဖွဲ့ကြီးသာလျှင် သူ၏ ကြင်ဖော် ဖြစ်သည်။

မည်သည့် အမျိုးသမီးကမျှ သူ့အလုပ်အား အနှောင့်အယှက် အဖြစ်မခံနိုင်။

သို့သော်... တံခါးလက်ကိုင်ကို ကိုင်လိုက်စဉ် သူမ၏ တားမြစ်မှုကို မခံရခြင်းအတွက် စိတ်မသက်သာမိ။

www.burmeseclassic.com

www.burmeseclassic.com



တမ်းတစွာဖြင့် သူမအား နောက်သို့ အကြိမ်ကြိမ် ပြန်လှည့် ကြည့်လိုက်သည်။

သူမ၏ ခပ်ဟဟဖြစ်နေသော နှုတ်ခမ်းအစုံမှ စကားသံက ထွက်မလာ။

အလက်မှန်မှန် ရှုနေသည့်အတိုင်း ရင်အစုံက နိမ့်ချည် မြင့်ချည် ဖြစ်လျက်ရှိသည်။ အပြင်သို့ ထွက်ပြီး အသာ ပြန်ပိတ်လိုက်သည်။

ကျွန်ုပ်အား စိတ်ထဲမှ ဖျောက်ပစ်ရမည့်အချိန်ပင် စာရွက်ကို ပြန်ယူရေး၊ မည်သူမျှ မသိဘဲ လက်ဝယ် ရရှိရေးအတွက် ဂရုစိုက်ရမည်။ စာရွက်ကို ပြန်ယူချိန်၌ မိသွားပါက အရှုပ်အထွေးများ ရှိလာတော့မည်။

အရေးအကြီးဆုံးမှာ ထောက်လှမ်းရေးသမားတစ်ယောက်အတွက် သေခြင်းမှ တစ်ပါး လူသိရှင်ကြား သိမြင်သွားခြင်းမှာ အဆိုးဝါးဆုံး ဖြစ်ပါသည်။

မိမိမည်သူမည်ဝါဖြစ်ကြောင်းသိသွားနိုင်စရာမှာ အန္တရာယ်တစ်ခုပင်။ စာရွက်ကို ပြန်ယူစဉ် အီတလီရဲများ မိသွားပါက သူ့အပေါ် အမိအရ ချည်ပြီး တွတ်ပြီးဖြစ်အောင် လုပ်ပေလိမ့်မည်။

ဤစာရွက်သည် အမေရိကန်ပြည်ထောင်စုပိုင်ဖြစ်ကြောင်း အာဏာပိုင်တို့အား သက်သေပြနိုင်သည့်တိုင် ထိုလျှို့ဝှက်ချက်မှာ လျှို့ဝှက်ချက် မည်တော့မည် မဟုတ်။



မည်သည့် အီတလီရဲတပ်ဖွဲ့ဝင်မဆို ငွေပုံအားမည့် လူတစ်ယောက်အား ထိုလျှို့ဝှက်စာကို ရောင်းလိမ့်မည်မှာ သေချာလှသည်။

ထို့ အပြင် ယင်းစာရွက်ရှိနေရာကို ရုရှားတို့ သိပါက သူမယူနိုင်မီ လက်ဝယ် ပိုင်ဆိုင်နိုင်ရေးကို နည်းလမ်းရှာဖွေတော့မည်။

ပန်းအိုးထဲမှ စာရွက်ကို ပြန်ယူရေးမှာ သူ၏ အဓိက အလုပ်ဖြစ်သည်။

ထိုမှတစ်ပါး အရာရာသည် ဒုတိယအဆင့်သာ ဖြစ်သည်။ အိပ်ရာမှ ခေါ်ခေါ်ဆဲခဲ့၍ စာကြည့်တိုက် ဖွင့်ချိန်အမီ ရောက်သွားနိုင်၏။

ဗာတီကန်ဝင်ပေါက်အနီးသို့ ရောက်သည့်အခါ ပီယာ ကာဆန် ပီယက်အရှိရှင်ပြင်ဝယ် လူအုပ်ကြီးတစ်အုပ် ရှိနေသည်ကို သတိပြုမိလိုက်သည်။

ခါတိုင်းဆို ထိုသို့ မဟုတ်။ ပုတ်ရဟန်းမင်းကြီးသည် သူ၏ ……တိုက် လသာဆောင်မှထွက်ကာ စောင့်ဆိုင်းနေသော လူအုပ်အား ဆုတောင်းပေးသည့်အမှု ခကြာခဏ ရှိခဲ့သည်။ သို့သော် ယနေ့မနက်ဘွင်တော့ ကမ္ဘာလှည့် ခရီးသည်များနှင့် ရောမလူထုမှာ ခါတိုင်းထက်ပို၍ များပြားလျက်ရှိသည်။

www.burmeseclassic.com



ကာတာက လူအုပ်ကြားထဲ တိုးဝင်လိုက်သည်။

ဦးခေါင်းတို့က ပုတ်ရဟန်းမင်းကြီးရုံးခန်းရှိ ပြတင်းပေါက်ဆီသို့ လည်တဆန့်ဆန့် ဖြစ်နေသည်။

လူအုပ်၏ ဘေးဖက်စွန်းသို့အရောက် အော်ဟစ်ပြောသံတစ်ချက်နှင့်အတူ လူအုပ်မှာ ငြိမ်ကျသွား၏။

ကာတာက ရပ်လိုသည်။ လသာဆောင်ဆီသို့ မော့ကြည့်သည်။

အဖြူရောင်ဝတ်ရုံရှည်နှင့် ပုတ်ရဟန်းမင်းကြီး ပေါ(ပ)က လသာဆောင်ပေါ်သို့ ဝင်လာ၏။

ရဟန်းမင်းကြီးက ကောင်းချီးပေးသလို လက်မြှောက်လိုက်သည်။

သို့သော် စကားမစမီပင် စူးရှသောအသံတစ်ခုက လေထုကို ဖြတ်သန်းသွား၏။

ကားအိပ်ဇော ပေါက်ကွဲသံဟု ကာတာထင်လိုက်မိသည်။ မဟုတ်ပါ။

မှန်များကြေကွဲသွား၏။ ရဟန်းမင်းကြီး၏ ပြတင်းပေါက်မှန်က ကွဲသွားသည်။

အော်ဟစ်သံတို့ များလာသည်နှင့်အတူ လူအုပ်များထိတ်လန့်မိသည်။



ကျည်ဆန်များ မည်သည့်ဘက်ကလာသနည်းဟု ကာတာက အရပ်လေးမျက်နှာကို လှမ်းမျှော်ကြည့်၏။

ကျည်ဆန်များမှာ ရဟန်းမင်းကြီးကို ရည်ရွယ်ခြင်းသာဖြစ်သည်။

လက်မအနည်းငယ်မျှ လွဲချော်ခဲ့၏။

'ရဟန်းမင်းကြီးကို ပစ်တာဟေ့'

'ရဟန်းမင်းကြီးကို တစ်ယောက်ယောက်တော့ လုပ်ကြပြီ'

လူများမှာ ဗာတီကန်ဝင်ပေါက်များဆီသို့ စတင်ပြေးလျက်ရှိ၏။

ကြောက်လန့်တကြား အော်ဟစ်သံတို့က လွှမ်းမိုးနေသည်။ မှန်ကွဲစတို့က ပို၍လွင့်စဉ်ကျလာ၏။

သို့သော် လူအများစုမှာ ဝင်ပေါက်များဆီသို့ ပြေးနေကြပြီဖြစ်သည်။

လသာဆောင်ဆီသို့ ကမျာကယာ မော့ကြည့်လိုက်၏။ လသာဆောင်သို့ ဝတ်ရုံဝတ်နှစ်ဦး ရောက်လာသည်။

ရဟန်းမင်းကြီးအား ၎င်းတို့ ဖေးမ၍ဆွဲ၏။ ရဟန်းမင်းကြီးမှာ ထိခိုက်ဒဏ်ရာရပုံမပေါ်။

သို့သော် မျက်နှာမှာ သွေးဆုတ်လျက်ရှိကြောင်း ကာတာမြင်နေရ၏။

www.burmeseclassic.com

www.burmeseclassic.com



ကာတာ၏ နောက်ဘက် လူအုပ်ကြားမှ အသံတစ်သံထွက်လာသည်။

နောက်သို့ လှည့်ကြည့်လိုက်၏။ ရင်ပြင်မှ အမည်းရောင်ဇိမ်ခံကားကြီးတစ်စင်း အပြင်းမောင်းနှင်သွားသည်ကို မြင်လိုက်ရရှိသည်။

တိုက်ဆိုင်မှုပေလော။ သို့မဟုတ် လုပ်ကြံသူ လာသွားခြင်းပေလော။

မည်သည့်အတွက်ကြောင့်မှန်းမသိဘဲ ဗာတီကန် စာကြည့်တိုက်ရှိရာဘက်သို့ ကာတာလှမ်းကြည့်လိုက်မိ၏။

ရဟတ်ယာဉ်တစ်စီး အဆောက်အအုံ၏ နောက်ဘက်သို့ ဆင်းကာ ပျောက်သွားသည်ကို မြင်မိသည်။

အမေရိကန်ခေလတပ်သုံး စကိုင်းဘူ(ခ) ရဟတ်ယာဉ်အမျိုးအစားဖြစ်၏။

လူအုပ်ကြားမှ စာကြည့်တိုက် ရှိရာသို့ အတင်းတိုး ထွက်သည်။

ကွက်လပ်ကြီးအကျယ်သို့ ရောက်သည့်အခါ ရဟတ်ယာဉ်ကိုပြန်မြင်ရ၏။

ဗာတီကန် စာကြည့်တိုက်ပေါ်သို့ တဖြည်းဖြည်းဆင်းလျက်ရှိသည်။



တစ်စုံတစ်ခုတော့ အကြီးအကျယ် မှားယွင်းနေပြီဟု သိလိုက်သည်။

ကာတာ ပြေးတော့သည်။ ရင်က တဒိန်းဒိန်းခုန်နေ၏။ ပြတိုက်အဝင်အသို့ အရောက်မှာ ရင်ခုန်နှုန်းက ကြီးမားလှသည်။

ဗာတီကန် စာကြည့်တိုက်ရှိ အစောင့်နေရာ များဝယ် အစောင့်များ မရှိနေပါ။

ဖီကိုလန်ဘ်ကြား အချင်းဖြစ်ပွားရာသို့ ပြေးလာနေကြသည်။

ရဟတ်ယာဉ်ကြီးရှိခဲ့ရာ လသာဆောင်သို့ ကာတာ ပြန်လှမ်းကြည့်၏။

မည်သူမျှမရှိတော့။ လုပ်ကြံမှု၏သာဓကအဖြစ် မှန်ကွဲသွားသည့် ပြတင်းပေါက်သာလျှင် မြင်ရသည်။

အစောင့်များ နေရာအနှံ့ ရှာဖွေမှုကိုပြုနေကြ၏။ ၎င်းတို့ မည်သည့်သဲလွန်စကိုမှ ရမည်မဟုတ်ဟု ကာတာက သိသည်။ ပို၍သာ ရှုပ်ထွေးလာပေလိမ့်မည်။

နောက်ထပ် အမည်းရောင် ဇိမ်ခံကားတစ်စီး ရောက်လာပြန်သည်။

ကျောက်တိုင်ကြီး တစ်တိုင်နောက်သို့ ကာတာ ကွယ်ချပ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



စာကြည့်တိုက်ဝင်ပေါက်နှင့် သိပ်မဝေးလှသော နေရာတွင် ကားက အရှိန်မြင့်မြင့်မောင်းလာပြီး ထိုးရပ်လိုက်၏။

လူကောင်ထွားထွားနှစ်ယောက် ခုန်ဆင်းကာ စာကြည့်တိုက်သဲသို့ ခပ်သုတ်သုတ် ဝင်သွားကြ၏။

ထိုအချိန်မှာပင် ရဟတ်ယာဉ်၏ ဝမ်းဗိုက်အပေါက် ပွင့်လာ၏။

လှုပ်လှုပ်ရွရွ ပုံစံများကို ကာတာတွေ့လိုက်သည်။

ကားမောင်းသူ၏နေရာဝယ် လူတစ်ယောက် ရှိနေ၏။ ကားက ဆက်ခနဲအရှိန်တင်ကာ မောင်းသွားသည်။

ကားမောင်းသူကို အကဲခတ်ခွင့် မရလိုက်။ ကားနံပါတ်ကို အာရုံစိုက်ကြည့်သည်။

ကားခုပ်သွားသည့်တိုင် ကားနံပါတ်ကိုမြင်ရုန် အိတ်(စ်) ရေး ခုတ်မန်ရောင်ခြည်သုံးမှသာ ဖြစ်ပေလိမ့်မည်။ အဝတ်မည်း တစ်ခုနှင့် ဖုံးကွယ်ထားရှုဖြစ်သည်။

အဝေးတွင် ကားပျောက်သွားသည်နှင့် ကာတာက စတင် လှုပ်ရှား၏။

အတွင်းသို့ လမ်းဝင်ကာ အကဲခတ်ကြည့်သည်။ မကြာမီက အဖြစ်ကို သွေ့ခြောက်ဆိုရေးအဖွဲ့ဝင်များ တိုးတိုးကြိတ်ကြိတ်ပြော ဆိုနေကြ၏။



ကားပေါ်မှဆင်းလာသည့် ပုဂ္ဂိုလ်နှစ်ဦးကိုမှ မမြင်မိ၊ ဝန် မျှ.ကသည် ၎င်းတို့အား မြင်လိုက်မိကြပုံမပေါ်။

ဒုတိယထပ်သို့ တက်ရာ လှေကားဆီသို့ ကာတာ ခြေလှမ်း ဘွဲ့ သေနတ်သံနှစ်ချက် ထွက်ပေါ်လာသည်။

အိတ်(စ) အဖွဲ့ကြီးသည် သေနတ်နှင့် ဆိုင်ရာအချက်များကို အား အပြင်းအထန် သင်ကြားပေးခဲ့ပြီးဖြစ်သည်။

ယခု သေနတ်သံမှာ ဘု လွှိုင်ဂုက်စာရွက် ၎က်ဘားရာအခန်း ကြောင်း နှမ်ကြိမ်မစဉ်းစားရဘဲ သိလိုက်၏။

လှေကား နှစ်ထစ်ကျော်ခုန်တက်တာ သေနတ်ကို ဆွဲထုတ် ပြီး သေနတ်မောင်းတွင်းထဲသို့ လက်ကို အဆင်သင့်သွင်း းသည်။

ဒုတိယထပ်သို့အရောက်ဝယ် သူ့ အစိုးရိမ်ဆုံးအဖြစ်က အမှန် ကယ်ဖြစ်လျက်ရှိ၏။

ယူနီဖောင်းဝတ် အစောင့်တစ်ဦးမှာ သွေးအိုင်ထဲတွင် လဲ သည် သေမသေကို စစ်ဆေးကြည့်ရန်ပင် မလိုတော့ပါ။ ပြခန်း၏ ဝက်သစ်ချသား တံခါးကြီးများ အတွင်းမှပိတ် းသည်ကိုတွေ့လိုက်ရသည်။ ကာတာရှေ့ သို့ပြေးသွား၏။ နတ်ကိုသုံးသည့်တိုင် အချိန်မီတော့မည်မဟုတ်။ တံခါးမှ သော့ချက်လည်သွားသံကိုသာ ကြားလိုက်ရသည်။ တာက သေနတ်နှင့်ပစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သော့အိမ်ခန်းကျင်ရှိသစ်သားဇကို ဖွာခန့်လှုင့်စဉ်သွား
ကြုံ၏တစ်ဖက်ထိပ်မှ သေနတ်သံတစ်ချက်ကို ကြားလိ
ပြန်သည်။

ပြခန်းမှာအတွင်းဘက်မှ သော့ခတ်ထား၍ အပြင်မှဝ
မနိုင်တော့ သေချာစွာအစီအစဉ်ဆွဲ၍ ကျမ်းကျင်သော
ရပ်သာဖြစ်သည်။

အတွင်းသို့ဝင်နိုင်ရန် နည်းလမ်းကို ကာတာ ရှာကြည့်
နောက်မှ ခပ်အုပ်အုပ်အသံကိုကြားလာရ၏။ သူ့အတွက်အ
မသာတော့ နောက်သို့ ချာခနဲ လှည့်ကြည့်လိုက်သည်။

ကမ္ဘာလှည့်ခဲ့သည်သုံးဦးကိုတွေ့ရ၏။ ရှပ်အင်္ကျီကို အ
ထပ်ဝပ်ထားသည့် အမျိုးသမီးကြီးက ကာတာ၏ လက
လက်ကိုင်သေနတ်ကိုကြည့်ပြီး စတင်သစ်အော်တော့၏။

သူမ၏အော်သံက ကာတာအား သက်ဝင်လှုပ်ရှားစေခဲ့
ပြတင်းပေါက်များဆီသို့ တစ်ဟုန်ထိုးပြေးသည်။ ပြတင်းပေါ
တစ်ခုကိုဖွင့်၍ အပြင်သို့ လှမ်းကြည့်၏။

ကိုက်သုံးဆယ်မျှအကွာဝယ် အချင်းဝက် လေးပေအ
လေးပေအမြင့်မျှရှိ သတ္တုပုံးကြီးတစ်လုံးကို ရဟတ်ယာ
သံမဏိဖြစ်ကြောင်း ကာတာသိလိုက်သည်။

ရဟတ်ယာဉ်၏ဝမ်းဗိုက်ပိုင်းကိုလည်း အလားတူကာတ
ကြောင်းကိုပါ တစ်ဆက်တည်း သိလိုက်ရပြန်၏။



အဖြစ်မှန်ကို တွက်ဆသိလိုက်၏။ ရဟန်းမင်းကြီးအား
နတ်နှင့်ပစ်ခြင်းမှာ လှည့်ကွက်သာဖြစ်၏။ လူအများရှုတ်ရှက်
သနှင့်ဒရာရုံပြောင်းစေရန်ဖြစ်သည်။

ဟန်းမင်းကြီးအား မည်သူမျှလုပ်ကြံခြင်းမဟုတ်၊ ရည်ရွယ်
အစစ်အမှန်မှာ ဗာကီ စာကြည့်တိုက်ပြခန်းရှိ ရှေးဟောင်း
ာက်မျက်ရကနာများကိုယူရန်သာဖြစ်သည်။

ကမ္ဘာလှည့် အမျိုးသမီး၏အော်သံက အခြားသူများ၏
ရုံကို ဆွဲယူလိုက်သည်။

ကာကာတ နောက်သို့ လှည့်ကြည့်ကာ လက်ဆမ်းပြ၍
ေးသို့ဖယ်ရှားစေသည်။

သူတို့၏အသွင်က တစ်မျိုးတစ်ဖုံပြောင်းလဲသွား၏။ ကာတာ
ပိတ်ထားသေးတံခါးများဆီသို့ ပြန်လျှောက်သွားကာနား
၍ အသံကို နားထောင်ကြည့်သည်။

မန်ကွဲသံများကြားရသည်။ မှန်ဗီရိုများကို ရိုက်ခွဲနေကြဟန်
သည်။

မကြာမီ အဖိုးမဖြတ်နိုင်သည့်ရတနာများ ပါသွားပေတော့

က်သည်က ပန်းအိုးထဲတွင် သူဝှက်ထားရာ စာရွက်
းမည်က သူ့အတွက်အဓိက ဖြစ်နေပါ၏။

www.burmeseclassic.com



ပြတိုက်၏တစ်နေရာမှ အချက်ပေးခေါင်းလောင်းသံပေ
လာသည်။

သို့သော် အီတလီ သမိုင်းကြောင်းဝယ် အကြီးမား
လုယက်မှုကိုတားဆီးရန် မည်သူမျှ ရောက်မလာကြ။

လုယက်သူတို့၏ ပီပြင်သောလုပ်ဆောင်ချက်အားကာ
ချီးကျူးမိသည်။

'အစောင့်တွေကိုသွားခေါ်စမ်း'

ကာတာက အနီးရှိ မျက်လုံးအပြူးသားပါးစပ်အဟော
သားနှင့် လူရွယ်တစ်ယောက်အား အော်ပြောသည်။

လက်ကလည်း လှေကားဆီသို့ တွန်းလွှတ်သည်။

'ဟုတ်ကဲ့...ဟုတ်ကဲ့'

ထိုသူက လူများကြားမှ တိုးဝှေ့ထွက်သွား၏။ လည်
တွင် လွယ်ထားသည့် ကင်မရာတို့မှာ လှုပ်ယမ်းလျက် ရှိ

'ပုတ်ရဟန်းမင်းကြီးရဲ့ လက်ဆောင်ပြခန်းကို လူခိုးတွေ
ခိုးနေတယ်လို့ပြောလိုက်'

ကာတာက နောက်မှ အော်ပြောလိုက်၏။

သူ၏ အရေးတကြီး ပြောဆိုသံကြောင့်လော၊ အင်္ဂလိ
စကားနှင့်ပြောချ်လောမသိ၊ ဧည့်သည်ပရိသတ်မှာ ငြိမ်ရှ
ဆိတ်သွားကြ၏။



ရင်းတို့အား အန္တရာယ်ကင်းရာလှေကားဆီသို့ ကာတာက
နောက်ဆုတ်စေသည်၊ ကာတာ၏သေနတ်ကိုမြင်၍ အော်ခဲ့
သည့် အမျိုးသမီးသည်ပင် ငြိမ်သက်လျက်ရှိ၏။

ပိတ်သားသော တံခါးများဆီသို့ ကာတာက မြန်အာရုံ
စိုက်သည်။

သော့အိမ်အထက်ဝယ် သူပစ်ခဲ့သော ကျည်ဆန်ကြောင့်
သစ်သားများဖွာထွက်နေသည်ကို တွေ့ရ၏။

သော့အိမ်မှာ တချက်တည်းနှင့် အရာရောက်မည့်ပုံမရှိ၊
တစ်ချက်နှစ်ချက်မျှ ထပ်ပစ်ရဖွယ်ရှိ၏၊ ကာတာတချိန်၍ သုံး
ချက် ဆက်တိုက်ပစ်လိုက်၏။

သော့အိမ်က ပြုတ်ထွက်သွား၏။ တံကြည့်ခန်း၏တံခါးဆီ
သို့ ထပ်ပစ်သည်။

သူ၏နောက်မှ အခြားအမျိုးသမီးငယ်တစ်ယောက်၏အော်
သံက ထွက်လာ၏။

ခရီးသည်တို့မှာ ဝင်ပေါက်ကြိုးလမ်းရှိရာ လှေကားသို့
ကြောက်လန့်တကြား ပြေးကြတော့၏။

ရင်းတို့အတွက် အန္တရာယ်ကင်းပြီဖြစ်သည်။ ကာတာက
နောက်သို့ ခြေတစ်လှမ်းဆုတ်အားယူကာ တံခါးအားဆောင့်
ကန်ဖွင့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



တိက်ကျွန်ဒိုသည် အာတာဘိသချ ကိုယ်လုံးပညာရပ်များ ယဲတွင်တော အသုံးဝင်လှ၏။ အပ်ချာကီခေါ် ဤကနဲချက်ကြောင့် တံခါးက ဝုန်းခနဲ ပွင့်သွား၏။

ကားပေါ်မှ ဆင်းလာသည့် လူထွားနှစ်ယောက်ကို တွေ့လိုက်ရ၏။

အချိန်မှာ နာရီပေါင်းများစွာ ကြာခဲ့ပုံရသည်။

သို့သော် ထိုလူနှစ်ဦးနှင့် ရဟက်ယာဉ်တို့ ရောက်လာသည်မှာ ဆယ်မိနစ်၊ ဆယ့်ငါးမိနစ်ထက် ပိုများပုံ မရှိပါ။

သူတို့က ဖောင်းကားနေပြီးဖြစ်သည့် ပတ္တူစအိတ်ကြီးများထဲသို့ တန်ဖိုးမဖြတ်နိုင်သည့် ပစ္စည်းများကို ထည့်နေကြသည်။ ရဟတ်ယာဉ်မှ ချပေးသည့် သံမဏိပုံးကြီးမှာ တံခါးအောင်တွင် သံမဏိချိတ်များနှင့် ချိတ်ထားသည်။

ဘတီယသူက ရတနာမင်းကြီးပြခန်းမှ ရွှေငွေပစ္စည်းများပါသည့် ပတ္တူအိတ်များကို ဆိုပုံးကြီးထဲသို့ ထည့်နေသည်။ မုန်ဗီရီတို့မှာ ကွဲကြေ၍ ပြောင်လက်နေသည့် ကြမ်းပြင်ပေါ်ဝယ် အရောင်တဖိတ်ဖိတ် လက်လျက်ရှိသည်။

တံခါးဝုန်းခနဲပွင့်၍ ကာတာဝင်လာသည်နှင့် အနီးဆုံးလူသည် ချာခနဲ လှည့်ပြီး သေနတ်နှင့်ထိုးချိန်သည်ကို သူ၏ အော်ဟစ် သတိပေးသံကြောင့် နောက်တစ်ယောက်က လက်မှ ပတ္တူအိတ်ကို လွှတ်ချပြီး သေနတ်နှင့် ရမ်းကာ လှမ်းပစ်သည်။



ကာတာက တံခါးဘောင်သို့ ငုံ့ရှောင်သည်။ ကျည်ဆန်က ထိုယ် ဝီခေါ်သွားသည်။

နောက်ထပ် ကျည်ဆန်တို့က သူ၏ ခေါင်းနှင့် ရင်ဘတ်ကို ရှတ်ရှမ်းသာ ရှိသည်။

နံရံကို ကျောကပ်ရပ်ရင်း ကျိန်ဆဲလိုက်မိသည်။

တံခါးပေါက်မှ ကျည်ဆန်တစ်တောင့် ဖြတ်သွားပြန်သည်။ ကာတာသည် ခေတ္တခဏစောင့်နေပြီး ခေါင်းဆိုးဝင်ကာ ပစ်သည်။ သူ့အား ပထမဦးဆုံးပစ်သူက ပုန်းကွယ်ရာမှ ဘေးသို့ နေရာပြောင်းသည်။

လူဂါကျည်ဆန်က သူ့ကို အသက်မပေး၊ လက်ကိုမှန်သည်နှင့် အော်သံ ထွက်လာသည်။

ရင်း၏အသံက မပီမသည်းတွားရင်း မုန်ဗီရီတစ်လုံးကို ကာ ဖင်ထိုင်ကျသွားသည်။

လက်မှ သေနတ်ကလည်း ထိုအတူ၊ ဒုတိယလူကို ကာတာ တွေ့လိုက်ချိန်ဝယ် ထိုလူက ပစ်ပြီး ဖြစ်သည်။

ထိုလူသည် ပထမလူကဲ့သို့ လွယ်လင့်တကူ အလျှော့ပေးပုံ မရပါ။

လေးလံလှသော ပတ္တူအိတ်ကို ပြတင်းပေါက်သို့ ဆွဲသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သံမဏိပုံးထဲသို့ ထည့်ရန်ဖြစ်သည်။ ကာတာက လက်ဖြောင့်
မောင်းကို ညှစ်လိုက်သည်။

ကျည်ဆန်မှာ ထိုသူ၏ ပေါင်အနီးမှ ဖြတ်သွားသည်။ အိတ်ကိုမူ ထိုလူက တတိယလူလက်သို့ ပြောင်းပေးပြီး ပြတင်းပေါက်အနီးမှာပင် ရပ်နေဆဲ ရှိသည်။

၎င်းတို့၏နောက်ဘက် ပြခန်းအဆုံးတွင် မှန်ဗီရိုရှိသည်။ ထိုဗီရိုဘေးဝယ် သူ ဝှက်ခဲ့ရာ ပန်းအိုးက ယမန်နေ့က ရှိရာ ဖြစ်သည်။

လှမ်းကြည့်လိုက်သည်။

ရင်ထဲ ပူသွားသည်။ ပန်းအိုး မရှိတော့။

ဒုက္ခတော့ အကြီးအကျယ် ရောက်ရပြီ။

သူခိုးများကို မတားနိုင်၍ ပန်းအိုးကိုပြန်မရသော် မည်သည့် အကျိုးဆက်တို့ ဖြစ်လာမည်ကား မပြောနိုင်။

ရှေ့ဆက် မတွေးအားတော့။

ပြခန်း အတွင်းသို့ ပြေးဝင်မိသည်။ ဒဏ်ရာရပြီးသူ၏ ပေါင်ကို တစ်ချက် ပစ်လိုက်သည်။ ရင်ဆိုင်စရာ နှစ်ကောင်သာ ကျန်တော့သည်။

သံမဏိပုံးနှင့် ဆင်းလာခဲ့သူမှာ ပုံးထဲ ပြန်ဝင်ပြီး ဖြစ်သည်။ ပတ္တမြားအိတ်အဖျားများကို လှမ်းမြင်နေရသည်။ ၎င်းအား တင်ပေးသည့် ဆံပင်မည်းမည်းလူမှာ ပုံးထဲသို့ တက်ရန် ပြင်နေသည်။



ယခုအချိန်ဝယ် ပြခန်းထဲတွင် အဖိုးတန်ပစ္စည်းဟူ၍ မကျန်တော့။

ထိုသူက နောက်သို့ လှည့်ပစ်သည်။ ကြမ်းပေါ်သို့ ကာတာ ဒိုင်ဗင်ထိုးချလိုက်ရသည်။

ခေါင်းအထက်မှ ကျည်ဆန်က ကြောက်မက်ဖွယ်ရာ ဖြတ်ကျော်သွားသည်။

ကာတာက ပြန်ပစ်သည်။

မှန်စနှင့် သစ်သားစတို့က သူ့ပတ်ဝန်းကျင်သို့ လွင့်စဉ်ကျ
လာသည်။

ကျည်အစတို့က သူ၏ ရင်ဘတ်နှင့်ပေါင်သို့ လာမှန်သည်။

ထိုလူနှစ်ယောက်ကို သူမတားနိုင်ပါက စာရွက်ဝှက်ထားသည့် ပန်းအိုးအား ပြန်ရတော့မည် မဟုတ်။ ထိုကိစ္စအတွက် လင်းယုန်ကြီးနှင့် အိပ်(စ)အဖွဲ့ကြီးသည် သူ့ကို စတေးပေ
တော့မည်။

ပြတင်းပေါက်မှလူက အဖော်အား အော်ခေါ်သည်
ကာတာဘက်သို့ ပစ်သည်။

ဒဏ်ရာ ရထားသူက ပြတင်းပေါက်ဆီသို့ တွား
သည်။

သွေးစီးကြောင်းက နောက်တွင် အဆင်းသား ကျန်ရစ်ခဲ့
သည်။

www.burmeseclassic.com

www.burmeseclassic.com



မဂ္ဂါရာမီ သုံးယောက်စလုံး သိမ်ဏာ ပုံးထဲသို့ ရောက်သွားကြသည်။

ကာတာက ခုန်ထသည်။

ရဟတ်ယာဉ်၏ ဝမ်းဗိုက်မှာ အပေါ်ဆီသို့ မြင့်တက်သွားသည်။

သိမ်ဏာ ပုံးဆီသို့ နှစ်ချက်လှမ်းပစ်သည်။ မြတင်းပေါက်ဆီသို့ ကာတာ ရောက်သွားသည်။ အပေါ်သို့ ပစ်ရင်း ကြည့်သည်။

သိမ်ဏာ ပုံးမှာ ရဟတ်ယာဉ်၏ ဝမ်းဗိုက်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားပြီဖြစ်သည်။

ရဟတ်ယာဉ် ဝမ်းဗိုက်ကိုလည်း သိမ်ဏာ မြားက ဖုံးကွယ်ပြီးဖြစ်၍ ကာတာ၏ ကျည်ဆန်တို့မှာ အရာမရောက်။ မိမိ၏ ကံမကောင်းပုံအတွက် ကျိန်ဆဲလိုက်မိသည်။

အောက်ဘက် ကုက်လပ်ဝယ် အစောင့်များ၊ ရဲများကို စတင် တွေ့ရသည်။

၎င်းတို့ကလည်း ရဟတ်ယာဉ်အားလှမ်းပစ်ကြသည်။ အကျိုးမရှိပါ။

သူနိုးတို့အား တားဆီးနိုင်စရာနည်းလမ်း ရှိတော့ပုံမရ။ ပြတင်းပေါက်မှခွာကာ စကြံလမ်းဆီသို့ သုတ်ခြေတင်သည်။



ပြတိုက်၏ အဖိုးအတန်ဆုံး ဝဝနာများ ရှိခဲ့ရာ မှန်ဗီရိုကွဲတို့အား လျှပ်လျူရှုခဲ့ရသည်။

စိတ်လှုပ်ရှားစရာအား တွေ့သိုပုံရသည့် ကမ္ဘာလှည့် ခရီးသည် အချို့မှာသော ပြောကားရင်းတွင် ရှိနေကြသေးသည်။ ဘောင်းဘီတိုပွပွကြီးဝတ်ထားသည့် လူဝကြီး တစ်ယောက်၏ လည်ပင်းတွင် မှန်ပြောင်းတစ်လက် လွယ်ထားသည်။

'ခင်ဗျား မှန်ပြောင်း ခဏလောက်'

ထိုလူက ကာတာအား မျက်လုံးပြူးကြည့်သည်။

'ဘာဖြစ်လို့ ပေးရမှာလဲ'

ကာတာ ရှည်ရှည်ဝေးဝေး မစဉ်းစားတော့။ သေနတ်နှင့် ထိုးချိန်လိုက်သည်။

'ကဲ... ပေးစမ်း'

ထိုသူ၏ မျက်နှာထားကဲ ချက်ချင်းပြောင်းလဲသွားသည်။ တုန်ယင်သောလက်နှင့် မှန်ပြောင်းကို လည်ပင်းမှဖြုတ်ကာ လှမ်းပေး၏။

ကာတာက ဆတ်ခနဲဆွဲယူကာ ပြတင်းပေါက်ဆီသို့ ပြေးသည်။

ရဟတ်ယာဉ်ဆီသို့ မှန်ပြောင်းနှင့် လှမ်းကြည့်၏။

ရဟတ်ယာဉ်မှာ ပြတိုက်အဆောက်အအုံပေါ်သို့ ရောက်နှင့်နေသည်။

ကာတာက မှန်ပြောင်းနှင့် သေချာကြည့်၏။ မည်သည့် အမှတ်အသားမျှ မပါ။

ပိုင်ရှင်ကို ခြေရာခံရနိုင်စရာမျိုး မတွေ့ရ။

www.burmeseclassic.com

www.burmeseclassic.com



ရဟတ်ယာဉ် ဘယ်ဘက် ပြတင်းပေါက်ဆီသို့ ချိန်ကြည့်သည်။

တွေ့လိုက်ရသူ၏ မျက်နှာကြောင့် ကာတာမှာ ကြက်သီးမွေးညင်းထသွားမိ၏။

မဖြစ်နိုင်ဟု တွေးမိသည်။ သူ ယခင်က ကြိမ်ဖန်များစွာတွေ့ခဲ့ဖူးသူ၏ မျက်နှာကိုသာ ဆက်ကြည့်နေသည်။

အကြည့်မမှားပါ။ မျက်ဝါးထင်ထင် မြင်သည့်အတိုင်း ယုံကြည်ပါသည်။

ဦးခေါင်းခွံနှုယ်ရှိသော မျက်နှာတစ်ခုပင်။ အရေပြားကပြောင်ချောတင်းကျပ်နေ၏။

အာါရောင် မျက်နှာပြင်မှ မျက်လုံးမည်းမည်းလေးတို့မှာ ခေါ်းစက်မာကြောလှသည်။

ပါးလွှားသော နှုတ်ခမ်းအစုံရှိပြီး မေါးခင်ကကျယ်၏။ လူသေတစ်ယောက်၏ အပြုံးနှုယ်ဖြစ်သည်။

ဤမျက်နှာအား ကာတာဆက်၍ အရေးသား ကြည့်နေမိသည်။

လူ တွေ့ဖူးသမျှထဲတွင်တော့ အဆိုးဝါးဆုံး လူသားတစ်ယောက်ဖြစ်၏။

နိုင်သာဂါရ ရေတပ်ခွန်မှ ငုင်းကျွမ်းစိုက်ကျသွားသည်ကို ကာတာနောက်ဆုံး မြင်ခဲ့ဖူးပါသည်။

လိမ့်ကျခြင်းသည် ထိုလူ့အတွက် သေမင်းနိုင်ငံသို့ မရောက်သွားခြင်းမှာ ထင်ရှားလှ၏။

ဂျူးဒတ်သည် အသက်ရှင်ဆဲ၊ ဆိုးဝါးဆဲ၊ လှုပ်ရှားဆဲ။

ထိုအချိန်တွင် ရဟတ်ယာဉ်က မြေခဲနှင့်မြောက်ထက်ကာ ကျောင်းပြောင်း ပျောက်ကွယ်သွားတော့သည်။

ကာတာက ပြခန်းသို့ ပြန်လျှောက်ခဲ့၏။ လက်ရာမွေ့ယဉ်းသည့် မှန်ဗီရိုအချို့သာရှိသည်။

အဖိုးတန်ပစ္စည်းများ မပျောက်ကြောင်း သေချာပါသည်။

သူခိုးများသည် ဤအခန်းထဲသို့ မဝင်မီကပင်လျှင် မည်သည့်အရာကို ယူရမည်မှန်း သိထားပြီး ဖြစ်ကြမည်။

နေရာရွှေ့ထားခြင်းလော။ သို့မဟုတ် ချိုလျက်ကျန်ရစ်ခြင်းလောဟူသည့် မျှော်လင့်ချက်ဖြင့် ပန်းအိုးကို ကမူးရှူးထိုးရှာသည်။

ပန်းအိုးကို မတွေ့။ ကွဲကျေနေသည့် အစအနကိုမှ မတွေ့လေပါ။

ထိုပန်းအိုးသည် တန်ဖိုးရှိသည့်အရာ မဟုတ်မှန်း ကာတာသိသည်။

ခေါင်းထဲတွင် အချက်ပေး ခေါင်းလောင်းသံ မြည်သောသည်။

အိုတ်(စ်) အဖွဲ့ကြီးအား ကြာရှည် အခနှောင့်အယှက်ပေးခဲ့သော ဂျူးဒတ်သည် ရှေးဟောင်း အီတလီ အနုပညာပစ္စည်းများကို အထူးစိတ်ဝင်စားသူဖြစ်၏။

ဂျူးဒတ်အား သူတွေ့လိုက်ရသည်မှာ သေချာလှသည်။

ဂျူးဒတ်သည် မသေသေး၊ ယနေ့ခေတ် လူယက်မှုသမိုင်းဝင် ပြောင်မြောက်လှသော လုပ်ရပ်ကိုပင် လုပ်နိုင်ခဲ့သည်အထိ ရှင်သန်နေပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့လူများအား ထိရှေးဟောင်းလက်ရာကို ယူခဲ့ရန် မှာခဲ့ပြီး ဂျူးဒတ်သက်တွင် ပန်းအိုးရောက်ခဲ့ရပြီ၊

ပန်းအိုးအတွင်းမှ အပိုဆုံးကြေးကို ဂျူးဒတ်မြင်ရ၍ ပျော်ရွှင်နေပုံကို တွေးမြင်ပြီး ကာတာတုန်လှုပ်မိသည်။

အကောင်ပင် စိတ်မချမ်းသာစရာ အတွေးအမြင်တစ်ခုသာ ဖြစ်သည်။

အခန်း (၄)

'မဖြစ်နိုင်ဘူးကွ'

လင်းယုန်ကြီးက ပါချီမှ သူ၏ ယာယီရုံးခန်းထဲ၌ မဟော်ဂနီစားပွဲရှေ့ဝယ် ဒေါသတကြီး ခေါက်ဘုံ့ခေါက်ပြန်လျှောက်ရင်း အော်ပြောလိုက်၏။

'လုံးဝကို မဖြစ်နိုင်ဘူး'

သူက ကာတာအား မကျေမနပ်လှမ်းကြည့်၏၊ ခေါက်ဘုံ့ခေါက်ပြန် ဆက်လျှောက်နေသည်၊

ထွ(ဒ)သား ဝတ်စုံအောက်မှ ကိုယ်လုံးက ညှတ်နေသည်။ မြပြာပြာ ဆံပင်တို့မှာ ပွယောင်းလျက်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



မီးသေနေသည့် ဆေးပြင်းလိပ် ရှည်မျောမျောလေးကို တမြုံ့မြုံ့ ကိုက်နေရာ လမ်းလျှောက်နေစဉ် ဆေးပြင်းလိပ်က နိမ့်တုံမြင့်တုံ ဖြစ်လျက်ရှိသည်။

'ကျွန်တော် စိတ်မကောင်းပါဘူး'

'ခု အဖြစ်က စစ်ဆင်ရေးတစ်ခုကို ပိုရှုပ်စေတာပဲ နစ်၊ စာရွက်ကို မင်းရခဲ့တယ်၊ နောက်မှ အင်း .. မင်းပြောပြတဲ့ အဖြစ်လောက်ဆိုးတာမျိုး ငါ တစ်ခါမှ မကြားဘူးခဲ့ဘူးကွ'

'ကျွန်တော်ဘယ်လိုမှ လုပ်လို့မရလို့ပါ ဒါကြောင့်မို့ စာရွက်ကို ယာယီဝှက်ထားလိုက်ရတာပါ၊ ခုလိုဖြစ်တာကတော့ ကြက်ကန်းဆန်အိုးတိုးသလို'

'ဒီကိစ္စ ဘယ်သူ့ကို ငါအဖြေပေးရမယ်ဆိုတာ မင်းသိသလား၊ ခုဟာက ထောက်လှမ်းရေးနှစ်ခု ပူးတဲ့စစ်ဆင်ရေးဆိုတာကို သတိရရဲ့လား၊ တပ်မတော် ထောက်လှမ်းရေးကလဲ ပါနေသေးတယ်ကွ၊ ဒီအဖြစ်ကို စီအိုင်အေကိုရော အင်္ဂလိပ်တွေကိုရော ကြားရဦးမယ် ဘုရား... ဘုရား— သမ္မတကြီးကကော ဘယ်လိုတုံ့ပြန်မယ်ဆိုတာ တွေးမိသလား၊ လူနဲ့ ဖုံးအဆက်ပြတ်ပြီးတာနဲ့ နားတစ်ဖက်က အစ်ပါတ်လောက်ကို အူခဲ့တာ'

'ကျွန်တော့်ကို တာဝန်က ရပ်ဆိုင်းပစ်ချင်တယ် ဆိုယင်လဲ—'



လင်းယုန်ကြီးက ဇာတာအား အတန်ကြာ စိုက်ကာကြည့်၏။

ဇာတာအား ပထမဦးဆုံးအကြိမ် တွေ့ဖူးသည့်နှယ် ဖြစ်၏။ နောက် လင်းယုန်ကြီးက ပြောင်းသွားသည်။

'ကဲပါ... နစ်ရယ်၊ ငါပြောတာကို ဘယ်လိုမှသဘောမထားနဲ့၊ မင်းကို အပြစ်ပုံချလို့ မရပါဘူး၊ ငါသိပါတယ်၊ အပြစ်ခံ ရှိယင် ငါလဲ ခံရမှာပဲ'

'တခြား ကျွန်တော် ဘာတ်နိုင်စရာ ဘာရှိမလဲဆိုတာ တွေးတာဘူး'

ဇာတာက အလျှင်အမြန်တွေးကြသည်။

'အင်း... အဲဒီနေ့က လုယက်မှုသာမဖြစ်ခဲ့ယင် ခုဆို မင်း သူရဲကောင်းတစ်ယောက်ဖြစ်နေပြီ၊ ပန်းအိုးထဲမှာ စာရွက်ကို ဝှက်ထားခဲ့ပုံကလဲ သိမ်ကောင်းပါတယ်'

ဇာတာက ခပ်သဲ့သဲ့သာ ပြုံးနိုင်၏။

'ဒီလိုကြားရတာ ဝမ်းသာပါတယ်'

'ကဲ... ဒီစာရွက်ကို ဘယ်လိုနည်းနဲ့ရရ လုပ်ရတော့မယ်၊ ဟော်တယ်ကထွက်သွားပြီး ပြတိုက်ကနေ မင်းဘယ်လို ရှောင်နိုင်ခဲ့တာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'အပြေးလာနေကြတဲ့ အစောင့်တွေနဲ့ မတွေ့အောင် ထမ်းတွေဝင်ပေါက်ကို ဝင်သွားရတယ်၊ စင်္ကြံလမ်းမှာ ယောက်ပဲရှိနေတော့ အဲဒီအတပ်ဆယ့်ငါးပေအမြင့်က ပြ ပေါက်ကို ကျော်ဆင်းပြီး ခုန်ချခဲ့ရတာပေါ့'

'အင်း— မမိသွားတာ ကံကောင်းတယ်၊ နေပါဦး မြင်လိုက်တာ ဂျူးဒတ်ကော သေချာရဲ့လား'

'သူနဲ့တူတဲ့လူမျိုး တစ်ယောက်မှ မရှိပါဘူး ဆရာ'

လင်းယုန်ကြီးမှာ ခေါင်းခါယမ်းနေ၏။

ငါးစပ်မှ ဆေးမြင်းလိပ်ကိုချွတ်၍ စားပွဲနောက်ရှိ ကု ထိုင်တွင် ဝင်ထိုင်သည်။

'ဂျူးဒတ် မသေဘဲကိုး၊ အင်း— ရေကန်ခွန်က သူကျသွ သူ့အလောင်းကို တို့မရခဲ့ဘူးလေ၊ ဟုတ်တယ်၊ မင်းပြော ဖြစ်နိုင်တယ်'

'ကျွန်တော် တွေးနေမိတာ တစ်ခုရှိတယ်၊ အဲဒီ လွန်ခဲ့တဲ့ နှစ်နှစ်အတွင်းဖြစ်ခဲ့တဲ့ အနုပညာပစ္စည်းခိုးမှု အ များများနဲ့ ခုအဖြစ်က တူနေတယ်၊ ဒါတွေရဲ့နောက်ကွယ ဆရာကြီးဟာ ဂျူးဒတ်လားလို့'

'ငါလည်း တွေးမိတယ်၊ ဆရာကြီးဟာ ဂျူးဒတ်ဆိုယင် ငွေကြေးအပြစ် အခြားအကြောင်းတစ်ခုခု ရှိရဦးမယ်လို့ပဲ'



'ဖြစ်နိုင်စရာရှိပါတယ်၊ လောလောဆယ်တော့ ကျွန်တော် ရှိနေတာ ဟိုစာရွက်အတွက်ပဲ၊ ပန်းအိုးထဲကစာရွက်ကို သူ မှာသေချာတယ်၊ အနောက်အုပ်စုကို မုန်းတဲ့အတွက် ရုရှား၊ မဟုတ် တရုတ်ကိုရောင်းမှာပဲ'

လင်းယုန်ကြီးမှာသည် ကုလားထိုင်ပေါ်ဝယ် ခြေပစ်လက် ဖြစ်နေသည်။

မိမိအတွက် ဖြစ်ရခြင်းကြောင့် တာတာ စိတ်မကောင်း ။

'ဒီ ခလုတ်ပုံစံကို မှုပ္ပားတွေ့လိုက်ကြယင်တော့ တို့ ပိုဒုက္ခ ရောက်နိုင်တယ်၊ အလုပ်တစ်ခုလုပ်ယင် အသေးစိတ်အချက်တွေ စရာမလိုတာမို့ မင်းကိုတာဝန်ပေးတုန်းက ငါဘာမှမပြော ဘူး၊ ဒါပေမယ့် တို့ဒီစာရွက်ပြန်မရယင် အင်အားကြီးတဲ့ ရန် လက်ထဲရောက်သွားယင် ဘယ်လိုဆုံးရှုံးမှု ရှိနိုင်တယ်ဆိုတာ သိသင့်တယ်....

'ဒီကိရိယာဟာ အနုမြူလက်နက်ကို အလွယ်တကူသုံးလို့ စေတယ်၊ မော်တာတွေ၊ ဟောင်ဝစ်ဇာအမြောက်တွေမှာ အနု ထိပ်ဖူးတွေ တပ်ပစ်လို့ ရစေနိုင်တယ်၊ တင့်ကားပေါ်က အမြောက်နဲ့လဲ ပစ်လို့ရမယ်၊ တင့်ကားအမြောက်တစ်ချက်တည်း ရာနဲ့ချီပြီး သေစေနိုင်မယ်'

www.burmeseclassic.com



'နည်းဗျူဟာမြောက် လက်နက်တွေအတွက် သဘောတူညီချက် ရှိထားပြီးသားပဲ'

'မှန်တယ်၊ ဒီကိရိယာကို တို့ တီထွင်ခဲ့ပေမယ့် အသုံးပြုဖို့မယ်လို့ တော့ ငါ မထင်ဘူး၊ ရုရှားကတော့ ဒီလိုလုပ်မှာမဟုတ်ဘူး၊ သူတို့နိုင်ငံပတ်လည်မှာ ဖြစ်နေတဲ့ စစ်ပွဲလေးတွေအတွက် အသေးစား အနုမြူလက်နက်ဟာ အသင့်တော်ဆုံးပဲ'

'ဂျူးဒတ်နဲ့ပတ်သက်ပြီး ကျွန်တော့်အမြင် မှားပါစေလို့ ဆုတောင်းမိတယ်၊ တစ်ခါက သူဦးစီးသွားတဲ့ စစ်ဆင်ရေးတစ်ခုကို ကျွန်တော် ဘယ်တော့မှ မေ့မှာမဟုတ်ဘူး'

'အေး.... ဘာပဲဖြစ်ဖြစ် ခု လောလောဆယ် လုပ်ရမှာကတော့ ပျောက်ယာဉ်ပေါ်ကလူဟာ ဂျူးဒတ်ပဲဖြစ်ဖြစ်၊ ဘယ်သူပဲဖြစ်ဖြစ် သူ့ဆီကစာရွက်ကို ပြန်ယူဖို့ပဲ၊ ရောမရဲတပ်ဖွဲ့ဆီက မင်းအကူအညီရမှာ သေချာတယ်၊ ဒါပေမယ့် သူတို့ဆီက ငါ သိပ်မမျှော်လင့်ဘူး၊ သူတို့ဦးဆောင်မှု ဖြစ်မယ်ဆိုမှ သူတို့နဲ့မင်း ဆက်သွယ်ပါ'

'ရောမက နိုင်ငံတကာရဲ့အဖွဲ့ကိုတော့ အဲဒီက ပုဂ္ဂိုလ်နှစ်ယောက်နဲ့ ကျွန်တော်သိတယ်၊ ခုကိစ္စ သူတို့ မှတ်တမ်းစတင်နေလောက်ပြီ'

'သူတို့နဲ့ ငါ တွဲလုပ်ဖူးပါတယ်၊ ဒါပေမယ့် မင်းဘာကို လိုက်ရှာနေကြောင်းဆိုတာ သူတို့ သိလို့ မဖြစ်ဘူး'



'ကျွန်တော် သဘောပေါက်ပါတယ်'

'စာကြည့်တိုက်က ပြန်မသွက်ခင် မင်းလိုက်ရှာကြည့်သေးလား'

'ရှာပါတယ်'

'အင်း.... အသေးစိတ်တော့ ကြည့်ဖို့လိုတယ်'

လင်းယုန်ကြီးက ဆေးပြင်းလိပ်ကို ပြန်ခဲ၍ မြုံ့နေလေသည်။

'ဘယ်လိုလုပ်ရမှာလဲ၊ ဘာမှမပေါ်တဲ့အချိန်အထိ အစောင့်တွေက အများကြီး ချထားမှာပဲ'

'မင်းရဲ့ နိုင်ငံတကာရဲ့အဖွဲ့က မိတ်ဆွေဟာ မင်းကို ဝင်လို့ရအောင် ကူညီနိုင်စရာရှိပါတယ်လေ၊ ဒါပေမယ့် ဒီလိုနဲ့ အားကိုးလို့ မရနိုင်ဘူး၊ အကောင်းဆုံးကတော့ ထိပ်တန်းပုဂ္ဂိုလ်ဆီကို တိုက်ရိုက် သွားတွေ့ဖို့ပဲလို့ ငါထင်တယ်'

'ရောမ ရဲချုပ်ဆီကိုလား'

'မဟုတ်ဘူး'

လင်းယုန်ကြီးက ခပ်သဲ့သဲ့ ပြုံးလိုက်၏။

'ပုတ်ရဟန်းမင်းကြီး ဆီကိုပဲ'

ကာတာက ကိုယ့်ကိုရှေ့သို့ ညွတ်လိုက်မိသည်။

'ပုတ်ရဟန်းမင်းကြီးနဲ့ သွားစကားပြောရမယ် ဟုတ်လား၊ ကျွန်တော်က တွေ့ရမယ် ဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



'အေးပေါ့.... ဘာဖြစ်လို့လဲ'

'ကျွန်တော် ဘယ်လိုဆက်ဆံရမှန်း မသိပါဘူးဗျာ၊ အသိုးအခွန်းတွေပေါ့၊ တခြားလူသွားတွေလို မရဘူးလား'

'နှစ်.... ခိုးမှုဖြစ်ခဲ့ရာကို မင်း စုံစမ်းစစ်ဆေးခွင့်အမိန့်ကို မင်းရလာလိမ့်မယ်၊ အဲဒီတော့ ပုတ်ရဟန်းမင်းကြီးနဲ့ စကားပြောဖို့ မင်းဟာ အသင့်တော်ဆုံးပဲ၊ ရဟန်းမင်းကြီး ပေါ(၆)ဟာ ဖော်ရွေတဲ့ ပုဂ္ဂိုလ်ဆိုတာ မင်း တွေ့ရပါလိမ့်မယ်လို့၊ ငါ ထင်ပါတယ်'

'သူကကော ကျွန်တော့်ကို လက်ခံတွေ့ပါ့မလား'

'သမ္မတကြီးက သူ့ ဆီကိုဖုန်းဆက်ပြီးယင် သူတွေ့မှာပါ၊ တို့နိုင်ငံရဲ့ လှိုက်ချက်ဟာ ရာဇဝတ်ကောင်တွေနောက် ပါသွားပြီဆိုယင် ရဟန်းမင်းကြီးဟာ အတတ်နိုင်ဆုံး မေ်းသာအားရ ကူညီလိမ့်မယ်၊ စာကြည့်တိုက်ထဲ မင်းစစ်ဆေးနိုင်ခွင့် သူက ပေးယင် ရဲအဖွဲ့က သိပ်တားမြစ်နိုင်မှာ မဟုတ်တော့ဘူး'

ကာတာက သက်ပြင်းချလိုက်သည်။

'ကောင်းပါပြီလေ၊ ရောမကို ဘယ်တော့သွားရမလဲ'

'ခုညပဲ၊ ဒီညအတွက် မင်းရဲ့ အစီအစဉ်လေးတွေတော့ မပျက်တန်ကောင်းပါဘူး'



လင်းယုန်ကြီး၏ နောက်ဆုံးစကားက လှောင်ပြောင်သံစွက်နေ၏။

'ကျွန်တော်နဲ့ လေယာဉ်မယ်လေးတစ်ယောက် ချိန်းထားတယ်၊ နောက်လေယာဉ်ပေါ် မတက်ခင် သူက တစ်ရက်အနားထားတယ်၊ သူ့ကို ကျွန်တော် ပြော –'

'ကိစ္စကဒါပဲနော်'

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

အပူဒဏ်က ရောမှတ်ငမရှိတော့၊ မိုးများအုံ့ဆိုင်းကာ မိုးရွာလျက်ရှိသည်။

ရေအိုင် ကွက်လေးများထဲဝယ် ရွှေဒဟောင်း အဆောက်အအုံက ရောင်ပြန်ဟပ်နေ၏။

လူသွားလမ်းတို့မှာ မိုးရေဖြင့် သန့်စင်ကာနေ၏။

မိုးရေတစ်စက်စက်ကျနေသည့် တောက်ပြောင်သော ထီးများကိုဆောင်းရင်း ကမ္ဘာ့ဒလှည့် ခရီးသည်တို့ သွားလာလျက်ရှိသည်။



သတင်းစာများဝယ် ဗာတီကန် လုယက်မှုသတင်းက နေရာယူထားကြသည်။

အဖြစ်အပျက်အမှန်ကို သိသူနည်းလှခြင်းကမူ အံ့သြစရာကောင်းလှ၏။

အချို့သတင်းများက သူခိုးတို့သည် စာကြည့်တိုက်နောက်ဘက်သို့ ဇေယျာဥ်မှ လေထီးနှင့် ဆင်းခဲ့ကြသည်ဟု ဆိုသည်။

အချို့ မျက်မြင်သက်သေတို့ကလည်း သူခိုးတို့သည် မျက်နှာဖုံးစွပ်ထားသည်ဟု ဖြေဆိုကြ၏။

သတင်းစာ တစ်စောင်ကလည်း သူခိုးတို့သည် ဆယ့်နှစ်ယောက်ရှိကြောင်း၊ အားလုံးစက်သေနတ်ကိုင်ထားကြကြောင်း၊ ကမ္ဘာလှည့် ခရီးသည်များ၏ အသက်ကိုပင် ခြိမ်းခြောက်ခဲ့ကြောင်း ရေးထား၏။

နောက်တစ်စောင်ကမူ မျက်နှာဖုံးစွပ် လူစိမ်းတစ်ယောက် မည်သည့်နေရာက ရောက်လာမှန်းမသိဘဲ ရာဇဝတ်ကောင်ကို ခြိမ်းခြောက်ခံရသောလူများအား ကာကွယ်ခဲ့ကြောင်း ဖော်ပြထားပြန်သည်။

၎င်းမျက်နှာဖုံးစွပ် လူစိမ်းများ ဂျာမန် သေနတ်တစ်ချိုးကို ကိုင်၍ ဆလာပ်သို့မဟုတ် အဲဘရူးသံဝဲဝဲနှင့် စကားပြောသည်ဟု ဆို၏။

www.burmeseclassic.com

www.burmeseclassic.com



ရဲတပ်ဖွဲ့သားချင်း ပို၍ သတင်းပြည့်စုံမည်ဟု ကာတာထင်မိသည်။

ရာဇဝတ်မှုတစ်ခုနောက်ဝယ် ကောလာဟလများ၊ ခန့်မှန်းပြောဆိုချက်များရှိသည်မှာ သဘာဝဖြစ်၏။

သို့သော် သတင်းများ ဘာတစ်ခုမျှ စုံရေမရာဖြင်းမျိုးကို တော့ သူမကြုံဖူးပါ။

အဖြစ်အပျက်အမှန်ပါသည့် သတင်းစာတစ်စောင်ကိုမှ သူမဖတ်ရပါ။

သူ့အတွက် အကောင်းဆုံးမှာ နိုင်တကာ ရဲအဖွဲ့ရှိ မိတ်ဆွေ အင်တိုနီ ယိုယင့်နီဒက် တို့နှင့် ဆက်သွယ်ခြင်းသာ ဖြစ်သည်။

တိုနီသည် ငယ်ရွယ် ရုပ်ရည်ချော်မောသော ရဲမှူးဖြစ်သည်။

လွန်ခဲ့သော ကိစ္စနှစ်ခုက ကာတာအား နိုင်ငံတကာရဲအဖွဲ့၏ မှတ်တမ်းများကို ကြည့်ရှုခွင့်ပြုခဲ့သည်။

ယခုတစ်ဖန် သူ့အား အပူကပ်ရတော့မည်။ မြခန်းထဲဝယ် ဒဏ်ရာရခဲ့သူ၏မျက်နှာအား ကာတာကောင်းစွာမှတ်မိသည်။

ရာဇဝင်လူဆိုးများ၏ဓာတ်ပုံများကို သူကြည့်မိ၏။ မိမိ မည်သူမည်ဝါဖြစ်ကြောင်းနှင့် မေးခွန်းများထုတ်ရေးအတွက် တိုနီ နှုတ်ပိတ်နေမည်ကို သူယုံကြည်ပါသည်။

မွန်းမလွဲမီတိုနီထံသို့ ဖုန်းဆက်လိုက်သည်။ သူ၏အသံကဖော်ရွှေ၍ မိတ်ဆွေဆန်လှသည်။



'နစ် ... ခင်ဗျားအသံပြန်ကြားရတာ ပျော်စရာပဲ၊ ဘယ်လို သုပ် ရောမကို ရောက်လာရတာလဲ၊ တာတီကန် လူယက်မှုမှာ ခင်ဗျားက ဆရာကြီးလား'

တိုနီက နောက်ပြောင်၍ ရယ်လိုက်သည်။

'ဒါက ကျွန်တော့်အလုပ်မဟုတ်ပါဘူး ဗျာ၊ ဘဏ်တိုက်လစာ ပေးတဲ့ရှုံးတို့ပဲ ကျွန်တော်က ယူတာ'

တိုနီက ရယ်လိုက်ပြန်သည်။

'ခုကိစ္စကတော့ အတော့်ကို ဦးနှောက်ကောင်းကောင်းနဲ့ လုပ်မှုဖြစ်မှာ'

'ဟုတ်တယ်....အမှန်လည်း ဒီကိစ္စမှာ ကျွန်တော်ပတ်သက်နေတယ်'

'ဘယ်လို'

ကာတာက လိုရင်းကိုပြောတော့သည်။

'တိုနီ ... ခင်ဗျားတို့ဆီက လူဆိုးဓာတ်ပုံတွေကို ကြည့်ချင်တယ်၊ စီစဉ်ပေးနိုင်ပါ့မလား'

'ရပါတယ်၊ ညနေဘက်လာခဲ့လေ၊ နေ့လယ်စာအတူစားနိုင်ယင်တော့ အကောင်းဆုံးပဲ၊ ဒီကနေလမ်းလျှောက်ရင်း ခပ်မဝေးတဲ့ဆိုင်လေးတစ်ဆိုင်ရှိတယ်'

'ဒီနေ့တော့ မဖြစ်သေးဘူး၊ ချိန်းထားတာရှိတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ကြော် . အင်း အင်း....အမျိုးသမီးက အတော်ချော့မှာပဲ နော်'

'အမျိုးသမီး မဟုတ်ပါဘူး၊ ပုတ်ရဟန်းမင်းကြီးနဲ့ပါ'

'တကယ်လား'

'တကယ်ပါ၊ ရဟန်းမင်းကြီးက နေ့လယ် နှစ်နာရီမှာ ကျွန်တော့်ကို လက်ခံတွေ့ဆုံမှာမယ်'

'အင်း ..ခင်ဗျားဟာ ကျွန်တော်သင်တာထက် ပိုအရေးပါတဲ့လူပဲ'

'ဒါရှင်တန်က အကူအညီရလို့ပါ၊ နောက်မှ ပြောပြမယ် ဗျာ၊ မနက်ဖြန်ခနက် ခင်ဗျားရုံးမှာတွေ့ပင်တော့'

'လုပ်လိုက်လေ ခင်ဗျားကတော့ အမြဲတမ်းစိတ်လှုပ်ရှားစရာတွေ သယ်လာပုံပဲ'

ဗာတီကန်သို့ မွန်းလွဲပိုင်းတွင် ကာတာရောက်သွားသည်။ ပြတိုက်နေရာအား အများပြည်သူမဝင်ရန် တားမြစ်ထားသည်။

နေရာတိုင်းဝယ် ရဲများရှိနေကြသည်။ အာဏာပိုင်တို့၏ ခွင့်ပြုချက်မရလျှင် စာကြည့်တိုက်သို့ဝင်နိုင်စရာလမ်း မရှိပါ။ ဖို(က)နော့(ခ)ရွှေဘက်တိုက်ကို ခိုးငင်ရသည့်နှယ်သာ ရှိပေလိမ့်မည်။



ပုတ်ရဟန်းမင်းကြီး၏လုံခြုံရေးမှာ အပေါ်ပန်း ဖြင့်ရသည်ထက်ပို၍ တင်းကျပ်လှသည်။

လုပ်ယက်မှုဖြစ်သည့်နေ့က သေနတ်ပစ်မှုကြောင့် တာဝန်ရှိသူတို့မှာ ပို၍သွေးလေချောက်ချားလျက်ရှိသည်။

လုံလောက်သောအထောက်အထားနှင့် သက်သေခံစာရွက်စာတမ်းများမပါဘဲ ရဟန်းမင်းကြီးအနီးသို့ ကပ်နိုင်ခွင့် မရှိတော့ပါ။

ရဟန်းမင်းကြီး၏ ရုံးအဆောက်အအုံရှေ့ဝယ် ရှေ့ဆုံးမှာ တာဝန်ယူသူမှာ ရဲဘက်ဖွဲ့ဖြစ်သည်။

ကာတာအား အချိန်ယူစစ်ဆေးကြသည်။ ကာတာမှာလက်ဗ်များကို ဟိုတယ်တွင်ထားခဲ့သည်။

၎င်းတို့ စိတ်ကျေနပ်ကာမှ အရပ်ဝတ် စုံထောက်များနှင့် ဗာတီကန်အစောင့်များဆီသို့ ကာတာအား လွှဲပေးသည်။

နောက်ဆုံးတော့ ရဟန်းမင်းကြီးရုံးခန်းများရှိရာ အပေါ်ထပ်သို့ စောင့်ကြပ်ခေါ်သွားသည်။ အခန်းများဝယ် အနောက်တိုင်းယဉ်ကျေးမှု၏ သမိုင်းကြောင်းတို့ လွှမ်းမိုးလျက်ရှိ၏။

ကျယ်ဝန်းသော အခန်းကြီးတစ်ခုတွင် ကာတာအားစောင့်စေသည်။

ဤအခန်းတွင်ထိုင်ခဲ့သော နာမည်ကျော်ပုဂ္ဂိုလ်များ ခေါင်းဆောင်များအား ပြန်တွေးမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ ဒီပ်(၈)အဖွဲ့၏ သုတ်သင်ရေးပါရဂူ အင်(န်) သုံးခေါ် နစ်ကာတာ ထိုင်ရခွင့်အလှည့်ဖြစ်ပြီး အချို့ပုဂ္ဂိုလ်များနှင့် သူ၏အဖြစ်ကို နှိုင်းယှဉ်ကြည့်လျှင် ရယ်ရမည်လော၊ ငိုရမည်လော ကာတာ မသိတော့ပါ။

မိနစ် သုံးဆယ်မျှကြာခဲ့သည်။ ကာတာ၏စိတ်မှာ ဂနာမငြိမ်တော့။ ထိုစဉ် ဧည့်ခံရေးတံခါးက ပွင့်သွားသည်။

ကာဒီနယ်တစ်ယောက်နှယ် ကြက်သွေးရောင် ဝတ်ရုံရှည် ဝတ် ဦးပခုံရှပ်ခေါင်းဆောင်း၊ အရပ်ရှည်ရှည် ပုဂ္ဂိုလ်တစ်ဦး ဝင်လာသည်။

'အရှင်ဘုရား'

ကာတာက ခစ်သွက်သွက်ထရပ်ရင်း ခေါ်မိသည်။

ထိုပုဂ္ဂိုလ်က ကာတာထံသို့ လျှောက်လာသည်။ မျက်နှာက တည်ငြိမ်လှသည်။

'ဒကာကြီးမစ္စတာကာတာ… နစ်ကာတာပဲထင်တယ်'

'မှန်ပါတုရား'

'ကျုပ်က ကာဒီနယ်ဗိုင်းပါ၊ ရဟန်းမင်းကြီးက ဒကာနဲ့ တွေ့ဖို့ပါပဲ၊ ကဲ…ဒီဘက်ကိုလာပါ' –

ကာဒီနယ်က ဇရင်းထွက်လာဘက်ဆီသို့ ညွှန်ပြသည်။ ကာတာက နောက်မှ ကပ်လိုက်သွားသည်။



အတွင်းအရောက် ကာဒီနယ်က တံခါးကိုပြန်ပိတ်သည်။ အခြား ကာဒီနယ်နှစ်ပါးအား ကာတာက ဦးညွှတ် နှုတ်ဆက်သည်။

အနီးကပ် ဖခေါင်ဖြစ်သူ၏ မျက်လုံးများဝယ် ဖော်ရွေသည့်အိုင် ကာတာ၏ ခြေလှမ်းမှန်သမျှကို အနီးကပ် စောင့်ကြည့်နေသည့်နှယ် ရှိသည်။

အခန်း၏ အစွန်းတွင် အညိုရောင် ဝတ်ရုံရှည်ဝတ် စာရေးအချို့ တာဝန်ယူရသော ရဟန်းနှစ်ပါးက ငြိမ်သက်စွာ ရပ်နေကြသည်။

မည်သို့ ပြုမူရမှန်းမသိ၍ ဦးညွှတ်ထားလိုက်စဉ် အခြားရဟန်းပါးပါးကပါ ကြည့်နေကြ၏။

သူ၏ ရှေ့တည့်တည့်တွင်မူ ရဟန်းနှစ်ပါး ခြံရံလျက် ပုတ်ရဟန်းမင်းကြီးက ထိုင်လျက် ရှိပါသည်။

ကာဒီနယ်ပိုင်းမှာ စကားတစ်ခွန်းမျှမပြော။

သို့သော်…သူ၏ မျက်နှာရိပ် အပြောင်းအလဲတစ်ခုကြောင့် ကာတာမှာ ရှေ့သို့ ခြေတစ်လှမ်း တိုးမိသည်။

'ဆရာတော်ဘုရားကြီး'

ကာတာသည် နှုတ်မှခေါ်ရင်း ဦးခေါင်းကို နှိမ့်ချိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးညွှတ်ခြင်းမည်သည်လော၊ မဖော်သည်လော မသေချာပါ။

ရဟန်းမင်းကြီး၏ တင်းတင်းစေ့နေသည့် နှုတ်ခမ်းပေါ်၌ အပြုံးလေးတစ်ချက် ပွင့်လာသည်။

ကာတာ မည်မျှ နေရ ထိုင်ရ ခက်နေပုံကို သိဟန်တူသည်။ သို့သော်....သူ့ အပြုံးကြောင့် ကာတာ အတော်ပင် စိတ်တည် ငြိမ်သွားသည်။

'မစ္စတာ ကာတာ ထိုင်ပါ'

ရဟန်းမင်းကြီးက သူ့ အနီး၌ရှိ နောက်မှီမတ်မတ်ပါ ကုလား ထိုင်တစ်လုံးဆီ ညွှန်ပြသည်။

ရဟန်းမင်းကြီးတံဆိပ်ပါ လက်စွပ်မှာ ကာတာ၏ မျက်စိ ထဲဝယ် လက်ခနဲ ဖြစ်သွားသည်။

ကာတာက ဝင်ထိုင်လိုက်သည်။

သူ့ အစိုးရ၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းရေးမှာ အလွန် စိတ်ကျဉ်းကျပ်လှအောင် ကာတာသတိပြုမိသည်။ သို့သော် ရဟန်းမင်းကြီး၏ ဖော်ရွေမှုကြောင့် စိတ်သက်သာရာ ရလာ

ကာဒီနယ်ပိုင်းက ရဟန်းမင်းကြီး၏ ညာဘက်တွင် နေ ယူလိုက်သည်။

'ဒီဥကာလေးဟာ အမေရိကန်သမ္မတကြီး လွှတ်လိုက် သူပါပဲ ဆရာတော် ဘုရား'

ကာဒီနယ်ပိုင်းက စကားစလိုက်၏။



'အင်း....ဒီတောင်းဆိုချက်ကို ကျုပ် မှတ်မိပါတယ်'

ရဟန်းမင်းကြီးသည် ကာတာအား အတန်ကြာ စိုက်ကြည့် သည်။

'ဒကာရဲ့ အစိုးရဟာ မကြာမီက ကျုပ်တို့ရဲ့ ကံအဆိုးဆုံး၊ အလွန် ကာ အဆိုးဆုံး လုယက်မှုမှာ မထင်မှတ်တဲ့ ပတ်သက် နေပုံရတယ်'

'တင်ပါ့ဘုရား၊ အရှင်ဘုရားတို့ရဲ့ လက်ဆောင်မွန်နဲ့အတူ အထောက်လေး အခရေးကြီး တဲ့ စာချက်တစ်ချက်ပါသွားပါတယ်၊ ရန်လိုသူတွေလက်က လွှတ်ဖို့အတွက် တမည့်ထောက်ဟာ ဒီ စာ ချက်ကို စာကြည့်တိုက်က ရှေးဟောင်း ပန်းအိုး တစ်ခုထဲမှာ ဝှက်ထားခဲ့မိပါတယ်၊ တမည့်ထောက်ဟာ ရန်သူတွေနောက်က လိုက်လို့ စာကြည့်တိုက်ထဲကို ရောက်ခဲ့ရတာပါ'

နိုင်ငံတကာ သံတမန်ရေးရာနယ်ပယ်သို့ ခြေချမိပြီဟု သူ သိ ပါ၏။

ထို့အတွက် စကားသုံးများကို အတတ်နိုင်ဆုံး ရွေးချယ် ပြောရ၏။

သူ၏ စကားကို ရဟန်းမင်းကြီး လက်ခံသကဲ့သို့ ခေါင်း ညိတ်သည့်အခါမှ ကာတာ စိတ်သက်သာရာ ရမိသည်။ တစ်ခု လုံးက တိုသော်လည်း အရှင်းဆုံး ပြောလိုက်နိုင်သည်ဟု သူအ မိသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒကာပြောတဲ့ ဒီစာချွက်ဟာ အလွန် အရေးကြီးတ[ယ်] လို့ ဒကာတို့ သမ္မတကြီးက ပြောခဲ့ပါတယ်'

'မှန်ပါတယ် ဆရာတော်ဘုရား...ဒါကြောင့်မို့လဲ ပြခန်း[ကို] စစ်ဆေးဖို့ ပြခန်းက တာဝန်ကျ ပုဂ္ဂိုလ်အချို့နဲ့ စကားပြေ[ာ] ခွင့်ကို တပည့်တော်တို့ လိုလားတာပါ၊ ရဲတပ်ဖွဲ့ဟာ အပြင်အထွန် စုံစမ်းနေတယ်လို့ တပည့်တော်တို့ သိထား[ပါ] တယ်၊ ဒီစာချွက်ဟာ တပည့်တော်တို့ အစိုးရအတွက် အရေး[ကြီး] ကြီးတာမို့ ကိုယ်တိုင်ပဲ စုံစမ်းစစ်ဆေးဖို့ လိုအပ်တယ်လို့ ယူ[ဆ] ထားကြပါတယ်'

ကာဒီနယ်ပိုင်းသည် ခေါင်းဆတ်၍ ရဟန်းမင်းကြီးအား လှမ်းကြည့်လိုက်သည်။

ထို့နောက်...ကာတာကို ကြည့်သည်။

'ဥပမာ ဒီပန်းအိုးဟာ အခိုးခံရတဲ့ ပစ္စည်းတွေထဲ ပါသ[လား] တာ တပည့်တော်တို့ သေချာရပါမယ်၊ စာကြည့်တိုက်[က] တပည့်တော်ပြန်ပြီးနောက် ပန်းအိုးကို အီထရပ်စကင်ခေ[တ်] ပြတိုက်ကို ပြောင်းထားလိုက်တာလဲ ဖြစ်နိုင်ပါတယ်'

'ကျုပ်ကတော့ ဒီလို မထင်ဘူး'

ကာဒီနယ်ပိုင်းက ဝင်ပြောလိုက်သည်။

'ဟုတ်တယ်...အဲဒါအမှန်ပဲ'

ရဟန်းမင်းကြီးကပါ ထောက်ခံသည်။



'အခိုးခံရတာ ပစ္စည်းစာရင်းလုပ်ပြီးပါပြီ၊ ကျုပ်ကြည့်ဖို့က် [ပ]ါသေးတယ်၊ ကျန်ခဲ့တဲ့ ပစ္စည်းစာရင်းမှာ အီထရပ်စကင် ပန်း[အ]ိုး တစ်လုံးမှ မပါဘူး'

ရဟန်းမင်းကြီးက ကာတာကိုကျော်၍ နောက်ဘက်နံရံဆီသို့ [ေ]ဆွကြည့်နေ၏။

အတန်ကြာသွားသည်။

ကာတာမှာ စကားမစဝံ့။ ရဟန်းမင်းကြီးက ကာတာအား [ပ]ြန်ကြည့်သည်။

'ကောင်းပါပြီ မစ္စတာကာတာ၊ ဒီနေ့ ကျန်တဲ့အချိန်တွေ မှာ စာကြည့်တိုက်က ပြခန်းနဲ့ အခန်းတွေကို ကာတာ ဝင်ကြည့် [ပ]ြီးရှာဖို့ ခွင့်ပြုပါမယ်'

'အလွန်ကို ချီးမြှင့်လိုက်တာပါပဲ ဆရာတော်ဘုရား'

ရဟန်းမင်းကြီးက ကာဒီနယ်ပိုင်းဘက်သို့ လှည့်သည်။

'လက်မှက်ထိုးဖို့အတွက် စာရွက်စာတမ်းကို ပြင်ဆင်ပါ၊ ကျုပ်ကို ရဲအဖွဲ့နဲ့ မစ္စတာကာတာ မလိုအပ်ဘဲ အခက်အခဲတွေ မှာကို ကျုပ်တို့မလိုချင်ဘူး'

'တင်ပါ့ဘုရား'

ကာဒီနယ်ပိုင်းက ခေါင်းညိတ်၏။

'ခုချက်ချင်း ပြီးသွားပြီပဲလေ'

ရဟန်းမင်းကြီးက ကာတာအား ပြန်ကြည့်ကာ ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီစာရွက်ကို ပြန်ရှာတွေ့ဖို့ ကျုပ်ကိုယ်တိုင် ဆန္ဒရှိပါတယ် မစ္စတာ ကာတာ'

'ကျေးဇူးတင်ပါတယ် ဘုရား'

ကာတာက ထရပ်၍ နောက်ပြန်ဆုတ်သည်။

ခါးညွတ်သည်အထိ ဦးညွှတ်အရိုအသေပေးပြီး နောက်မှ ကာဒီနယ်ပိုင်းနှင့်အတူ စိတ်အားတက်ကြွစွာ ထွက်လာခဲ့ကြသည်။

မိနစ်နှစ်ဆယ်အတွင်း ရဟန်းမင်းကြီး၏လက်မှတ်နှင့် တံဆိပ်ပါစာကို ကာတာရလိုက်သည်။

စိတ်သက်သာမှုက တစ်ကိုယ်လုံးလွှမ်းခြုံသွား၏။ ပုတ်ရဟန်းမင်းကြီးနှင့်တွေ့ဆုံမှုကတော့ ပြီးခဲ့ချေပြီ။

သို့သော် ထိုကိစ္စမှာ သူ၏တာဝန်ခရီးစဉ်ဝယ် စိတ်ကော ကိုယ်ပါ အကျဉ်းကျပ်ဆုံးဖြစ်၏။

နှစ်ကာတာသည် ပုတ်ရဟန်းမင်းကြီးနှင့်ပင် တွေ့ခွင့်ရခဲ့သည်ဟု ရွှင်ပျစွာတွေးလိုက်မိသည်။

*  *  *



သူက ပထမဦးစွာ အော်သရင်စကင် ပြတိုက်သို့ သွား၏။ အဆောက်အအုံ တစ်ခုလုံး ယာယီပိတ်ထားသည်။

ပတ်ဝန်းကျင်ဝယ် အလည်လာသူများကော ကမ္ဘာလှည့်ခရီးသည်များပါ မရှိကြ။

ဤပြတိုက်မှာ အခြားပြတိုက်များနှင့်စာလျှင် နန်းတော်နှင့် ပိုတူလှသည်။

အော်ထရင်စကင်ခေတ်မှ တန်ဖိုးမဖြတ်နိုင်သော လက်မှုပစ္စည်းများ၊ အနုပညာပစ္စည်း အပြည့်ရှိနေ၏။

ပြတိုက်တွင် ပန်းအိုး များ များ စား စား ရှိသည်ဟု သူ မထင်။

သို့သော် ပန်းအိုး၏ အသွင်သဏ္ဌာန်ကို ယူဟောင်းစွာမှတ်မိခြင်းက ကံဆိုးလှသည်။

သို့သော် ပြတိုက်မှ တာဝန်ရှိ ပုဂ္ဂိုလ်အချို့နှင့် မှတ်တမ်းများအကူအညီကြောင့်ထို ပန်းအိုးအား ဗာတီကန်စာကြည့်တိုက်သို့ လွန်ခဲ့သော နှစ်နှစ်ကရွှေ့ထားကြောင်း၊ ပြန်လည်ယူထားခြင်းမရှိကြောင်း သိရ၏။

ထိုသနေ့စောင်းတွင် ရင်ပန်းအိုးမှာ [illegible] မနက်က ပြခန်းထဲ၌ရှိကြောင်း ပြခန်းဝန်ထမ်းအချို့က ပြောပြခဲ့ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ မူလက သံသယဝင်သလိုပင် ပန်းအိုးမှာ သူခိုးများသ
သို့ ပါသွားပြီဟု သူတို့က ကောက်ချက်ချကြပါသည်။

ကာတာ ပြခန်းအတွင်းသို့ လှည့်လည် လျှောက်ကြည့်နေ
သည်။

ထိုအခါတွင် တာဝန်ကျအရပ်ဝတ်နှင့် စုံထောက်မှာ ရဟန်း
မင်းကြီး၏ ခွင့်ပြုစာအပေါ် သံသယရှိပုံရ၏။

'ဒါကို ကျွန်တော်စစ်ဆေးကြည့်ရဦးမယ် ဆရာ'

'မြန်မြန်လုပ်ဗျာ၊ ကျွန်တော့်ကိုခွင့်ပြုထားတာ ဒီတစ်ရက်
တည်းမို့ပါ'

'သတ်မှတ်ထားတဲ့ လုပ်ထုံးလုပ်နည်းတွေရှိလို့ပါ'

'ဒီမှာ ခုစာပါသွားယင် ဘာမှ အခက်အခဲမရှိဘူးလို့ ရဟန်း
မင်းကြီးကိုယ်တိုင် ပြောခဲ့တယ်၊ ခင်ဗျားသံသယဝင်နေတာ သူ့
ဆီ ကျွန်တော် သတင်းပို့ရမယ်'

စုံထောက်က ကာတာအား တစ်ခဏမျှ စိုက်ကြည့်နေ၏၊
ထို့နောက် စာကိုပြန်ကြည့်သည်။

'ခဏခွင့်ပြုပါဦး'

ထိုသူက ပြခန်းအတွင်းသို့ဝင်ကာ အခြားစုံထောက်တစ်ဦး
အား စာကိုပြ၏။

အတွင်းမှ စုံထောက်က စာကိုဖတ်ကြည့်သည်။ ထို့နောက်
ကာတာအား နှစ်ယောက်သားလှမ်းကြည့်ပြီး အီတလီစကား
နှင့် ပြောနေကြ၏။



ပထမ စုံထောက်က ကာတာဘက်သို့ လက်ညှိုးထိုးပြကာ
ဒုတိယစုံထောက်အား ပြောသည်။

ဒုတိယစုံထောက်က အဖြေပေးပြီး လက်ယမ်းပြ၏။ ပထမ
စုံထောက်က ကာတာထံသို့ စာကိုပြန်ယူလာသည်။

'ကျွန်တော့်အထက်အရာရှိက ခင်ဗျားကို ပြခန်းထဲဝင်ခွင့်
ပြုပါတယ်တဲ့'

'ကျေးဇူးပါပဲ'

ကာတာက ရဟန်းမင်းကြီး၏စာကို ပြန်ယူသည်။

ပြခန်းထဲသို့ ကာတာဝင်သွားပြီး လျှောက်ကြည့်၏။

စာကိုဖတ်ကြည့်သော လူအပါအဝင် အစောင့်သုံးဦး ရှိနေ
သည်။

သုံးယောက်သားစု၍ တီးတိုးပြောလျက်ရှိသည်။

အခန်းရှည်ကြီးမှာ ကာတာနောက်ဆုံး မြင်ခဲ့ရပုံနှင့်အလွန်
ကွဲပြားနေသည်။ မိုးရွာနေ၍ ပြတင်းပေါက်များ ပိတ်ထား
သည်။

မှန်ဗီရိုကွဲများ၏အဖုံးများကိုဖယ်၍ လက်ဗွေရာ ရှာထား
ပြီးဖြစ်သည်။

သူခိုးများအနေဖြင့် သဲလွန်စများချန်ထားမိခဲ့သော် ယခု
အခါတွင် ရဲတပ်ဖွဲ့က တွေ့ခဲ့ပြီး ဖြစ်ပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုမနက်ကလည်း မည်သည့်သဲလွန်စကိုမှ သူခိုးများ ချန်မထားခဲ့ကြောင်း သူ့အမြင်ပင်ဖြစ်သည်။ လက်မှုရာများ ကျန်ရစ်ခဲ့လျှင်တော့ သူမသိ။

ကြမ်းပြင်သို့ ကာတာကြည့်နေမိသည်။ ဖိနပ်များကို ရှာဖွေတွေ့နိုင်ရန်မလွယ်။

မြတောင်ပေါက်ပေါင်နှင့် အခြားသူတို့ ပုန်းခိုနေရာမျိုး၌သာ ဖိနပ်ရာကိုတွေ့လျှင် တွေ့နိုင်သည်။

ပန်းအိုးကိုလိုက်ရှာမိပြန်သည်။ စိတ်ထဲတွင်တော့ မရှိဟု သိနေမိသည်။

ပန်းအိုး သို့မဟုတ် ပန်းအိုး ကွဲတစ်ခုခုကို သက်သေခံပစ္စည်းအဖြစ် စစ်ဆေးရန်ယူဆောင်ခဲ့ခြင်း၌ အခြောင့်များကို ပြန်ကြည့်၍ မရှိပါ။

စကြီးလမ်းဆီသို့ထွက်ခဲ့သည်။ အချင်းဖြစ်ရာ မနက်က လှေကားမှတက်ရင်း သူမြင်တွေ့သမျှကို ကြိုးစားပြန်တွေးကြည့်သက်။

သေနေသည့်အစောင့်နှင့် ပိတ်ထားသောတံကားများ။

ပြခန်းသို့ပြန်ဝင်၏။ အစောင့်၏အလောင်းရှိရာသို့ လျှောက်သွားသည်။ သွေးစွန်းကွက်အချို့ ရှိနေဆဲဖြစ်သည်။

တံခါးများကမူ ပွင့်လျက်ရှိသည်။ သူ့ သေနတ်နှင့်ပစ်ခဲ့ရသော အိမ်မှာ မပြင်ရသေး။



ကိုးမမကျည်ဆန်ကိုတွေ့ပြီး ရဲအဖွဲ့မှာ အတွေးကြယ်နေကြလိမ့်မည်။ ကြမ်းပြင်သို့ငုံ့ကြည့်မိ၏။ ချိတ်စုံတစ်ခုကို တွေ့လိုက်သည်။

တံခါးကိုဖွင့်သားသည်။ အချို့ကြမ်းပြင်မှချိတ်တစ်ခုနှင့်ချိတ်သည့် ဇတ်ဝင်စားစရာဖြစ်၏။

သူခိုးများ တံခါးကိုပိတ်သည့်အခါ တံခါးနောက်သို့ဝင်၍ ချိတ်ကိုဖြုတ်ရမည်။ ကာတာက ကိုယ်ကိုကုန်း၍ ကြမ်းပြင်အားကြည့်၏။ တံခါးနောက်ဖုံးများဝယ် ဖိနပ်ရာတစ်ခုက ရှိနေသည်။

အစောင့်ကိုသတ်၊ တံခါးကိုဖြုတ်၊ တံခါးကိုပိတ်သူ၏ဖိနပ်ရာ ဖြစ်နိုင်စရာရှိသည်။

ဖိနပ်ရာက ရှော်ဘာအကြမ်းဖြစ်ပုံရသည်။ ထုံးစံ အတိုင်း မဟုတ်ဘဲ ဆန္ဒမကောင်းကွက်ပုံများ ဖော်ထား၏။

ဖိနပ်ရာဘေးမှဖယ်၍ တံခါးချိတ်ကိုဖြုတ်ကာ တံခါးကိုရွှေ့သည်။ အလင်းရောင်ကပိုရလာ၏။

အတွင်းဘိတ်ထဲသို့နှိုက်ပြီး အသေးစား ကင်မရာလေးတစ်လုံးကိုထုတ်သည်။ အလွန်မှန်ဘီလူးအားကောင်းသော အမြဲအမည်း ကင်မရာလေးသာဖြစ်သည်။

ဖိနပ်ရာကို ခေတ်ပုံသုံးပုံရိုက်ယူပြီး ကင်မရာကိုပြန်သိမ်း၏။ ကိုယ်ကိုပြန်မတ်လိုက်မည်ပြုစဉ်မှာပင် ဖိနပ်ရာဘေးတွင် ရွှံ့ခြောက်လေးတစ်ခဲကိုတွေ့မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖိနပ်မှကျန်ခဲ့သည့်ရွံ့ခဲဖြစ်နိုင်၏။ လက်ကိုင်မှဝါကိုထုတ်၍ ရွံ့ခဲကိုထုတ်ပြီး သိမ်းဆည်းလိုက်စဉ်မှာပင် ပထမစုံထောက်က ရောက်လာသည်။ သူ ကြည့်နေစဉ်မှာပင် ကာတာ တံခါးကို ပြန်ဆွဲ၍ ချိပ်ပိတ်သည်။

'ဘာတွေများတွေ့လို့လဲ ဆရာ'

စုံထောက်၏လေသံမှာ ကာတာအားငကြောင်တစ်ယောက်နှယ် သတ်မှတ်ထားပုံမျိုးဖြစ်၏။

ဖိနပ်ရာအကြောင်း ၎င်းအားပြောစရာမလိုပါ။ ဖြစ်နိုင်ပါလျှင် ရဲတပ်ဖွဲ့ထက်အရင် ကာတာက ဂျူးဒတ်အား ရှာတွေ့လို၏။

'ကြမ်းပေါ်ကခြေရာတွေကို သတိပြုမိလို့ပါ၊ အတော်ကြောက်စရာပဲနော်'

'ဟုတ်တယ်....ကြောက်စရာပဲ'

'ခုလို ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ'

ကာတာကပြန်ရန်ပြုသည်။ စုံထောက်ကတား၏။

'ခင်ဗျားက နိုင်ငံတကာ ရဲအဖွဲ့လား၊ သတင်းစာတိုက်ကလား'

'ဘယ်ကမှ မဟုတ်ပါဘူး၊ ကျွန်တော်ကပြတိုက်တွေကိုလေ့လာရေးသမားပါ၊ တစ်ကမ္ဘာလုံးက ပြတိုက်တွေကိုလျှောက်ကြည့်ပြီးသူတို့ဆီမှာရှိတဲ့ ပစ္စည်းတွေအကြောင်းရေးပါတယ်



'ပြတိုက်ပေါင်းတစ်သောင်းကျော်ရောက်ဖူးခဲ့ပြီးပြီ။ ဒီအပတ် မကုန်ခင် ဥရောပတိုက်မြို့ကြီး ခုနစ်မြို့က ပြတိုက် ငါးဆယ့်သုံးတိုက်ကို သွားရဦးမှာမို့ ဒီပြတိုက်ပြန်ဖွင့်တဲ့အထိ မစောင့်နိုင်တော့ဘူး။ ခုပဲ ပြန်ရတော့မယ်။ ဒီရောမက တခြားပြတိုက်တွေကို သွားရဦးမှာမို့ပဲ'

'ဟုတ်တာပေါ့လေ'

ကာတာထွက်လာချိန်ဝယ် ကျန်ခဲ့သောစုံထောက်လေးမှာ မိမိကိုပတ်သွားပြီလောဟု တွေးနေပုံမျိုးနှင့်ကြည့်ရင်း ကျန်ရစ်ခဲ့၏။

* * *

နိုင်ငံတကာရဲအဖွဲ့မှာ အမှတ် နှစ်ဆယ့်သုံး ဗီယာဖိလစ်ပိုတွင် ရှိပါသည်။ ဗာဂျင်နီယားပြည်နယ်၊ လင်ဂလေသို့ပြောင်းသွားသည့် စီအိုင်အေရုံးချုပ်ဟောင်းရှိရာ ဖောဂ်ဘော့တမ်မှ ရုံးနှင့်တူလှသည်။

ရာသီဥတုကကြည်လင်လျက်ရှိရာ နေ့ဦးရှန်း အတိုင်း[illegible] နေရ၏။ ရောမမြို့၏ လမ်းများပေါ်တွင်လျှောက်၍ နာမည်

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းနေရာများသို့ သွားရောက်ခြင်းသည် နံနက်ခင်းမျိုးပင် ဖြစ်သည်။ သို့သော် ကာတာအဖို့ အလုပ်ကိစ္စရှိသည်။

အလုပ်ကလည်း နိုင်ငံတကာ ရဲ့အဖွဲ့တည်ရှိရာတွင် ဖြစ်နေ ပြန်သည်။

လမ်းလျှောက်၍ နာမည်ကျော် နေရာများသို့ သွားရော အချိန်မဟုတ်တော့။'

ဇာတိယထင် ရုံးခန်းလေးထဲဝယ် မိတ်ဆွေဖြစ်သည့် တို အား ကာတာ တွေ့၏။

စတ်ချာသည့်နံရံနှင့် ပရိဘောဂတို့မှာ မှင့်ထားသည့်ပြတင်း ပေါက်မှနေရောင်ခြည် တိုနီ၏ အားပါးတရအပြုံးတို့ကြောင့် အရေးမဟုတ်တော့။

'နှစ်....'

တိုနီက ဟောင်းနွမ်းနေသည့် စားပွဲနောက်မှထွက်ကာ ကာ တာအား ပွေ့ဖက်နှုတ်ဆက်သည်။

တိုနီမှာ ကာတာ၏ အရပ်မျှမြင့်၏။ လူထဲနက်မှောင်သော ဆံပင်တို့ရှိသည်။

မျက်လုံးများမှာ တောက်ပြောင်လှ၏။

အတိတ်ကဆိုလျှင် တစ်ဦးကိုတစ်ဦး ကူညီခဲ့ကြသလို အ တကူ အပျော်ကျူးခဲ့ကြ၏။



ပျော်စရာအချိန်မျိုး မည်သို့ ဖန်တီးရမည်ကို တိုနီ သိပါသည်။

နှစ်ဦးသား ထိုင်လိုက်ကြသည်။ ကာတာက လက်ကိုင်ထိုးရိုက် စီးကရက်ဘူးကို တိုနီအား ယဉ်လိပ်လှမ်းပေး၏။

'အားပါးပါး၊ ခင်ဗျားကိုကျွန်တော် ဘာဖြစ်လို့ခင်တယ် ဆိုတာ ခုသိနေပြီ၊ ခင်ဗျားက အမေရိကန် စီးကရက်ကောင်း တွေကို သောက်တာပဲကိုး'

နှစ်ဦးသား စီးကရက်ကိုယ်စီခဲကာ ငြိမ်သက်နေကြသည်မှာ အတန်ကြာသည်။

'ခု ခင်ဗျားက ရုရှားအဆင့် ရောက်နေပြီပေါ့နော်'

ကာတာ၏အမေးကို တိုနီက အလကားပါဟူသော ပုံစံမျိုး နှင့် လက်ဝှေ့ယမ်းပြ၏။

'အဖွဲ့တစ်ခုမှာ လုံလောက်တဲ့အတိုင်းအတာဖြစ်နေယင် ကြိုက် ကြိုက်မကြိုက်ကြိုက် အထက်ကို ရောက်မှာပဲ'

တိုနီက ဖြူစင်သောသွားများပေါ်သည်အထိ အားပါးတရ ပြုံးလိုက်၏။

'အိုင်(စ်)အဖွဲ့ကြီးကနေ ကျွန်တော့်ဆရာက အငြိမ်းစား မယူခင် ထွက်မှာပဲထင်တယ်၊ စားပွဲထိုင်တဲ့အလုပ်နဲ့ ကျွန်တော် သင့်တော်မယ်မထင်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်လဲပဲ ဒီအတိုင်းပေါ့ဗျာ၊ ကံကောင်းလို့ ရာထူးတိုးတက်တာတောင် လုပ်လုပ်ရှားရှား လုပ်ခွင့် ကြုံနေသေးတာ'

တိုနီ၏ မျက်လုံးညိုညိုတို့က ဂရုတစိုက်ရှိလာ၏။

'ဗာသီကန်လူ့သတ်မှုကို ကျွန်တော် မှတ်တမ်းလုပ်နေခဲ့ပြီနှစ်၊ ဒီကိစ္စမှာ ခင်ဗျားက ဘယ်လိုပတ်သက်နေရတာလဲ'

ကာတာက အဖြစ်ကို အကျဉ်းချုံး၍ ပြောပြလိုက်လေသည်။

လျှို့ဝှက်စာအကြောင်းကို ပြောသော်လည်း ကီရီယာ၏ထူးခြားချက်ကိုမူ ပြောမပြ။

'ခင်ဗျားတို့ရဲ့ မှတ်တမ်းခေါက်ပုံတွေကို ကျွန်တော်ကြည့်ချင်တယ် တိုနီ၊ ကျွန်တော်သေနတ်နဲ့မခ်လိုက်တဲ့ လူရုပ်ကို ကောင်းကောင်းမှတ်မိနေတယ်'

'ကျွန်တော်တို့နဲ့ အဘူဘူကြည့်ပေါ့နစ်၊ ဗာသီကန်ကို ကျွန်တော် လူတစ်ယောက်ကိုလွှတ်ခဲ့သေးတယ်၊ လက်ချည်းဗလာပဲ ပြန်လာရတယ်၊ ခုကိစ္စကို ကျွန်တော်တို့နှစ်ယောက် ပူးတွဲလုပ်လို့ ရနိုင်မယ်'

'ရနိုင်ပါတယ်၊ ဒါပေမယ့် တရားဝင်တော့ မဟုတ်ဘူးနော်၊ ကျွန်တော်ရောက်နေတာကို နိုင်ငံတကာရဲအဖွဲ့အနေနဲ့ သိစရာအကြောင်းမရှိဘူး'



တိုနီက ခေါင်းညိတ်၏၊

'တစ်ခုရှိသေးတယ် တိုနီ၊ ဟိုစာရွက်ကို ကျွန်တော်တို့ရှာတွေ့ယင် ကျွန်တော် စာပဲပြန်ရမယ်၊ ဒီစာရွက်အကြောင်း ခင်ဗျားရဲ့အကြီးအကဲတွေကို ခင်ဗျား အသိမပေးရဘူး'

တိုနီက စဉ်းစားနေသေး၏။

'ကောင်းပြီလေ၊ ကျွန်တော်တို့စိတ်ဝင်စားတာ ဗာသီကန်ရတနာတွေ ပြန်ရဖို့ပဲ၊ အမေရိကန်အစိုးရရဲ့ လျှို့ဝှက်ချက်တွေကိုမဟုတ်ဘူး'

တိုနီက တဖြည်းဖြည်းပြုံးလာ၏။

'တစ်ခုခုတော့ ခင်ဗျား သဲလွန်စရထားပုံပဲနစ်'

နစ်ကာတာက အိတ်ထဲမှ ကင်ပရာအသေးစားလေးကို ထုတ်သည်။

'ဒီအထဲက ဖလင်ကို ခင်ဗျားစိတ်ဝင်စားမှာ သေချာတယ်၊ ဘယ်လောက်မြန်မြန် ပုံကူးလို့ရမလဲ'

'ဒီအဆောက်အအုံထဲမှာကို အမှောင်ခန်းလေးတစ်ခု ရှိပါတယ်'

'သိပ်ကောင်းတာပဲဗျာ'

ကာတာက လက်ကိုင်ပဝါကိုထုတ်၍ ဖြန့်ပြလိုက်၏။

'နောက်တစ်ခုက ဒီရွှံ့မျိုးဘယ်မှာရှိတယ်ဆိုတာ သိချင်သေးတယ်၊ ဖြစ်နိုင်ပါမလား'

www.burmeseclassic.com

www.burmeseclassic.com



'နည်းနည်းတော့ ခက်လိမ့်မယ်'

တိုနီက ကိုယ်ကိုညွတ်၍ ရှုံ့ခဲလေးကို ကြည့်သည်။

'ကျွန်တော်တို့ရဲ့ ခေတ်ပေဒပညာရှင်တွေဆီကို ပို့ရလိမ့်မယ်၊ ကဲ... တခြားဘာရှိသေးသလဲ'

'လောလောဆယ်တော့ ဒီလောက်ပဲ၊ လာ ခေတ်ပုံတွေ သွားကြည့်ကြရအောင်'

သူတို့သည် ဗိုင်တဲ့ဗီရိုများ၊ စားပွဲများ၊ အမျိုးသမီးစာရေးများ ပြည့်နေသည့် မှန်မိုင်းမှိုင်း အခန်းကျယ်ကြီးတစ်ခုထဲတွင် တစ်နာရီကျော်မျှ ခေတ်ပုံများကို စစ်ဆေးကြည့်ကြသည်။

သို့သော်... ကာတာရှာသည့်လူ၏ပုံကို မတွေ့ရချေ။

'ဒီမှာ အဲဒီလူရဲ့ပုံရှိမှာ သေချာဘယ် တိုနီ'

'ခင်ဗျားတွေလိုက်တဲ့လူဟာ ဂျူးဒက်ဘိုယင် သူဟာ လူဆိုး သေသေချာချာ ရွေးမှာပဲ'

'ဟုတ်တယ်၊ ဒါပေမယ့်...ခု လူသတ်မှုဟာ ကြေးစားသမားတွေရဲ့ လုပ်ရပ်မို့ ဒီလူတွေရဲ့ မှတ်တမ်းဟာ ဒီမှာ ရှိကို ရှိရမယ်'

တိုနီသည် ကာတာ၏ ပခုံးကို ကိုင်လိုက်၏။

'ခင်ဗျားရိုက်ထားတဲ့ ခေတ်ပုံတွေနဲ့ ရှ ခဲနမူနာ ရှိပါသေးတယ်ဗျာ၊ ကဲ... နေ့လယ်စာ သွားစားပြီးမှ လုပ်ငန်းဆက်ကြတာပေါ့'



ကာတာ ပြုံး၍ ခေါင်းညိတ်လိုက်သည်။

တိုနီအား သူ သဘောကျသည့် အချက်တစ်ချက်မှာ ထို ကိုပင် ဖြစ်သည်။

သူ၏ သော်ကကောင်းကောင်းနေတတ်သည့် စိတ်မှာ စိတ်ရင်းမှာ ဖြစ်၏။

သို့သော် အရာရှိကောင်းတစ်ယောက်၏ အသိဉာဏ်မျိုး၊ မြက်မှုမျိုးကာသော ဖုံးကွယ်ထားတတ်ပါသည်။

ခင်ဗျားပြောတာမှန်ပါတယ် ခေတ်ပုံတွေ မကူးပြီးမချင်း တော်တို့ ဒီမှာ အာမှ လုပ်စရာ မရှိသေးဘူး'

သူတို့သည် ဘေဖးမက်ဒီဘာရန်နီယိုသို့ လျှောက်သွားကာ းဘေးစားပွဲအစ်လုံးတွင် ဝင်ထိုင်ကြသည်။

ကိမ်တိုက်များ မရှိတော့ဘဲ အခန်းခေတ်က ပိုနေသည်။ သော်...ဖျော်ပြေလည်ပင်း၏ တိုက်လျက်ရှိပါသည်။

တိုနီ၏ တိုက်ဘွန်းချက် အရ ငါးပိဖုတ်ကို မှာ၏။ ဒိန်ခဲနှင့် ရက်ဖြူကလည်း အရသာ ရှိပါသည်။

သူတို့က အတိက်မှ အကြောင်းများကို ပြန်ပြောင်းပြောမိသည်။

သူတို့ နှစ်ဦးစလုံး သိသည့် မိန်းကလေး တစ်ယောက် ကြောင်း တိုနီက အမှတ်ရစေသည်။

အားပါးတရ ရယ်မောမိကြ၏။

www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သည့်အပတ်က စိတ်မသက်သာရမှုတို့မှာ ပြေပျောက်… စိတ်ရောက်ကိုယ်ပါ လွတ်လပ်သွားသည်။

တစ်နာရီကျော်အကြာဝယ် နိုင်ငံတကာ ရဲအဖွဲ့ရုံးချုပ်… ပြန်လာခဲ့ကြသည်။

ဓာတ်ပုံများကူးပြီး၍ (၈×၁၀)သက်မပုံများအဖြစ် ပုံ… ချဲ့ထား၏။

ဖိုင်တွဲမှ ဓာတ်ပုံများကို တိုနီသည် ထုတ်ယူ၍ မကြ… တော့ဘဲ ကာတာကို ပေးလိုက်သည်။

'ဓာတ်ပုံက အတော် ပြတ်သားတာပဲ၊ ဒါလေးကို ကြ… စမ်း'

တိုနီ ပထမ ဓာတ်ပုံကို ကြည့်၏။

'ဟုတ်တယ်....ဖိနပ်ကအရာတွေ ထင်းနေတာပဲ၊ ဒီပုံစံ… ကျွန်တော် တွေ့ဖူးတယ် မထင်ဘူး၊ အတော့်ကို ထူး… တာပဲ'

'ဟုတ်တယ်....ဒါကြောင့်ပဲ ကျွန်တော်တို့အတွက် သဲလွ… ရနိုင်မယ်'

'သေချာတာပေါ့၊ မိတ္တူတွေကူးပြီး ဖိနပ်ပုံစံတွေနဲ့ … စစ်ဆေးကြည့်ရမယ်'

သူတို့သည် ဓာတ်ပုံအခန်းဆီသို့ သွားကြသည်။



…ဓာတ်ပုံ ဆရာကလည်း အကောင်းဆုံးပုံကို မိတ္တူများ ကူး…ရန် သဘောတူ၏။

ထို့နောက်....တိုနီသည် ဖိနပ်အရောင်းဆိုင်များ၏ စာရင်း… ယူသည်။

ကာတာသည် ဖိနပ်ချုပ်လုပ်ငန်းများထံသို့ ဖုန်းဆက်သည်။ အီတလီတွင် ဖိနပ်ချုပ်လုပ်ငန်း ခယ်နှစ်ခုမှာ နိုင်ငံအနှံ့ ရှိ…၏။

…နီက သူ့လူနှစ်ယောက်ကို ဖိနပ်ဆိုင်များသို့ သွားရောက် …မ်းခိုင်းသည်။

ကာတာက ဟိုတယ်သို့ ပြန်လာပြီး လင်းယုန်ကြီးထံသို့ …ခြေအနေကို သတင်းပို့ရသည်။

…သတင်းကို သတ်မှတ်ထားသည်။

သူ့ဖိုက်နေရာတွင် ထားရှိပြီး စာပို့သမားကယူပြီး ဝါ…တန်သို့ လူကိုယ်တိုင် သွားပို့ရခြင်းဖြစ်သည်။

အလွန် အရေးတကြီး အခြေအနေမဟုတ်ပါက အိပ်(စ)…သည့် ဖုန်းကို မသုံးရပါ။

ဟိုတယ်သို့ ပြန်ရောက်လာသည့်အခါဝယ် တိုနီထံသို့ ဖုန်း…ဆက်ရန် သတင်းက ရောက်နှင့်နေသည်။

'ဒီဖိနပ်မျိုး ထုတ်လုပ်တဲ့လူကို သိရပြီနစ်၊ ဒီဖိနပ်ချုပ်ပုံစံ …ထုတ်တာ သူ့ကုမ္ပဏီတစ်ခုပဲရှိတယ်၊ သူ့ဆီက လက်ကား…ယ်သွားသူတွေရဲ့ စာရင်းကို ကျွန်တော် စစ်ဆေးကြည့်ပြီ…

www.burmeseclassic.com

www.burmeseclassic.com



'ကောင်းတယ်ဗျာ၊ ခင်ဗျား ရုံးမဆင်းခင် ကျွန်တော် ခဲ့မယ်'

* * *

ညနေပိုင်း တိုနီ၏ရုံးသို့ ရောက်သွားသည့်အခါ ထိုဒ ထုတ်လုပ်သော ကုမ္ပဏီမှာ မီဂျန်ရှိ နယူးအီတလီကုမ္ပဏီ ကြောင်း အာတာ သိသည်။

ကုမ္ပဏီ၏ ရောမမြို့ရှိ အရောင်းကိုယ်စားလှယ်သည် ထိုဒ အနည်းငယ်ကိုသာ မှာကြားခဲ့သည်။

ရောမမြို့ရှိ လက်လီဆိုင်နှစ်ဆိုင်ကို တင်ရောင်းစေခဲ့၏။

ထိုလက်လီဆိုင်တစ်ဆိုင်မှာ အရှုံးနှင့်ရင်ဆိုင်ပြီး လွန်ခဲ့ တစ်နှစ်ကပင် ပိတ်သွားခဲ့ပြုဖြစ်သည်။

မြို့စွန်ရှိ ဆိုင်တစ်ဆိုင်သာ ကျန်တော့သည်။

ထိုဆိုင်အကြောင်း စုံစမ်းကြည့်သည်။ ပိုင်ရှင်မှာ လူ ဖာ့နေးဖြစ်သည်။



'ကျွန်တော်တို့တော့ သဲလွန်စကောင်းကောင်း ရနေပြီ တိုနီး ကျွန်တော်တို့လူသာ ရောမမှာ ဖိနပ်ဝယ်ခဲ့ယင်ပေါ့'

'အတော်ကိုဖြစ်နိုင်ပါတယ်၊ နောက်....ဟိုရှု ခဲရဲ့အဖြေကို လဲ ရနေပြီ၊ ကျွန်တော်တို့ ဓာတုပညာရှင်တွေဟာ ဒီရွှံ့မျိုး ဟာ စစ္စလီကျွန်းမှာ ရှိတယ်တဲ့'

'အင်း — မာဖီးယားတွေပါလား'

* * *

တိုနီမှာ ကိစ္စတစ်ခုရှိနေသဖြင့် ကာတာတစ်ဦးတည်းသာ လျှင် ဖိနပ်ဆိုင်သို့ အငှားကားနှင့်ထွက်ခဲ့၏။

ရောမမြို့၏ ရပ်ကွက်သစ်မှ လမ်းကျဉ်းလေးတစ်ခုတွင် ဆိုင် ကရှိနေသည်။

ဆိုင်မှာ ဖိနပ်နှင့် သားရေပစ္စည်းများကိုသာ ရောင်းခ သည်။

ပုပုဝဝနှင့် နှုတ်ခမ်းမွေးမျှင်မျှင်နှင့် ဆိုင်ရှင် မစ္စတာဗေါ်နေး မှာ အလွန်ပင်ကူညီတတ်သူ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'မကြာခင်က ဒီဖိုနပ်မျိုးဝယ်သွားတာ သုံးဦးပဲရှိတယ်၊ စာရင်းစာအုပ်ထဲမှာ နံမည်တွေရှိတယ်'

ကာတာက အမည်များကို ဖတ်ကြည့်သည်။ ဘာဇီနီ၊ အရန်စီ၊ ပေါ်ယောတီ ဟူ၍ ဖြစ်၏။

ကာတာအတွက် မည်သို့မျှ ထူးခြားမလာ။

'ဒီနာမည်တွေကို ကျွန်တော် ကူးယူသွားလို့ ရမလား'

'ရပါတယ်ဗျာ'

ကာတာက အမည်ကိုကူးယူ၍ ကျေးဇူးတင်စကား ပြောကာ ပြန်ခဲ့၏။

* * *

နောက်တစ်နေ့တွင် တိုနီက ကာတာအား သူ၏လက်ထောက်အဖြစ်နှင့် ရဲဌာနချုပ်သို့ ခေါ်သွားသည်။

ဖိုင်တွဲများစွာ ကြည့်ရှုနိုင်ခွင့်ရခဲ့၏။

မွန်းတည့်ချိန်လောက်တွင်မူ သူတို့ရှာနေသည့်အရာကို တွေ့ကြရပြီဖြစ်သည်။



ရော့ကိုဘာဇီနီသည် ရဲမှတ်တမ်းဝင်ဖြစ်သည်။ မှတ်တမ်းကကြာပြီဖြစ်သလို အမှုကလည်း အသေးအဖွဲ့မျှသာ။

နောက်တစ်နာရီကြာသည့်အခါ ရဲမှတ်တမ်းရှိ ဘာဇီနီ၏ဓာတ်ပုံကိုရှာတွေ့သည်။

ဓာတ်ပုံကိုကြည့်လိုက်တွင် ကာတာ သေနတ်နှင့်ပစ်ခဲ့သူမှာ ...င်းပင်တည်း။

တိုနီက မှတ်တမ်းဌာနမှ ပုဂ္ဂိုလ်တစ်ယောက်နှင့် စကားပြောကြည့်သည်။

တို့နောက် ကာတာအား ပြန်ပြောပြ၏။

'ဘာဇီနီကို သူတို့သတင်းမကြားရတာ အတော်ကြာသွားပြီတဲ့၊ သူ့ခြေရာကို ဘာမှရှာမရတော့ဘူးတဲ့'

'သူဘယ်မှာနေတယ်ဆိုတာကို မသိကြဘူးတဲ့လား'

'မသိဘူးတဲ့'

'အင်း— စစ္စလီကို သူမကြာခက သွားတာတော့ ကျွန်တော်သိနေကြပြီးပြီပဲ'

'ဟုတ်ပါတယ်၊ ဒါပေမယ့် ဒီသတင်းသောက်နဲ့ မလုံလောက်... စစ္စလီက ဘူးတစ်လုံးဆောင်တဲ့လူတွေရှိရာ ကျွန်းကြီးတစ်...နီးပဲ၊ ဘာဇီနီရဲ့အကြောင်းပြောမယ့်လူတစ်ယောက်ကို ရှာတွေ့...ဘယ်မှာမဟုတ်ဘူး၊ တွေ့ချင်မှလဲတွေ့မယ်'

www.burmeseclassic.com

www.burmeseclassic.com



ထိုအချက်ကို ကာတာလက်ခံမိသည်။

ထို့နောက် အီတလီ မာဖီးယားတစ်ဦးနှင့် ဆက်နွယ်ခဲ့ဖူးသည့် ဂျီနာအား ရွတ်ဘရက်သဘိရလိုက်၏။

'ဟုတ်ပြီ ဘာဇီနီရဲ့အကြောင်း ဒီဇရေမမြို့မှာကို သိနိုင်စရာ အကြောင်းရှိပြီ တိုနီ'

★

## အခန်း (၆)

ထိုညတွင် ဂျီနာထံသို့ ကာတာရောက်သွားသည်။ သူလာမည်ကို ကြိုတင်အကြောင်းကြားထား၍ ဂျီနာက ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ထား၏။

'အီတလီ အမျိုးသမီးတွေက ဒီလိုပဲ အချက်အပြုတ်တော်ကြသလား'

စားသောက်ပြီး၍ ဆိုဖာတွင်ဝင်ထိုင်စဉ် ကာတာက မေးလိုက်မိသည်။

ဂျီနာက ကာတာ၏ပခုံးကို ဖက်ထား၏။

www.burmeseclassic.com

www.burmeseclassic.com



'အားလုံးတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် အီတလီအမျိုးသမီးအများစုဟာ အချက်အပြုတ်တော်ကြပါတယ်'

သူမက ခြေထောက်နှစ်ချောင်းကိုဆန့်၍ အသာမြှောက်လိုက်သည်။

စကတ်က ပေါင်ပေါ်သို့လန်တက်ကာ အောက်ခံဘောင်းဘီအဖြူကလေး ပေါ်နေ၏။

'အီတလီ အမျိုးသမီးတွေ လုပ်နိုင်တာ အတော်များပါတယ်လေ'

ကာတာ၏ အပြောကြောင့် သူမကပြုံး၍ လည်ပင်းကို ခပ်ဖွဖွနမ်းလိုက်၏။

'ရှင် ကျွန်မဆီ ပြန်လာလိမ့်မယ်လို့ ထင်ခဲ့မိတယ်'

သူမအသံက တိုးညှင်းလှသည်။

'အလုပ်ကိစ္စကြောင့် ပြန်ရောက်လာသလို ဖြစ်ရတာအတွက် စိတ်မကောင်းပါဘူးကွာ'

ကာတာက တောင်းပန်ရ၏။

'အနည်းဆုံးကတော့ ဒီညရဲ့ အဓိကရည်ရွယ်ချက်ဟာ အဲဒီ အလုပ်ကိစ္စပဲ'

သူမက ကာတာ၏ပခုံးကို ဖက်ထားသည့်လက်အား ပြန်ရုတ်သည်။ ကာတာကပြုံး၍ သူမအား ဆွဲဖက်သည်။

'ကိုယ့်ကိစ္စသိပ်ကိုအရေးကြီးနေတယ်၊ ဒါပေမယ့် ဒါကြောင့် မင်းဆီကို ကိုယ်လာချင်တဲ့စိတ်ကို မပျောက်ပါဘူးကွာ'



ကာတာက ဂျီနာ၏မျက်နှာကိုဆွဲလှည့်၍ နှုတ်ခမ်းအစုံအား အသာနမ်းသည်။ သူမက ကာတာ၏လည်ပင်းကို ပြန်ဖက်ထား၏။

'ရှင်မှာ ဒီလိုစိတ်ရှိတာ ကောင်းပါတယ်'

သူမက လည်ပင်းမှလက်ကို ဖယ်သည်။

'ရှင့် ကိစ္စက ဘာတဲ့လဲ၊ ရှင့်ကို သံရုံးဝန်ထမ်းလို့ ထင်နေတာ'

'အဲဒါမျိုးပါပဲ၊ ရောမကို ကိုယ်ဘာကြောင့် လာရတယ်ဆိုတာတော့ ကိုယ်အတိအကျ မပြောနိုင်ဘူးဂျီနာ၊ ဒါပေမယ့် မင်းအကြောင်း မင်းအမှန်ပြောခဲ့ယင်တော့ ကိုယ့်ကို မင်းကူညီနိုင်စရာရှိနေတယ်'

သူမက ကာတာ၏ နားရွက်ဖျားလေးကို နမ်းလိုက်၏။

'ဘယ်လိုမျိုးလဲ'

'မင်းဟာ မြေအောက်လောကက လူတွေနဲ့ သိကျွမ်းတယ်လို့ မင်းပြောခဲ့တယ်'

ဂျီနာက ကာတာအနီးမှခွာသည်။

'ရှင်ဟာ ရဲမဟုတ်ဘူး မဟုတ်လား'

ကာတာက ချက်ချင်းမဖြေ။ ထို့နောက်မှ ပြောပြနိုင်သလောက် ပြောပြရန် ဆုံးဖြတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အကြောင်းတစ်ခုရှိလို့ မင်းကို ကိုယ်ရှင်းမပြနိုင်သေးတာတွေရှိတယ်၊ ဒါပေမယ့် မကြာခင်က ဖြစ်သွားတဲ့ ဇာတိကန့်လန့်လုယက်မှုကို ကိုယ်စိတ်ဝင်စားနေတယ်'

သူမ၏ မျက်ဝန်းနက်နက်တို့က ပြူးကျယ်သွားသည်။

'ဇာတိကန့်လုယက်မှုကို ရှင် စိတ်ဝင်စားနေတယ် ဟုတ်လား'

'ဟုတ်ပါတယ်'

'အင်း…ဒါကတော့ ကျွန်မ မဘတ်နိုင်ဘူး၊ ဘယ်သူ့မှ သတင်းမရနိုင်တဲ့ ရာဇဝတ်မှုမျိုးတွေဆိုတာရှိတယ်၊ ခုဟာက အဲဒီလိုဟာမျိုး တစ်ခုပဲ၊ ဘယ်သူမှ ဘာကိုမှ မသိနိုင်ဘူး'

'ဒီကိစ္စကို မင်း အဖြေရှာတွေ့ဖို့ကိုပဲ ကိုယ် မျှော်လင့်တာပါ'

'သူက ဘယ်သူလဲ'

'သူ့နာမည်က ဘာဇီနီတဲ့၊ ရော့…ကိုဘာဇီနီ'

သူမက တခဏမျှစဉ်းစားသည်။

'ဒီနာမည်ကို ကျွန်မ မကြားဖူးဘူး'

'တွေးကြည့်စမ်းပါ ဂျီနာရယ်'

ကာတာက သူမ၏လက်ကို နမ်းလိုက်သည်။

'ဒါက ကိုယ့်အတွက် သိပ်ကိုအရေးကြီးနေလို့ပါ'



အတန်ကြာမှ ဂျီနာက ခေါင်းခါပြသည်။

'မသိဘူး၊ ဒီလူကို ကျွန်မ မသိဘူး နစ်'

ကာတာ သက်ပြင်းချမိသည်။

'ဒီကိစ္စကို ရဲအဖွဲ့တော့ သဲလွန်စရမှာ မဟုတ်ဘူး၊ ရှင် ခေါင်းထဲက မေ့သာပစ်လိုက်တော့'

သူမ၏ မျက်လုံးများထဲဝယ် လေးလေးနက်နက်ရှိနေပုံကို ကာတာ တွေ့မိ၏။

'ကိုယ် မမေ့နိုင်ဘူးဂျီနာ'

သူမက ဆိုဖာနောက်မှီသို့ မှီချလိုက်ပြီး အောက်နှုတ်ခမ်းကို ကိုက်ထားသည်။

'အင်း…ရှင့်ကို မေးခိုင်းလို့မရမှတော့ ကျွန်မကူညီနိုင်တာ တစ်ခုပဲ ရှိတော့တယ်'

'အဲဒါက….'

'အမျိုးသမီးတစ်ယောက်ပဲ၊ ရိုဆာကာဘတ္တဆင့် သူ့ကို ကျွန်မ သိရတာ'

'ရိုဆာကို ကိုယ်မှတ်မိပါတယ်'

'ဒီ အမျိုးသမီးဟာ ဖီယက်ဇာမွန်တီစီတိုရီယိုမှာ ဇိမ်ခန်းတစ်ခု ဖွင့်ထားတယ်၊ သူက ရောမက ရာဇဝတ်ကောင်တွေ သူ့အစ်ကိုတွေ မှောင်တွေဆက်ဆောင် ပိုသိတယ်၊ ... တော့ ရှင့်ကို သူအကားပြောလိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



'ကိုယ် ငွေပေးမှာပါ'

'ရှင်တစ်ယောက်တည်းပဲ သွားရလိမ့်မယ်၊ သူ့နေရာကို သ… ကောင်မလေးတွေကလွဲပြီး ဘယ်မိန်းကလေးမှ အဝင်မခံဘူး'

'သူနဲ့ ခုညပဲ တွေ့နိုင်မလား'

'ကျွန်မ စုံစမ်းလိုက်ဦးမယ်'

ဂျီနာက ဖုန်းဆီသို့ လျှောက်သွားသည်။ နံပါတ်လှည့် ဖုန်းခေါ်ပြီး ခပ်စူးစူးအသံနှင့် ပြောနေသည်။

တစ်ခဏအကြာမှ ဖုန်းကိုချ၍ပြန်လာကာ ကာတာ၏ဘေး တွင် ဝင်ထိုင်သည်။

'အဆင်ပြေပါတယ်၊ ဆယ်နာရီကျော်ယင် သွားလို့ရပြီ၊ ရှင်… သူ စကားပြောလိမ့်မယ်၊ ရှင့်ရှာနေတဲ့လူအမည်ကိုတော့ ကျွန်… မပြောလိုက်ဘူး၊ သူ့ဖုန်းကို ရဲက ခိုးနားထောင်မှာ သူ စိုးရိမ် နေတယ်'

'ကျေးဇူးပဲ ဂျီနာ'

ကာတာက နာရီကို ကြည့်သည်။ ဆယ်နာရီ ထိုးခါနီး ဖြစ်သည်။

'ခုပဲသွားယင် ကောင်းမယ်'

'နောက်တစ်ခုရှိသေးတယ် နစ်'

'ဘာလဲ....'



'ရှင်သွားတွေ့တာ ဟို အပျော်ကိစ္စလိုဖြစ်အောင် မဒမ် ဗာ…ရီနဲ့ စကားမပြောခင် ကောင်မလေး တစ်ယောက်ကို ခေါ် …ယ်'

ကာတာက ဂျီနာ၏ မေးစေ့ကို လက်ညှိုးနှင့် အသာမ… မျက်နှာကို မော့စေသည်။

'ဒီကိစ္စကို ကိုယ်ရှောင်နိုင်လိမ့်မယ်'

ဂျီနာ၏ကိုယ်က တောင့်ခနဲ ဖြစ်သွားသည်။

'မဒမ်ဗာဆာရီကို ပတ်ဖို့မကြိုးစားနဲ့နစ်၊ ရှင်ဟာ ကောင်မ… …းအတွက် ပိုက်ဆံသုံးလိမ့်မယ်လို့ ကျွန်မ ပြောထားတယ်။ …ရကျိုးလဲ ရှင်နပ်ရမှာပါ'

'သဘောပေါက်ပါပြီကွာ'

ဂျီနာအား ပစ်ပယ်၍ အပျော်မယ်တစ်ယောက်နှင့် ချစ်ပွဲ …မည့် အရေးမှာ ပျော်စရာအတွေးတော့ မဟုတ်လေပါ။

'ရှင့်အတွက် စိုးရိမ်စရာ မလိုပါဘူးလေ၊ ဟိုက ကောင်မ …းအတွက် ပြောတာပါ၊ မဒမ်ဗာဆာရီဟာ သူ့မိန်းကလေး …ကို အမြဲတမ်း ဆေးစစ်ပေးတယ်လို့ ရီဆာက ပြောပြဖူး …'

ကာတာက ထရပ်လိုက်သည်။

'ဟိုမှာ စကားပြောပြီးယင် မင်း ဆန္ဒရှိယင်တော့ ဒီကိုပြန် …လာခဲ့မယ်'

www.burmeseclassic.com

www.burmeseclassic.com



သူမက ရီဝေသော မျက်လုံးအစုံနှင့် ကာတာအား မော
ကြည့်သည်။

'ကျွန်မ သိပ်ကို ဆန္ဒရှိပါတယ် ရှင်ရယ်'

* * *

ဖီးယက်ဇာမွန်တီစီတိုရီယိုသို့ အငှားကားဖြင့် ကာတာထွ
ခဲ့သည်။ ထိုရပ်ကွက်မှာ ညဘက်တွင် လမ်းလျှောက်ရန် မသ
သောနေရာမျိုး ဖြစ်သည်။

တိုက်က ဟောင်းနွမ်းလှသည်။မျက်နှာစာကလည်း အင်္ဂ
များ ကွာကျလျက် ရှိသည်။

ပထမထပ်ရှိ ပြတင်းပေါက်ခန်းဆီးများ ချထားခြင်းမှလွဲလျှ
ပြတင်းပေါက်အားလုံး ဖွင့်ထားသည်။ မီးရောင်များကို တွေ
သည်။

တိုက်ပေါ်သို့ စတက်ချိန်မှာပင် အနီးရှိ တံခါးပေါ
လူတစ်ယောက်ကို သတိပြုမိလိုက်သည်။

ထိုသူမှာ ကာတာဘက်သို့ကြည့်နေခြင်း မဟုတ်သော်လ
စနိုးစနောင့် ဖြစ်မိသည်။



ကိုယ်လုံးသွယ်သွယ်နှင့် မိန်းမငယ်လေး တစ်ဦးက အခန်း
တံခါးကို လာဖွင့်ပေးသည်။

ဧည့်ခန်းကျယ်ကြီးထဲဝယ် ဖောက် သည်များကို တွေ့ရ
သည်။ ၎င်းတို့မှာ မိန်းကလေးများနှင့် စကားပြောနေကြ
သည်။

ဆံပင်မည်းမည်းကို နောက်လှန် ဖြီးထားသည်၊ အသက်
ငါးဆယ်ကျော်အရွယ် အမျိုးသမီး ပိန်ပိန်တစ်ယောက်က ကာ
တာထံသို့ လျှောက်လာသည်။

'မဒမ်ဗာဆာရှိလားဗျာ'

သူမက ပြုံးလိုက်သည်။

'မဟုတ်ပါဘူး၊ သူ့ရဲ့လက်ထောက်ပါ၊ ရှင်က မိန်းကလေး
တစ်ယောက်ယောက်ကို လိုချင်လို့လား'

'ဟုတ်ပါတယ်'

ဧည့်ခန်းထဲရှိ မိန်းကလေးများက ကာတာအား ကြည့်နေ
ကြသည်။

အသားညိုချောလေးတစ်ဦးက ကာတာ့ထံသို့ ရောက်လာ
သည်။ အဝတ်အစား တိုနံ့နံ့လေးကို ဝတ်ထား၍ သူမ၏အလှ
များကို တစ်စွန်းတစ်စ မြင်နိုင်သည်။

သူ့ကလေး၏အသက်မှာ ဆယ့်ရှစ်နှစ်မျှသာ ရှိမည်ဟု ကာ
တာ ခန့်မှန်းမိသည်။

www.burmeseclassic.com

www.burmeseclassic.com



အသည်းပုံ မျက်နှာလေးဝယ် အပြစ်ကင်းစင်မှု အရိ
အယောင်က ရှိနေသည်။

ကာတာအား မိမိတွေ့ခံနိုင်ပါမည်လောဟု အီတလီ စကား
နှင့် သူကလေးက မေးသည်။

သူကလေးမှာ အသင့်တော်ဆုံးဟု ကာတာ ဆုံးဖြတ်သည်
ခေါင်းငြိမ့်ပြလိုက်သည်။

သူမက ပြုံး၍ ကာတာ၏လက်မောင်းကို ကိုင်သည်။ မေ
ဗွာသာရီ၏ လက်ထောက်က ထွက်သွားသည်။

မိန်းကလေးက သူမ၏ အခန်းသို့မသွားမီ အရက်သော
လိုပါသေးသလားဟု မေးသည်။

'မသောက်တော့ဘူးကွာ၊ အခန်းကိုပဲသွားကြစို့'

'အဟင်း....ရှင်က လိုရင်းသမားတစ်ယောက်ပဲကိုး'

သူမက ကာတာအား ဒုတိယထပ်ရှိ အခန်းတစ်ခန်းသို့
ခေါ်သွားသည်။

အခန်းတံခါး ပိတ်ပြီးသည်နှင့် ကာတာ၏ အဝတ်အစား
များကို ချွတ်ပေးသည်။

'ရှင်က အင်္ဂလိပ်လူမျိုးလား၊ မာရီယာဟာ အင်္ဂလိပ်
တော်တော်များများကို ပြုစုပေးဖူးပါတယ်'

ကာတာက ငြိမ်၍ သူမ၏ အဝတ်အစားချွတ်ပေးမှုကို ခံ
သည်။



သူကလေးမှာ ထိုအလုပ်အားလုပ်ရသည်ကို သဘောကျ
ပုံရ၏။

ကာတာမှာ လက်နက်များကို မယူလာခဲ့။ အလွန်အန္တရာယ်
ကြီးသည့် လုပ်ရပ်ဖြစ်သော်လည်း ဤနေရာမျိုးဝယ် သံသယ
မဝင်စေလို။

ကာတာက သံခုတင်စောင်းတွင်ထိုင်ကာ ဖိနပ်နှင့် ခြောင်း
အိတ်ကိုချွတ်သည်။

မာရီယာကလည်း သူမ၏ ကိုနံ့နံ့ အဝတ်ကို ချွတ်သည်။
သူမမှာ ခါးသေး၍ ရင်ချီသော ကိုယ်လုံးအလှပိုင်ရှင် ဖြစ်
သည်။

သူမ၏ ဘယ်ဘက်ပေါင်တွင် အညိုအမည်းကွက်တစ်ခုတွေ့
ရသည်။

စိတ်ပြွင်းသည့် ဖောက်သည်တစ်ဦး၏ လက်ချက်ဖြစ်မည်မှာ
သေချာလှ၏။

'မာရီယာကို ရှင်သဘောကျရဲ့လား'

ကာတာက မတ်တပ်ရပ်၍ လက်ကျန်အဝတ်ကို ချွတ်သည်။
'သဘောကျပါတယ်၊ မာရီယာ မင်းကလှပါတယ်'

ဤနေရာသို့ သူစတင်ဝင်လာခဲ့စဉ်က မဒမ်ဗွာဆာရီနှင့်
စကား ပြောရရေးသာ ရှေးရှုခဲ့၏။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ မာရီယာ၏ ကျွမ်းကျင်သော ပြုစုမှုကြောင့် စိတ်ပြောင်းခဲ့ရသည်။

ထို့နောက် နှစ်ယောက်သား ငြိမ်၍ ထွေနေကြ၏။ မာရီယာမှာ ရှင်ပျနေပုံ ရှိသည်။

ကာတာမှာလည်း ရုပ်ပိုင်းအရ စိတ်ကျေနပ်မှုရခဲ့၏။ သူကလေးမှာ ထို့ထက်ပို၍ မျှော်လင့်ပုံ မရှိ၊

ကာတာက မဒမ်ဗာဆာရီ၏အကြောင်းကို မေးမိသည်။

'ဩော်.... ရှင်က မဒမ်ဗာဆာရီနဲ့ တွေ့ချင်တဲ့လူတစ်ယောက်ကိုး'

'ဟုတ်ပါတယ်၊ သူ့ဆီကို မင်းလိုက်ပို့နိုင်မလား'

'ရပါတယ်၊ လိုက်ခဲ့လေ'

သူမက ကာတာအား တတိယထပ်သို့ခေါ်သွား၏။

ခပ်မှောင်မှောင်စင်္ကြံလမ်းအဆုံးရှိအခန်းသို့ ဆက်လျှောက်ရှိသည်။

သူမက တံခါးနှစ်ချက်ခေါက်၏။

မဒမ်ဗာဆာရီ၏ လက်ထောက်အသံကို ကြားရပြီးနောက် မာရီယာက ပြန်သွားသည်။

'မဒမ်နဲ့ ရှင်တွေ့ချင်လို့လား'

လက်ထောက်အမျိုးသမီးကြီးက မေးလာ၏။

ကာတာက သူမအားကျော်၍ အတွင်းသို့ လှမ်းကြည့်သည်။



အနီနှင့် အပြာရောင်မှိန်ပျပျထွန်းထားသည်။ အမှေးတိုင်နံ့က အပြင်သို့တိုးထွက်လာ၏။

'ဟုတ်ကဲ့... ကျွန်တော်နဲ့ စကားပြောမယ်လို့ သူက ပြောထားပါတယ်'

'ဝင်ပါ'

သူမက ဘေးသို့ဖယ်ပေး၏။

အခန်းထဲသို့ ကာတာဝင်လိုက်သည်၊ အမွှေးတိုင်နံ့က ပိုပြင်းလာ၏။

ကော်ဇောထူထူခင်းရာ အခန်းရှိ ဆိုဖာနိမ့်နိမ့်တစ်လုံးပေါ်ဝယ် တစောင်းလှဲနေသည့် သဏ္ဌာန်တစ်ခုကိုတွေ့ရ၏။

အနီးရောက်ကာမှ အလွန်ဝဖြိုးသည့် အမျိုးအသမီးကြီးမှန်း သိရသည်။

သူမ၏ အသက်မှာ ခုနစ်ဆယ်ကျော်မျှရှိပြီဖြစ်သည်။ ရုပ်ရှင်ပေါ်ကာစ မင်းသမီးများနှယ် ပေါင်ဒါမိတ်ကပ်ကို ထူထူလိမ်းထား၏။ လိုင်နာများ ရှိုးများဆိုးထားသေးသည်။

ကြက်သွေးရောင် နှုတ်ခမ်းနီဆိုးဆေးက ပါးစပ်တူ တစ်ခုနှယ် ထင်စေသည်၊

လီမွှော်ရောင် ဆံပင်တုကို စွပ်ထား၏။ လက်ချောင်းများ လက်စွပ်က တစ်ဒါဇင်မျှရှိ၏။

'မစ္စတာ ကာတာလား'

www.burmeseclassic.com



'ဟုတ်ပါတယ် မဒမ်'

လက်ထောက်အမျိုးသမီးက ဆိုဖာအနီး ကုလားထိုင် လှုံ့ရှေ့မှေးကာ ကာတာအား ထိုင်ခေ၏။

'အမေ့ရိုးတိုင်ထွန်းထားတာ ခွင့်လွှတ်ပါ၊ မဒမ်မှာ ထူးခြား တဲ့ ကိုယ်နံ့ ကစ်မျိုးထွက်နေလို့ အမေ့ရိုးတိုင်အနံ့နဲ့ ဖုံးထား တယ်'

လက်ထောက်အမျိုးသမီးက တီးတိုးပြော၏။

ကာတာက ခေါင်းညိတ်ပြီး ကုလားထိုင်တွင် ဝင်ထိုင် သည်။

'စကားပြောသံတွေတိုးတိုး လမ်းလောက်သံတွေ ကြားမ ရှမဓိုက်နဲ့၊ တို့နှစ်ယောက်ထဲကို တစ်ခဏလောက် ထားခဲ့ အိုနာ'

မဒမ်ဗာဆာရီက လက်ထောက်အမျိုးသမီးအား ပြောလိုက် သည်။

'ဟုတ်ကဲ့.... မဒမ်'

အိုနာကလှည့်၍ အခန်းထဲမှ ထွက်သွား၏။

'မင်းက လူချောတစ်ယောက်ပဲ'

မဒမ်ဗာဆာရီက အင်္ဂလိပ်စကားနှင့် ပြောလာ၏။

'ဒီ ဆံပင်တုကြီးကို ကျုပ် ဖြုတ်ထားလို့ရမလား၊ သိပ်ပူလွန်း လို့ပါ'



'ရပါတယ်ဗျာ'

သူမက နှုတ်ခမ်းစုချွန်ထားကာ လိမ္မော်ရောင်ဆံပင်တုကို ချွတ်သည်။

ခေါင်းမှာ ဆံပင်ဖြူ ဟိုတစ်စသည်တစ်စနှင့် ခေါင်းတုံးနီးပါးရှိသည်။

ဝမ်းနည်းနေသည့် အဘွားအိုတစ်ယောက်၏ ရုပ်ပြောင်ပုံနှယ်ဖြစ်၏။

ကာတာမှာ ထူးခြားစွာပင် သူမအား နှစ်လိုမိသည်။

'ကဲ.... မင်းလာတာ သတင်းရဖို့လို့ ကျုပ်နားလည်ထားတယ်'

'မှန်ပါတယ် မဒမ်'

'နယ်လီလို့ပဲ ကျုပ်ကို ခေါ်ပါ'

'နယ်လီ....ဟုတ်လား'

ကာတာက မယုံကြည်နိုင်စွာ ပြန်မေးမိ၏။

'ကျုပ်အဖေက အင်္ဂလိပ်သင်္ဘောသားတစ်ယောက်ပဲ၊ ကျုပ် အမေ အီတလီသူက ထားနေတဲ့ကြားက ကျုပ်ကို နယ်လီလို့ သူ အမည်ပေးခဲ့တာ'

သူမ ပြုံးလိုက်၏။

'တစ်ချိန်က ကျုပ်ဟာ မိန်းမလှတစ်ယောက်ဆိုတာ မင်း ယုံရဲ့လား'

www.burmeseclassic.com

www.burmeseclassic.com



'ယုံပါတယ်ဗျာ'

ကာတာက သူ၏ လေသံမှာ အကြွင်နာ စွက်ဖက်နေပါစေ ဟု မျှော်လင့်ထား၏။

'ကျုပ်အသက် ဆယ့်ခုနစ်နှစ်အရွယ်မှာ ၊ အီတလီ မင်းဆွေမင်းမျိုးတွေက လက်ထပ်ခွင့် တောင်းခဲ့ကြတာ၊ ကျုပ်ကငြင်းခဲ့တယ်၊ လက်ထပ်ခြင်းထက် ပိုပြည့်စုံတဲ့ဘဝမျိုးကို ကျုပ်က လိုချင်တာ'

ကာတာ ငြိမ်နေလိုက်သည်။ မည်သို့ စကား ပြန်ရမှန်းမသိ။

'ဒီအိမ်ကလုပ်ငန်းကို ကျုပ် စတော့ ဥရောပတိုက်က အရေးအပါဆုံး ပုဂ္ဂိုလ်တွေကို ဖြေဖျော်မှု ပေးနိုင်ခဲ့တယ် မစ္စတာကာတာ၊ ကျုပ်ရဲ့ မိန်းကလေးတွေဟာ နိုင်ငံခေါင်းဆောင်တွေ၊ နာမည်ကျော်ပုဂ္ဂိုလ်တွေနဲ့ သိကျွမ်းခဲ့ရတယ်'

'ဝန်ကြီးတစ်ယောက်ဆိုယင် အီတလီမှာ နာမည်ကြီးပဲ၊ သူက မိန်းကလေးတွေကို မဆက်ဆံဘူး၊ သူတို့ အဝတ်အစားချွတ်တာ ကြည့်တယ်၊ သူ့ရှေ့မှာ အဝတ်အစားမဲ့ ရပ်စေတယ်၊ လူတစ်ယောက်ရဲ့ဆန္ဒကို ဘယ်သူမှ မသိနိုင်ဘူးကွယ့်....

'နောက်ပိုင်းကျတော့ ဒီကို မြေအောက်လောကသားတွေ မကြာခဏ ရောက်လာကြတယ်၊ မားဖီးယားတွေနဲ့ တခြားလူဆိုးတွေပေါ့၊ သူတို့အားလုံးနဲ့ ကျုပ်သိကျွမ်းခဲ့ရတယ်၊ သူတို့က စကားတွေ အများကြီး ပြောကြတယ်၊ ဒါပေမယ့်....ကျုပ်သဘောကျတဲ့လူက လွဲပြီး ဘယ်သတင်းကိုမှ ကျုပ် မရောင်းဘူး'



အခန်းတွင်းမှ အမှေးတိုင်အနံ့မှာ ကာတာကို အသက်ရှူကျပ်လာစေသည်။

မဒမ်ဗာဆာရီကမူ စကားကို အပြတ်မခံ။

'မင်းလာတာ လူတစ်ယောက်သတင်းရချင်လို့ပဲ'

'ဟုတ်ပါတယ်'

'သူ့နာမည်က—'

'ရှော့ကိုဘာဇီနီတဲ့'

အဖွားကြီးက ကာတာကို အတန်ကြာ စိုက်ကြည့်နေသည်။

'သူ့ကို ကျုပ်သိပါတယ်'

'သူ့ကို ဘယ်မှာရှာလို့ တွေ့နိုင်မလဲဆိုတာ ပြောနိုင်ပါ့မလား'

'ပြောနိုင်စရာရှိပါတယ်၊ တန်ရာတန်ကြေးကို မင်းပေးနိုင်ယင်ပေါ့'

'ကျွန်တော့်မှာ ငွေရှိပါတယ်'

'လိုင်ယာနှစ်သောင်း ပေးနိုင်ပါ့မလား'

ကာတာသည် တွန့်ဆုတ်ဆုတ်ဖြစ်သွား၏။ ငွေကများလှ၏။ သို့သော် ဤငွေမရလျှင် နယ်လီဗာဆာရီနှင့် အပေးအယူလုပ်နိုင်စရာလမ်းမမြင်။

'ပေးနိုင်ပါတယ်'

'ခု ငွေပါသလား'

www.burmeseclassic.com

www.burmeseclassic.com



ကာတာသည် အိတ်ထဲမှ ပိုက်ဆံတစ်ထပ်ထုတ်၍ နယ်လီဗာဘာရီကို လိုင်ယာနှစ်သောင်း ပေးလိုက်၏။ သူမက ပိုက်ဆံကို ရေတွက်ကြည့်သည်။

ထိုနောက်...ပိုက်ဆံကို မျက်နှာအနီးကပ်၍ အသေအချာ ကြည့်ပြန်၏။

'ကျေနပ်ရဲ့လား နယ်လီ'

'ကျုပ်တို့အလုပ်မှာ ဂရုစိုက်နိုင်ကာမှ ဖြစ်တာ၊ မင်းပိုက်ဆံတွေက အစစ်တွေပါ၊ ကဲ... ဒီရွာကိုအာဇီနီဆိုတဲ့ အကောင်အကြောင်း ကျုပ် ပြောပြပါမယ်'

သူမက ပိုက်ဆံများကို အနီးရှိ စားပွဲလေးတစ်လုံးပေါ်သို့ လှမ်းတင်သည်။

လျော့ရဲနေသော သက်မောင်းသားတို့က လှုပ်ရှားသွားသည်။

'အာဇီနီဟာ ဒီကို တစ်ခါတလေ လာတတ်တယ်၊ ကျုပ်ကောင်မလေးတွေကို နှိပ်စက်တတ်တဲ့ ပမွှားသူခိုးတစ်ယောက်ပဲ၊ ထောင်ကျဖူးတယ်၊ ရွာမမှာ အများဆုံးနေပြီး လှုပ်ရှားတယ်၊ တစ်ခါတစ်ခါတော့လဲ နှစ်အတော်ကြာကြာ ပျောက်နေတတ်တယ်....'

'နေပယ်မှာ နေဖူးတယ်၊ ဒါကြောင့်လဲ မူးယစ်ဆေးဝါးနဲ့ ဇိမ်မယ်လုပ်ငန်းမှာ ပါခဲ့တယ်၊ သိပ်မကြာခင်ကတော့ ရွာမကို လူတစ်ယောက်နဲ့ ပြန်ရောက်လာတယ်၊ အဲဒီလူနာမည်ကိုတော့ မင်းကြားဖူးနိုင်တယ်၊ သီယိုဗင်နီဖာရယ်လီတဲ့'

'ကြားဖူးတယ် မဆောင်ပါဘူးဗျာ'



သို့သော်...ကာတာသည် ဂျီနာ၏ ဇာတ်လမ်းမှ အမည်ကို အမှတ်ရနေ၏။

'ရွာမကာ ရဲတိုင်း ဒီနာမည် ကို သိကြပါတယ် မစ္စတာကာတာ၊ လူချမ်းသာတစ်ယောက်ပဲ၊ တရားဝင်လုပ်ငန်းတွေ အများကြီးရှိတယ်၊ ဖာရယ်လီ အိမ်ရာ ရောင်းဝယ်ရေးလုပ်ငန်းကတော့ အထင်ပေါ်ဆုံးပဲ၊ ဒီလို လူရိုသေ ရှင်ရိုသေ အမြင်ရဲ့ နောက်ကွယ်မှာတော့ ဖာရယ်လီဟာ မြေအောက်လောက ခေါင်းဆောင်တစ်ယောက်ပဲ....

'မူးယစ်ဆေးဝါးရောင်းဝယ်တယ်၊ တခြားတရားမဝင် လုပ်ငန်းတွေရှိတယ်၊ မာဖီးယားအဖွဲ့နဲ့လဲ ပတ်သတ်နေတယ်၊ သူဟာ လူနှိုက်ခဲ့တဲ့တစ်နှစ်၊ ဗင်းနစ်က အနုပညာ ပစ္စည်းတွေ ခိုးမှုမှာ ပါနေခဲ့တယ်'

'စိတ်ဝင်စားစရာပဲ'

'ရွာကိုအာဇီနီဟာ ရွာမကို ဖာရယ်လီရဲ့ သက်တော်စောင့်အဖြစ် ပါလာတာပဲ'

'သဘောပေါက်ပါပြီ ဒီဖာရယ်လီက ရွာမမှာ နေတာလား'

'သူ့မှာ အိမ်တွေအများကြီးပဲ၊ မြို့ထဲမှာ တိုက်ခန်းတစ်ခန်းရှိပေမယ့် နေခဲတယ်၊ ဒီက မြောက်ပိုင်းမှာ အနားယူ အိမ်ကြီးတစ်လုံးနဲ့ ရှိတယ်၊ ကက်ပရီက သူပိုင်တဲ့ဟိုတယ်မှာလဲ အခန်းတိုအခန်းကြီးတစ်ခု ယူထားတယ်၊ ခုလို အချိန်မျိုးမှာ ဆိုယင်တော့ ကက်ပရီမှာ သူ့ကို အများဆုံး တွေ့နိုင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



သူမက ရေမွှေးဘူးတစ်ဘူးကိုယူ၍ ပေးပတ်ဝန်းကျင်သို့ ဖြန်းလိုက်သည်။ အနံ့ကို ရှူရှိုက်ကြည့်ပြီးချောင်းတစ်ချက်ဆိုးသည်။

'နေလို့ကောင်းပါတယ်နော် နယ်လီ'

'ကောင်းပါတယ် .. ကောင်းပါတယ်၊ ကျုပ် ဘာမှ မဖြစ်ပါဘူး'

'ဒီလိုဆိုတော့ ဖာရယ်လီနဲ့ ဘာဇီနီကိုကက်ပရီက ဟိုတယ်မှာ တွေ့နိုင်မယ်လို့ ခင်ဗျားယုံဘယ်ပေါ့'

'အဲဒီမှာရှိဖို့ သိပ်များပါတယ် မစ္စတာကာတာ၊ ဟိုတယ်က ဆီဇာယက်စတပ်တဲ့ ကျွန်းအလယ်မှာရှိတယ်'

'ခင်ဗျားဟာ ကျွန်တော့်ကို အတော့်ကို အတော်ကူညီလိုက်တာပဲ နယ်လီ'

'ကျုပ်ဟာ လူတစ်ယောက်ပေးတဲ့ငွေရဲ့ တန်ရာတန်ကြေးကို အမြဲတန်း ပြန်ပေးတတ်ပါတယ်'

နယ်လီဗာဆာရိုက ပြုံးလိုက်ပြန်သည်။

ကာတာက ပြန်ရန် ထရပ်သည်။

'ကောင်မလေးအတွက် လိုင်ယာတစ်သောင်း ချွဲပေးပါတယ်၊ အပြင်ထွက်ယင် အိုနာကိုပေးခဲ့ပါ၊ နောက် အချိန်မရွေးလဲ ပြန်လာနိုင်ပါတယ် မစ္စတာ ကာတာ'

'ကျေးဇူးပါပဲ'

အခန်းအပြင်သို့ ရောက်ကာမှ လေကောင်း လေသန့်ကို ရှူရှိုက်ရသည်။



အောက်ထပ်သို့ရောက်သည့်အခါ အိုနာအား မာရီယာအတွက် ကျသင့်ငွေကိုပေးသည်။ အပြင်ဘက်လမ်းပေါ်တွင်မှ အသန့်ရှင်းဆုံးလေကို ရှူနိုင်တော့သည်။

အိုနာက နှစ်လမ်းကျော်အကွာတွင် အငှားကားရလိမ့်မည်ဟု ပြောခဲ့သည်။

သို့ဖြင့် ကာတာ ထိုနေရာဘက်သို့ လျှောက်သွားသည်။ ညက နွေးထွေးလှသည်။

ဒုတိယ လမ်းအလယ်သို့ အရောက်တွင်မှ ခြေသံများကို ကြားလိုက်မိသည်။ နောက်သို့ လှည့်ကြည့်လိုက်သည်။ လူနှစ်ယောက် ခပ်သုတ်သုတ် လိုက်လာ၏။

အန္တရာယ်ဟု သူ မယူဆမိ။ သို့သော် ၎င်းတို့နီးလာချိန်တွင် နံရံကိုကပ်ထားသည်။ နီးလာသည်နှင့် ၎င်းတို့၏ ခြေလှမ်းက နှေးသွားသည်။

ထို့နောက် နောက်ပြန်လှည့်ကာ လမ်းကို ပိတ်ထား၏။ ထိုသူအား နယ်လီ၏အိမ်တွင် တွေ့ခဲ့သည်ဟု သူထင်၏။

'ရပ်နေစမ်း'

ထိုသူကဆိုသည်။

'ဘာကိစ္စလဲကွ၊ ငါသွားစရာရှိသေးတယ်'

'မဒမ်ဗာဆာရိုနဲ့ ဘာကိစ္စ စကားပြောရတာလဲ'

ဒုတိယလူက အင်္ဂလိပ်စကားနဲ့မေးလာ၏။

ကျောက်ပေါက်မာရှိသည့် မျက်နှာ လေးထောင့်စပ်စပ်ကို ကြည့်ရင်း ကာတာမှာ လူဂါနှင့် ခေါ်မြောင်းမပါသဖြင့် စိတ်အားငယ်သွားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



'သူက ငါ့ရဲ့မိတ်ဆွေကောင်း တစ်ယောက်မို့ပါ'

'အဲဒီနေရာကို ခင်ဗျားတစ်ခါမှ ရောက်ဖူးတာမှမဟုတ်ဘဲ ဆိုညော်'

'ငါ့လမ်းက ဖယ်စမ်းကွာ'

'ခင်ဗျားနဲ့ဘာကြောင့် မဒမ်ဗာဆာရီနဲ့ စကားသွားပြောတယ်ဆိုတာ ပြောပြမှ ဖယ်မယ်'

ဗလကြီးက ခပ်တင်းတင်းပင် ပြော၏။

'ငါ ပြောပြီးပြီပဲ၊ မိတ်ဆွေဟောင်းကို လာနှုတ်ဆက်တာလို့'

ကာတာက ထိုလူများအားဖြတ်၍လျှောက်ရန် ပြုသည်။

ဗလကြီးက ကာတာ၏မျက်နှာအား လက်သီးနှင့်လှမ်းထိုး၏။ ကာတာမှာ ကျောက်ပေါက်မာဘက်သို့ ယိုင်သွား၏။ ကျောက်ပေါက်မာက ဝမ်းပိုက်သို့ ဆီးထိုးသည်။

နှစ်ယောက်သားလက်ချက်နှင့် နံရံသို့ ကာတာယိုင်သွားသည်။ နံရံကိုဖမ်းကိုင်ရင်း အသက်ကို မနည်းရှူနေရသည်။

လက်သီးတစ်ချက်က ခေါင်းသို့ပင်လာသည်။ ရှောင်ရန်ကြံသော်လည်း မမီ။

ထို့နောက် လက်နှစ်ဖက်ကို နောက်မှဖမ်းချုပ်ခြင်းခံလိုက်ရသည်။

ကျောက်ပေါက်မာက ရှေ့တွင် လာ ရပ်သည်။

'ဘာတွေ ပြောခဲ့ကြတာလဲ'

'မသိဘူး ကွ'



သူမက ယိမ်းယိမ်းယိုင်ယိုင်နှင့် ကာတာ့ထိုင်ခုံနေသည့် ရှေ့ဆိုဖာပေါ်သို့ ဝင်ထိုင်သည်၊ နောက်မှီသို့ အရှိန်နှင့် မှီချပြီး သက်ပြင်းချသည်။

ဝတ်ရုံရှည်၏ ခါးဆီးကြိုးက ပြုတ်သွားသည်။ ရွှမ်းမှည့်သည့် ခန္ဓာကိုယ်က အထင်းသား ပေါ်လာသည်။

ကာတာ့ဘို့မှာ ဖာရယ်လီ၏ အဖော်မလေး မရှိတော့ပါ။

'ရှင်တို့ ကိစ္စက ဘာလဲ၊ ကျွန်မကို ပြောလို့ရပါတယ်၊ ဒီယို ဗင်နီဖာရယ်လီအာ အားလုံး ကျွန်မကို အသိပေးထားတယ်'

သူမ၏ လေသံက လေးနေ့သေးသော်လည်း ကာတာ ထင်မှတ်သကဲ့သို့ အရက်မူးမနေပါ။

တိုနီက မီမီတို့ အပန်းဖြေအိမ်များ ဝယ်ရန် စိတ်ဝင်စားနေကြောင်း ရှင်းပြနေစဉ် ကာတာက ဂျီနာ ပြောခဲ့သော တွဲလျက်အခန်းကျဉ်းလေးကို ရှာကြည့်သည်။

ဖုန်းတင်ထားသည့် ထိုသစ်သားစားပွဲကို ထိုင်ရာမှပင် မြင်ရသည်။

'ကက်ပရီမှာ ရောင်းဖို့ အိမ်ကတော့ သိပ်နည်းတယ်'

သူမကိုယ်သူမ ဂါကာဝဟု မိတ်ဆက်ပေးသူလေးက ပြောလာသည်။

'တစ်ယောက်ယောက်က ရောင်းချင်လဲ သိပ်ကို ဈေးကြီးတာ၊ လူကြီးမင်းတို့ကတော့ ဈေးကြီးတာကို သဘောကျရဲ့လား'

နောက်ဆုံးစကားကမူ အဓိပ္ပာယ်တစ်မျိုး သက်ရောက်သည်လော မသိ။

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ သဘောကျပါတယ်'

တိုနီက သွားတိုက်ဆေးကြော်ငြာသကဲ့သို့ သွားတစ်ခြံလုံးပေါ်အောင် ပြုံးပြသည်။

ကာတာက ချောင်းတစ်ချက်ဟန့်ကာ လည်ချောင်းရှင်းသည်။

'ဂါတာ ဟိုဘက်အခန်းမှာ ဖုန်းတွေ့တယ်၊ ကျွန်တော်တို့ ဟိုတယ်ကို ကျွန်တော့်သူငယ်ချင်း ဖုန်းဆက်လို့ရပါမလား'

တိုနီက ကာတာအား မျက်မှောင်ကြုတ်၍ ကြည့်လာသည်။

'ရပါတယ်ရှင်၊ မီးထွန်းပါဦးမယ်'

သူမက ထရပ်သည်။ ဝတ်ရုံရှည်အောက်ပိုင်းက လှစ်ခနဲ တစ်ချက် လန်သွားသည်။

သူမက ဘေးအခန်းဘေးမှ မီးကိုသွားဖွင့်စဉ် တိုနီက ကာတာအား မျက်စချီတာ ကြည့်ပြန်သည်။

တိုနီက သူမဘေးမှ အခန်းလေးသို့ လျှောက်သွားသည်။

သူမ၏လက်က တိုနီ၏ လက်မောင်းကိုကိုင်လိုက်သလို တိုနီ၏ လက်ကလည်း လှုပ်ရှားသွားသည်။

သူမက ဘေးသို့ဖယ်ကာ ပြုံးလိုက်သည်။

တိုနီက အခန်းလေးထဲသို့ဝင်ပြီး တံခါးကိုပိတ်သည်။ ဂါတာက ကာတာထံ လျှောက်လာပြီး ဘေးတွင်ရပ်သည်။ ကာတာ၏ ပခုံးကို ကိုင်ထားသည်။

'ရှင်က လူချောပဲ'

ကာတာက သူမ၏ စကားကြောင့် မော့ကြည့်သည်။



'ကျေးဇူးပဲဗျာ၊ ဟဲ...ပြောစမ်းပါဦး၊ မစ္စတာ ဖာရယ်လီ ...ာ မကြာမီက စီးပွားဘက် မိတ်ဆွေသစ်တွေ ရှိနေသလား၊ ...မှာ စီးပွားဘက်တစ်ယောက် တိုးနေတယ်လို့ ပြောသံ ...ားလို့'

လူမက ဆိုဖာဆီသို့ ပြန်သွားသည်။ အရက်ခွက်ကိုကောက် ...င်သည်။

'လီယိုဗင်နီ အနားမှာတော့ အမြဲတမ်း မျက်နှာသစ်တွေရှိ ...တာပဲလေ၊ လီယိုဗင်နီ အကြောင်းပဲ ကျွန်မတို့ ပြောယင် ...ကောင်းဘူးလား ရှင်တို့သူငယ်ချင်း နှစ်ယောက် လာတာ ... ဒီကိစ္စပဲ မဟုတ်လား'

'ခင်ဗျားဟာ အတော်ကို သွေ့ဝတ်ကျပါတယ်'

တိုနီတစ်ယောက် စားပွဲကို ရှာနေပါစေဟု ကာတာ ...တောင်းသည်။

'ယောကျ်ားတွေဟာ ကျွန်မကို သဘောကျကြတယ်၊ အမြဲ ...မ်းပါပဲ၊ သူတို့လိုချင်တာ ကျွန်မဆီမှာ ရှိတယ်လေ၊ ကျွန်မ ...ားကြောင့် ရှင်လန့်သွားပြီလား'

'မလန့်ပါဘူးဗျာ'

ကာတာတွေးနေသည်။ တိုနီတစ်ယောက် မည်သို့လုပ်နေပြီ ...ည်း။

'ကောင်းပါတယ်၊ ရှင် လန့်မသွားဘူးဆိုလို့ ဝမ်းသာပါ ...ယ်၊ ရှင်ဟာ ကျွန်မလိုလူစားမျိုးပဲ၊ အခွင့်အရေးရယင်ရသလို ...တက်ရမယ် မဟုတ်ဘူးလား'

'ဟုတ်တယ် အမှန်ပဲ'

www.burmeseclassic.com

www.burmeseclassic.com



ကာတာ၏စိတ်ကမူ တိုနီထံသို့ ရောက်နေသည်။

ဂါတာက ကြမ်းပြင်ပေါ်သို့ အရက်ခွက်ကိုချ၍ ဆိုဖာပေါ်တွင် လှဲလိုက်သည်။

ဝတ်ရုံရှည်၏ ရှေ့ခြမ်းနှစ်ဖက်ကို ဖယ်လိုက်စဉ် တိုနီ ရောက်လာသည်။

'ရှင်တို့လိုချင်တာ ကျွန်မ သိပါတယ်၊ ကျွန်မ ပေးပါမယ်၊ ကြိုက်သလိုပြော၊ လီယိုဗင်နီကို ကျွန်မ ပြန်မတိုင်ပါဘူး'

'နစ် ကိုယ်တို့ အချိန်နည်းနည်း မရဘူးလား'

'မရဘူး တိုနီ'

'ဒါဆိုယင် ခင်ဗျားသွားနှင့်၊ နောက်ကကျွန်တော် လိုက်ခဲ့မယ်'

'တိုနီ ဟိုလူက အချိန်မရွေး ပြန်ရောက်လာနိုင်တယ်'

တိုနီက ဆိုဖာဆီသို့ကြည့်ပြီး ကာတာအား ပြန်ကြည့်သည်။

'ရှင်ပြင်မှာ ခင်ဗျားဟာလေးနဲ့ ပြန်ငြိမ့်နေပါလား'

တိုနီမှာ ယခုအခါတွင် အလိုမကျ ဖြစ်နေသည်။ ဒေါသက အနည်းငယ်ပါလျက် ရှိသည်။

ကာတာ့အပေါ် မဟုတ်။ အခြေအနေအတွက်ဖြစ်သည်။

သို့သော် ကာတာ၏စကား မှန်ကြောင်းလည်း သိသည်။

'ကြိုက်သလိုသာလုပ်တော့ တိုနီ၊ ဒါပေမယ့် ဖုန်းဆက်ကိစ္စ ပြောပါဦး'

တိုနီ မျက်နှာထားက ပြောင်းလဲသွား၏။

'ဆောရီးပဲ နစ်၊ ခင်ဗျားမှန်ပါတယ်'



တိုနီက ကာတာအား အတန်ကြာ တမ်းတမ်းတတနှင့် ကြည့်ပြီး တံခါးဆီသို့ လျှောက်သွား၏။

'ဆောရီးပဲ ဂါတာ၊ ခုတော့ အချိန်အခါနဲ့ နေရာက မသင့်တော်သေးဘူး'

ဂါတာက ကာတာ၏ စကားကြောင့် မျက်လုံးအပြူးသားနှင့် မော့ကြည့်သည်။

'ရှင်တို့ ကျွန်မကို မချစ်ကြတော့ဘူးလား'

'ခင်ဗျားဟာ ချစ်ချင်စရာ အကောင်းဆုံး အမျိုးသမီးပါပဲဗျာ၊ ဒါပေမယ့် ကျွန်တော်တို့ သူငယ်ချင်းနှစ်ဦး အရေးပေါ်ကိစ္စလေးရှိနေသေးလို့ပါ'

* * *

ဓာတ်လှေကားဆီသို့ သွားရာသမ်းတစ်လျှောက်လုံး တိုနီက ငြိမ်ချက်သားကောင်းနေ၏။

ဓာတ်လှေကားမှအထွက် ဧည့်ခန်းသို့ ရောက်သည့်အခါ ကာတာက စကားစလိုက်သည်။

'ဒီကိစ္စမျိုး ကြည့်ရှောင်နေဘ် တိုနီ၊ နို့မို့ယင် အပေါက်ဆိုးနဲ့ တွေ့လိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



တိုနီက ရယ်လိုက်၏။

'ဟိုတယ်ရောက်ယင်တော့ ရေအေးအေးလေး ချိုးလိုက် ဖြစ်မယ် ထင်တယ်၊ ဒါမှမဟုတ်....'

'ဘာလဲ တိုနီ'

'ဟိုမှာ အဲဒါ ဖယ်ရယ်လီပဲ'

အရပ်ရှည်ရှည် အသားညိုညို အသက် လေးဆယ်ကျော် အရွယ် တစ်ဦးက အဖော်တစ်ယောက်နှင့်အတူ ဟိုတယ် ဧ ခန်းသို့ ဝင်လာ၏။

နောက်တစ်ကြိမ်တွေ့လျှင် မှတ်မိစေရန် ကာတာ ဂရုတစိုက် ကြည့်သည်။

တုတ်ကောက် ထောက်၍ ထော့နဲ့ ထော့နဲ့နှင့် အဖော် ကြည့်ရပြန်၏။

ကာတာ မှတ်မိလိုက်သည်။

ဗာတီကန် လုယက်မှုတွင် ပေါင်ကို သူ သေနတ်နှင့်ပစ်ခဲ့သေ ဘာဇီနီမမြင်စေရန် မဂ္ဂဇင်းစင်ဘက်သို့ လှည့်ရပ်၏။

'ဘာသတင်းထူး ရှိသေးသလဲ'

ဖာရယ်လီက စာရေးအား မေးလိုက်၏။

'မရှိပါဘူး၊ ဆီညော်ဖာရယ်လီ'

'ကောင်းတယ်၊ အပေါ်ကို သုံးယောက်အတွက် စားသေ ပို့လိုက်'

'ဟုတ်ကဲ့'

ဖာရယ်လီနှင့် ဘာဇီနီတို့က ကာတာအား ဂရုမပြုမိ ခေတ်လှေကားဆီသို့ လျှောက်သွားကြ၏။



ဘာဇီနီမှာ ရှပ်ဆိုးလှစွာပင် လျှောက်နေ၏၊ ခေတ်လှေကားတံခါးက မကြာမီ ပိတ်သွားသည်။

'သူ့ ဖိနပ်က....'

'ဘာဇီနီရဲ့ ဖိနပ်လား တိုနီ'

'ဟုတ်တယ်၊ သားရေကျုက် အောက်ခံနဲ့ပဲ'

* * *

ရင်ပြင်သို့ ပြန်ရာလမ်းဝယ် တိုနီက အိတ်ထဲမှ စာရွက်တစ်ရွက်ကိုထုတ်သည်။

'ခင်ဗျားရဲ့ ဧောရသော့နဲ့ စားပွဲကိုမွှေတုန်း စိတ်ဝင်စားစရာ နှစ်ခုတွေ့ခဲ့ရတယ်၊ တစ်ခုက ဂျူးဒတ်လိပ်စာပါတဲ့ ဇီပ်စာစာအုပ်လေးပဲ၊ ကျွန်တော် ယူလာခဲ့တယ်၊ အဲဒါက ဗာတီကန်မှာ ခင်ဗျားတွေ့တဲ့ သဲလွန်စကို ပိုပီပြင်စေလိမ့်မယ်'

ကာတာက စာရွက်ကိုကြည့်သည်။

ဆီညော် ဂျူးဒတ်၊ ဆန်မာကို သွင်းကုန်လုပ်ငန်း၊ ဆန်ချက်တီပါချီနို၊ စစ္စလီယာဟု လက်ရေးသော့ ကို မြင် ရသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်၊ ဂျူးဒတ်ရဲ့ ဌာနချုပ်က စစ္စလီမှာရှိတယ်တဲ့။ အဲဒီကိုပဲ ခိုးရာပါပစ္စည်းတွေ ယူသွားနိုင်စရာ ရှိတယ်'

'ဒီတော့ ကျွန်တော်တို့အတွက် အဲဒီနေရာမှာပဲ စိတ်ဝင်စားရမယ့် သဘောပဲ၊ ခိုးရာပါပစ္စည်းတွေ စစ္စလီမှာ ရှိနေပြီ ပြန်ရယင် ကျွန်တော် ကိစ္စပြီးပြီ'

'မှန်တာပေါ့'

ကာတာမှာ သူ၏ လုပ်ငန်းသည် ထိုကဲ့သို့ အလွယ်တကူ အဆုံးသတ်ရန် မဖြစ်နိုင်ခဲ့သော်လည်း ထောက်ခံလိုက်၏။

ဂျူးဒတ်သည် ပန်းအိုးထဲမှ စာရွက်ကို မတွေ့လျှင်တော့ အကြောင်းမဟုတ်ပါ။

'စာရွက်ကို နောက်ကြော လှန်ကြည့်လိုက်ဦး နှစ်၊ ကျွန်တော်ရေးမှတ်လာတာ တစ်ခုကို တွေ့လိမ့်မယ်၊ သတိမမေ့အောင် မှတ်ထားပုံမျိုးပဲ၊ ခင်ဗျား ဘာထူးခြားသလဲ'

ဟိုတယ်လေး၏ ခင်ပေါက် မီးရောင်အောက်တွင် သူကရပ်ပြီး တိုနီ၏ လက်ရေးကို ဖတ်ကြည့်သည်။

(လီယိုနာဒိုသို့ ကုန်ပို့ရန်)

နောက် ရက်စွဲတစ်ခု။

'ခိုးရာပါ ပစ္စည်းတွေကို ဆိုလိုပုံရတယ် နှစ်၊ လီယိုနာဒိုကတော့ ခိုးရာပါပစ္စည်းတွေ ယော်ပြီးပြန်ဖြန့်တဲ့လူပဲ ဖြစ်ရမယ်'

'ဖြစ်နိုင်တယ်'

ထိုစာသည် သူ၏စိတ်ထဲတွင် ခိုးလိုခုလုဖြစ်စေသည်။ ခိုးရာပါပစ္စည်းကို ပို့ရန် စီစဉ်ခြင်းမှသာ ဖြစ်ပါမူ သူ့အတွက် အရေးမကြီးလှ။



ပန်းအိုးသည် ဂျူးဒတ်၏ ကိုယ်ပိုင်စုဆောင်းရာပစ္စည်း ဖြစ်နေပြီကို သူသိ၏။

သို့သော် ထိုစာသည် သူ့အတွက် အခြားသများထက်သာလျှင် သူ့အတွက် ပိုထူးခြားနေသည်ဟု သူအလိုလိုသိလျက်ရှိသည်။

★

www.burmeseclassic.com

www.burmeseclassic.com



ဂျီနာသည် ဂှင်းတို့ဘေးတွင်ရပ်နေသည်။ သူမ၏ ဆံပင်တို့မှာ လေထဲတွင် လွင့်ပျံလျက်ရှိသည်။

'နှစ် ဖိနပ်မစီးဘဲ ကျွန်မ တောင်ကိုတက်မ ရလိမ့်မယ်'

'မင်းတက်စရာမလိုဘူး၊ မော်တော်ကားပဲ ဒီမှာ စောင့်နေပါ'

'မစောင့်ဘူး၊ လိုက်မယ်'

သူမက တိုနီကို စစ်ကူခေါ်သည်။ တိုနီက ပခုံးသာ တွန့်ပြသည်။

'ပြန်မပြောနဲ့တော့၊ ဒီကျောက်တောင်သို့ မင်းတက်မှာ တက် ဒီမှာ နေရစ်ခဲ့တာက တို့အတွက် ပိုအဖိုးတန်တယ်၊ ပစ်သံ ခတ်သံကြားရသင့်တော့ ဆယ့်ငါးမိနစ်ပဲစောင့်၊ တို့ဘယ်သူမှ ရောက်မလာရင် လစ်ပေတော့၊ နားလည်တယ်နော်'

'အင်း...ဆယ့်ငါးမိနစ်စောင့်...မဟုတ်လား'

'ဒါမှပေါ့'

ကာတာသည် ပြုံးလိုက်သည်။

'ကဲ...မော်တော်ကို ဂရုစိုက်ပေတော့၊ တို့အတွက် ထွက်ပေါက်က ဒါပဲရှိတာ၊ တစ်နာရီအတွင်း တို့ ပြန်လာခဲ့မယ်'

ကာတာတို့သည် ဂျီနာကို ထားခဲ့ပြီး ကျောက်တောင်ပေါ်သို့ စတက်ကြသည်။

သူတို့သည် ရွာမှ ဝယ်ခဲ့သည့် ခပ်ပေါ့ပေါ့ လေကာအနွေးထည်၊ ရော်ဘာခွာတပ် ဘွတ်ဖိနပ်များ ဝတ်ထားသည်။

တိုနီသည် ကြိုးခွေတစ်ခွေကို ပခုံးတွင် လွယ်လျက် ဖြစ်၏။ ကာတာ၏ ခါးတွင်လည်း ကြိုးချိတ်နှစ်ချောင်းရှိ၏။



တောင်ကမ်းပါးယံ၏ အခြေတွင် ပြင်ညီ ကျောက်တန်းလေးတစ်ခု ရှိသည်။ ထိုမှ လမ်းကြောင်းအတိုင်း စတက်၏။ ကာတာက အလျှင်တက်၍ ခြေချော်နိုင်စရာ နေရာများကို တိုနီကို ပြ၏။

သူ၏ ညွှန်းညွှန်သံကြောင့် တိုနီ၏ နိုင်ငံတကာ့ရဲအဖွဲ့မှ လုပ်ငန်းမှာ ခပ်ကြမ်းကြမ်း မလုပ်ရဟု ကာတာ သဘော သဘောပေါက်မိ၏။

ကျောက်တောင်၏တစ်ဝက်သို့ မိနစ်ပိုင်းအတွင်း ရောက်သွား၏။

ရှေ့ခရီးကမူ အသွန်နေးကွေးလှ၏။ လမ်းကြောင်းကို မမြင်ရသလောက်ရှိ၏။ ခြေနှင့်လက်တို့ သွင်းနိုင်သည့် အခေါင်းပေါက်ကလေးများကိုသာ အားကိုးနေရသည်။ အလွန်အန္တရာယ်ကြီးသည့် လုပ်ရပ်ပင်။

လိမ့်ကျသွားလျှင် အရိုးနှင့်အသားခြားစီဖြစ်မည့် အမြင့်သို့ ရောက်လာကြသည်။ ဘောင်ထိပ်နှင့်ခပ်ဝေးဝေးသာ ဝေးတော့သည်။

တိုနီမှာ ကျွတ်နေသည့် ကျောက်တုံးအစကို တက်နင်း မိပြီး ခြေထောက် လွတ်သွားသည်၊ အောက်သို့ လျှောကျစ ပြုနေသည်၊

'ဆွဲတက်လိုက်'

ကာတာက အော်ပြောလိုက်သည်။

တိုနီ အခေါင်းပေါက်ထဲမှ ညာလက်ကိုဖြုတ်၍ ကာတာအား လက်လှမ်းပေးသည်။ ကာတာ ဖမ်းဆွဲလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



တိုနီ၏အလေးချိန်က ကာတာ၏ဘယ်ခြေအား ချော်သွားစေသည်။ လျှော့ကျသည်။ ခြေထောက်ကိုပြောင်းသည်။

ဟန်ချက်မသိတော့ဟု ထင်လိုက်စဉ်မှာပင် ညာဘက်လက်က ကျောက်ငုအစွန်းကို မိမိရရ ဖမ်းကိုင်မိသည်။

'ခြေချဖို့နေရာရှာ'

ကာတာ၏လက်မှာ ပြုတ်ထွက်လုနီးပါရှိလာသည်။ အလွန်ကြာညောင်းလှသည်ဟု ထင်မိ၏။

တိုနီက ခြေချရာကိုတွေ့သွားသည်။ သူ၏ အလေးချိန်က ကာတာလက်မှ လွတ်သွားသည်။

ကာတာကိုယ်တိုင်လည်း ဘယ်ခြေချနိုင်သည့်အခေါင်းလေးတစ်ခုကို နင်းမိ၏။

'ဘယ့်နှယ်လဲ'

ကာတာက မောဟိုက်သံနှင့်မေးသည်။

'ရပြီ....ရပြီ'

တိုနီမှာ အလွန်တုန်လှုပ်နေပုံရသည်။

ကာတာမှာ တိုနီအား ချီးကျူးမိသည်။ သူ့ထက် တိုနီက တောင်တက်ရသည်ကိုပိုကြောက်ခဲ့သည်။သို့တိုင် ကန့်ကွက်ခြင်းမရှိခဲ့။

'သိပ်မဝေးတော့ဘူး တိုနီ'

လက်နှိုက်ရာများကို ဂရုတစိုက်ဆွဲခိုကာ အပေါ်သို့ဆက်တက်သည်။ ယခုအချိန်ဝယ် ဂျီနာအားသောင်ပြင်ကျဉ်းကျဉ်းပေါ်၌ အရုပ်ကလေးပမာသာမြင်ရတော့သည်။

တောင်ထိပ်နှင့် ပေငါးဆယ်အကွာသို့ ရောက်လာသည်။



တိုနီ၏ကုတ်တွယ်ထားသည့်လက်ကိုမှာ ဖြူဖွေးနေ၏။ အံကိုလည်း တင်းတင်းကြိတ်ထားသည်။ ကာတာက တိုနီထံမှကြိုးကိုယူ၍ သူ့ခါးမှချိတ်နှင့်ချိတ်သည်။

ညာလက်နှင့်ကျောက်ခက်ကို မိမိရရဆုပ်ကိုင်ကာ ချိတ်တပ်ကြိုးကိုလွှဲ၍ အရှိန်ယူသည်။ ကျောက်တောင်ထိပ်ဆီသို့ ပစ်တင်လိုက်၏။

ချိတ်က ကျောက်တောင်အပေါ်သို့ ပျောက်ကွယ်သွား၏။ ကြိုးက ကာတာဘေးတွင် တန်းလန်းကျနေသည်။ ဆွဲကြည့်သည်။ လျှော့ပါလာသည်။

ထို့နောက် ချိတ်နှင့်ဘစ်စုံဘစ်ခုငြိနေပုံဖြင့် ရပ်သွားသည်။ ကြိုးကိုတင်းတင်းဆွဲ၍ တိုနီအား ငုံ့ကြည့်၏။

'အခြေအနေကောင်းပါတယ်'

တိုနီ၏မျက်နှာထားကတော့ သံသယရှိပုံရသည်။ ကာတာကကြိုးကိုဆွဲ၍ တက်ဘော့သည်။

တဖြည်းဖြည်း အပေါ်သို့ရောက်သွားသည်။ ကြိုးကလျှောခနဲကျကာ ရပ်သွားပြန်သည်။

ဇောချွေးများပြန်နေသည်ကို ကာတာသိလိုက်၏။ နဖူးမှချွေးတို့က မျက်စိထဲဝင်ကာ စပ်လျက်ရှိသည်။

ကာတာက ဂရုတစိုက်ပြန်တက်သည်။ ကျောက်တောင်ထိပ်သို့ရောက်ကာ လှမ်းကြည့်လိုက်၏။

ကိုယ်နှစ်ဆယ်မျှအ[illegible]ဝယ် ဆန်မာကို သွင်း[illegible] အဆောက်အအုံဖြူဖြူကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အဆောက်အအုံက တစ်ထပ်နိမ့်နိမ့်ဖြစ်၏။ တိုက်နှင့် သံဆူးကြိုးအကာကြားဝယ် မြက်ပင်များရှိနေ၏။

ကျောက်တောင်ပေါ်သို့တက်၍ ကြိုးချိတ် ချိတ်နေရာ ကျောက်စွန်းဆီလျှောသွားသည်။ ကြိုးကို ပိုမြဲအောင်ချည်၍ တိုနီဆီ ပြန်သည်။

ခေါင်းညိတ်ပြသည်။ တိုနီက ကြိုးကိုဆွဲ၍ စတက်၏။ သူ့အတွက် ခက်ခဲလှသော်လည်း နောက်ဆုံးတော့ ကာတာ့ဘေးတွင် ထိုင်ချလိုက်သည်။

'ခင်ဗျားစိတ်ကူးက အတော်သောက်ရူးကျတာပဲ'

'ကျွန်တော် သိပါတယ် တိုနီရယ်'

ကာတာက ရယ်လိုက်သည်။ ကျေးလက် တောင်စွန်းဆီသို့ ပြန်သွားကာ မိမိအန္တရာယ်ကင်းကြောင်း ဂျီနာအား လက်ဝှေ့ယမ်းပြသည်။

ဂျီနာက ပြန်လက်ယမ်းပြသည်။ ကာတာက တိုနီထိုင်နေရာသို့ပြန်လာ၏။ ပတ်ဝန်းကျင် အကဲခတ်သည်။

'ဟောဟိုမိုင်ငေ့လောက်မှာ အဆင်းရလွယ်မယ့်နေရာရှိတယ်၊ အဲဒီကပဲ ကျွန်တော်တို့ ပြန်ဆင်းမယ်တိုနီ'

'အဲဒီလမ်းက ကျွန်တော်ပြန်မှာ သိပ်ကို သေချာတာပေါ့ဗျာ'

ကိုယ်ကိုညွတ်၍ သံဆူးကြိုးအကာဆီသို့သွားကြ၏။ လူသူအရိပ်အယောင်မမြင်ရ။

'ကျွန်တော် သွားကြည့်လိုက်မယ် နော်'



တိုနီက ခြံစည်းရိုးဆောင့်သို့သွားသည်။ သူ၏မျက်နှာက ချွေးဖြင့်ပြောင်လက်နေ၏။ အဆောက်အအုံ၏မျက်နှာစာဘက်သို့ လှမ်းကြည့်ပြီး မှအိုးဒူးထောက် အဆင်သင့် တိုင်နေသည့် ဘေဘယ် ပြန်လာ၏။

'ရှေ့ခြံတံခါးဝမှာ အစောင့်တစ်ယောက်ရှိတယ်၊ သေနတ်နက်သည်း ရှိပုံပဲ'

'ကျွန်တော်က တွက်ထားတဲ့အတိုင်းပါပဲ'

'တိုက်ရှေ့မှာ ကားတစ်စီးလောက်တော့ အနည်းဆုံးရှိရမယ်၊ တိုက်ဘေးမှာ ဝန်ထမ်းဝင်ပေါက်လည်း တွေ့ရတယ်၊ အစောင့်မမြင်အောင်အဲဒီအပေါက်မကဝင်လို့ရမယ် ထင်တယ်'

'ကောင်းပြီ၊ စည်းရိုးက အချက်ပေးစနစ် ရှိမရှိ ကြည့်လိုက်ဦးမယ်'

ဆယ်ငါးမိနစ်မျှ အကြာဝယ် အချက်ပေးစနစ် ဝါယာကြိုးကို ဖြတ်နိုင်ပြီး စည်းရိုးဘေးတွင် တွင်းတစ်တွင်း တူးလိုက်နိုင်သည်။

ထိုတွင်းချိုင့်မှလျှိုကာ အတွင်းသို့ ဝင်၏။ တိုနီပြောသည့် တံခါးပေါက်ဆီသို့ သွားကြသည်။

တံခါးသို့ အရောက်ဝယ် အစောင့်မြင်နိုင်ကြောင်း တွေ့ရသည်။

ကာတာက နေရာရွှေ့၍ အစောင့်အား အကဲခတ်လိုက်သည်။

အဓော (၄၇) သေနတ်ကို ချိုင်းကြားညှပ်ထား၏။ [illegible] ဘေးတွင် တဲတစ်လုံးရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



တဲလေးတွင်ချည်ထားသည်မှာ တိုနီမမြင်ခဲ့သော ဂျာမန်သိုးထိန်းခွေးကြီးတစ်ကောင်ပင်ဖြစ်၏။

လေက အစောင့်ရှိရာဘက် တိုက်ခိုက်နေခြင်းမှာ ကံကောင်းလှသည်။

ခွေးကြီးအဖို့ ကာတာတို့၏ အနံ့ကို ခံ၍မရနိုင်တော့။

သို့သော် ဝင်ထမ်းဝင်ပေါက်တံခါးကို ဖွင့်လျှင်မူ အသံမထွက်အောင် အထူးဂရုစိုက်ရပေလိမ့်မည်။

သံတံခါးမှ သော့အိမ်ကို ကာတာအကဲခတ်၏။

အခက်အခဲတွေ့စရာမရှိ။ စောရသော့နှင့် မိနစ်ပိုင်းအတွင်း ဖွင့်လိုက်နိုင်၏။

တံခါးကိုတွန်း၍ အတွင်းသို့ ချောင်းကြည့်လိုက်သည်။

'လာ....'

ကာတာက တိုးတိုးပြော၍ တိုနီအား နောက်မှလိုက်လာခဲ့ရန်အချက်ပြသည်။

နှစ်ဦးသား သေနတ်ကိုင်၍ အတွင်းသို့ဝင်ကြ၏။ တိုနီက တံခါးကိုပြန်ပိတ်သည်။

အိမ်ရှေ့ပိုင်းသွားရာ စင်္ကြံလမ်းသို့ သူတို့ လျှောက်နေ
သည်။

ခပ်အုပ်အုပ် အသံတစ်မျိုးကို တစ်နေရာရာမှ ကြားလိုက်ရသည်။

အောက်မှ ဖြစ်ပုံရသော်လည်း လှေကားကို မတွေ့ရ။

အိမ်ရှေ့ပိုင်းသို့သွားရင်း တိုနီအားနောက်မှ ကပ်လိုက်ခဲ့လာရန် ကာတာက အချက်ပြ၏။



ရုံးခန်းသို့မဟုတ် ညှော်ခံကြိုဆိုရေးအခန်းနှင့် အခန်းများသို့ ရောက်လာကြသည်။

စားပွဲတစ်လုံးတွင် ပညာရှင်တစ်ဦးနှင့် အဖြူရောင်အပေါ်အင်္ကျီဝတ် လူတစ်ဦးထိုင်လျက်ရှိသည်။

အခန်းထောင့်တွင်လည်း အစောင့်တစ်ဦးက အီတလီသတင်းစာကို ဖတ်နေ၏။

နှစ်ယောက်စလုံးက ကာတာတို့အား မြင်ပုံ၊ အသံကြားပုံမရှိချေ။

အပေါ်အင်္ကျီဖြူ ဖုတ်ကိုလ်ရှေ့တွင် အာဂ်လိပ်ဖဲ ကွ ရာ.... အယ်(လ်)ပုံ ကောင်တာတစ်လုံးရှိသည်။

ရှေ့တံခါးနှင့် အစောင့်ကြား ရှင်းအားခြားနေ၏။ ကာတာက တိုနီအား ခေါင်းညိတ်ပြသည်။

သူက ကောင်တာနောက်မှ လူနောက်သို့ ကပ်သွားသလို ကာတာကလည်း အစောင့်ဆီသို့ ကပ်သွား၏။

'ငြိမ်ငြိမ်နေကြ၊ မလှုပ်နဲ့'

ကာတာက အီတလီစကားနှင့် ပြောလိုက်သည်။

အစောင့်က ခုန်ထ၏၊ ခါးမှ ခြောက်လုံးပြူးဆီသို့ လက်လှမ်းစဉ် ရင်ဘတ်သို့ချိန်ထားသည့် ကာတာ၏ လူဂါကို တွေ့သွားသည်။

ကုတ်အင်္ကျီအဖြူက တိုနီ့ကို ကြည့်လိုက် ကာတာကို ကြည့်လိုက်လုပ်ပြီး ထိုင်ရာမှ တဖြည်းဖြည်းထလာသည်။

'ဂျူးဒတ် ဘယ်မှာလဲ'

အစောင့်ထံမှ အကြည့်ကိုမခွာဘဲ ကာတာမေး၏။

www.burmeseclassic.com

www.burmeseclassic.com



'ဘာဗျ'

အစောင့်က ပြန်မေးသည်။

'ကဲ... ကဲ ကဲ'

တိုနီက ဒေသမသုံးရှစ်ဘာရှယ်တာ ပန့်တို့နှင့် ကုတ်အင်္ကျီအဖြူ၏ ကျောကိုဖိခေါက်သည်။

'တို့စိတ်ကို တိုအောင်မလုပ်နဲ့နော်'

'ဂျူးဒတ် ဒီမှာမရှိဘူး'

တိုနီ ရှေ့မှလူက ပြောသည်။

အီတလီစကားနှင့် ပြောသော်လည်း ဂျာမန် သို့မဟုတ် စကော်ဒီးနေးဗီးယန်း ဒေသသားနှင့်တူ၏။

ကာတာနှင့် တိုနီအား စေ့စေ့ကြည့်ကာ အကဲခတ်သည်။

ထိုသူမှာ ပိန်သည်။ ကိုင်းမပါသည့် မျက်မှန်တပ်ထား၏။ အေးစက်သော မျက်လုံးပြာပြာတို့ ရှိသည်။ ဂျူးဒတ်အကြိုက်လူစားမျိုး ဖြစ်သည်။

သို့သော် ၎င်းသည် နည်းပညာရှင်တစ်ဦးဖြစ်ပါက မည်သည့်အတွက် ဂျူးဒတ်က ငှားခဲ့သနည်း။

'အမြင့်က အစောင့်နဲ့ ဆက်သွယ်နိုင်သလား'

'ဟုတ်ကဲ့'

'သူ့ကို ဘာမှမပြောနဲ့'

အစောင့်က ကုတ်အင်္ကျီဖြူအား လှမ်းပြောလိုက်၏။

ကာတာက အစောင့်ဆီသို့ လျှောက်သွားသည်။

ထို့နောက် ကုတ်အင်္ကျီဖြူဘက်သို့ ပြန်လှည့်၏။



'အမြင့်က အစောင့်ကို ဒီလာဖို့ပြောလိုက်ပါ'

'သူက နေရာရွှေ့မယ် မထင်ဘူး'

'သူနဲ့ စကားမပြောနဲ့'

အစောင့်က ဖော်သတိပေးပြန်သည်။

'သောက်မါးစပ် ပိတ်ထားစမ်း'

ကုတ်အင်္ကျီအဖြူက အစောင့်အား ခပ်မာမာ ပြောလိုက်သည်။

'အမြင့်ကအစောင့်ကို မစ္စတာ ဂျူးဒတ်ဆီက ဖုန်းလာနေတယ်၊ အထူးညွှန်ကြားစရာတွေရှိသိုလို ပြောလိုက်ပါ'

ထိုသူက ကာတာ၏ စကားကြောင့် တိုနီကိုလည်း လှည့်ကြည့်၏။

'ပြောတဲ့အတိုင်း လုပ်လိုက်ရင် ကောင်းမယ်'

တိုနီက သတိပေးသည်။

ကုတ်အင်္ကျီအဖြူက အံဆွဲကိုဖွင့်၍ အဖုံးတန်းအဘုံလွှင့်စက်ကိုထုတ်၏။

ခလုတ်ဘိုနှိပ်၍ ပြောသည်။

'ဘာလို အထဲကို ခဏလာပါဦး၊ မစ္စတာ ဂျူးဒတ်က ဖုန်းဆက်ပြီး ခင်ဗျားနဲ့ စကားပြောချင်လို့တဲ့'

အစောင့်က ငုတ်ဝမှလျှောက်လာစဉ် ကာတာတို့က ငြိမ်၍စောင့်နေကြသည်။

အစောင့်မှာ ချိုင်းကြားမှ အေကေ (၄၇) ကိုမခွာ။ ဒိုမ်တံခါးပေါက်သို့ ရောက်သည်နှင့် အတွင်းမှ အစောင့်က အော်ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'သတိထားပေ၊ သူတို့မှာသေနတ်ပါတယ်'

တံခါးပေါက်မှအစောင့်က ကာတာနှင့် တုံနီကိုကြည့်ကာ သေနတ်ကို ချော်ကျသည်၊ ကာတာက ရင်ဘတ်သို့ ပစ်လိုက်သည်၊

အစောင့်လက်မှ သေနတ်က လွတ်ကျပြီး ကျည်ဆန်များ ဆက်တိုက်ထွက်လာ၏၊

ကျည်ဆန်တို့က ကြမ်းပြင်၊ ကောင်တာနှင့် သတိပေးသည့် အစောင့်ရင်ဘတ်သို့ ဝင်သွားသည်။

နံရံကိုပြေးဆောင့်ကာ သူထိုင်ခဲ့ရာ ကုလားထိုင်ပေါ်သို့ ဝုန်းခနဲ ပစ်ကျသည်၊ ကုလားထိုင်မှာ ကျိုးပဲ့သွား၏။

ကာတာ တံခါးပေါက်ဆီသို့သွားကာ အပြင်သို့လှမ်းကြည့်သည်။

မည်သူ့ကိုမှ မတွေ့ရ၊ ကုတ်အင်္ကျီအဖြူဘက်သို့ လှည့်ကြည့်သည့်အခါ မျက်နှာ သွေးဆုတ်နေသည်ကို တွေ့ရ၏။

ကဲ .. မှန်တာကို ဖြေစမ်း၊ ဂျူးဒတ် တကယ်ပဲ မရှိတာလား'

'ဒီမှာ ကျွန်တော်တစ်ယောက်တည်း ရှိတော့တာပါ'

သူ၏ ပြောပုံဆိုပုံအရ အမှန်ပြောကြောင်း သိသာနိုင်ပါသည်။

'ပတ္တမြားတွေ ဘယ်မှာလဲ'

တုံနီက ဝင်မေးသည်၊

'ဘာ...'

'ဇာတိကန့် ရတနာတွေလေ၊ ဘယ်မှာ ဝှက်ထားသလဲ'



'ဪ.... ဒါတွေ ဂီမှာရှိတယ်လို့ ခင်ဗျားတို့ ထင်နေကြတာကိုး'

ကာတာသည် သူ့ထံသို့သွားကာ နားထင်သို့ သေနတ်နှင့် ထောက်လိုက်၏။

'ဘယ်မှာ ထားသလဲ'

သူ၏ မျက်နှာက ဖြူဖွေးသွားသည် အသက်ရှူ မြန်လာသည်။

'ဂူတစ်ဂူလို့တော့ သူတို့ပြောနေသံ ကျွန်တော်ကြားတာပဲ'

'ဘယ်ဂူလဲ'

'မြေလိုဏ်ဂူတဲ့၊ ဒီက သိပ်မဝေးဘူး'

'အဲဒီဂူကို ကျွန်တော် သိပါတယ်'

တိုနီ ပြောလာ၏။

ကာတာသည် ထိုသူ့အား ထောက်ထားသည့် သေနတ်ကို ပို၍အားဖိုက်ဖိသိုက်သည်၊

'ဒီက မြေကိုက်ထဲမှာ ဘာရှိသလဲ'

ထိုသူ၏ မျက်နှာပေါ်ဝယ် ကြောက်သန့်မှုက နေရာယူလာသည်။

'ဘာမှမရှိဘူး'

သူ့အသံသည် ကျယ်လောင်လှ၏၊

တိုနီနှင့်ကာတာတို့ အကြည့်ခြင်း ဖလှယ်လိုက်ကြသည်။

'ရတနာတွေကို အနီးကဂူမှာဝှက်ထားယင် ဒီမြေကိုက်ခန်းမှာ ဘာရှိမယ်ထင်သလဲ တိုနီ'

'ကိုယ့်ဘာသာကိုယ်ရှာကြည့်တာ အကောင်းဆုံးပေါ့ဗျာ

www.burmeseclassic.com

www.burmeseclassic.com



'ကဲ... သူ့ကို ကြိုးတုပ်ထားလိုက်၊ ကျီးနှာ မှမ်ဘောဇ်နဲ့မလာ…
ဖီ မိနစ်ပိုင်းပဲ အချိန်ကျန်တော့တယ်'

တုန်ိနီသည် ဆိုလ အား ခြေထောက် လက်ပါ ကြိုးတုပ်…
ပါးစပ်ကိုပါ ၎င်း၏လည်စည်းနှင့် ဖိ၍ချည်သည်။

ကာတာက လှေကားကို ရှာကြည့်သည်။ မတွေ့၍ တံခြ…
စယ်းရှည်များသိမ်းရာ ဗီရိုကို ဖွင့်ကြည့်သည့်အခါတွင်မှ ခေါ…
လှေကားလေးကို တွေ့လိုက်ရသည်။

'တုန်ိနီရေ... လာဗျို့၊ အောက်ဆင်းတဲ့လမ်းကိုတွေ့ပြီ'

ကာတာက ခေါက်လှေကားလေးနှင့်အောက်သို့ ဆင်းသ…
မည်သည့်အဖြစ်နှင့် ကြုံရမည်နည်းဟု ငြိမ်ကာ တွေးနေ…
သည်။ နှစ်မိနစ်မျှအကြာ၌ ခေါက်လှေကားမှ ဆင်းကြသ…

အလွန် သေသပ်သော မြေအောက်ခန်းပင်ဖြစ်၏။

ကျောက်ခေါင်းရှိရာ အခြမ်းမှလွဲ၍ မျက်နှာစာအနှံ့ …
လမ်းများ၊ အခန်းများ ရှိနေကြသည်။

လျှောက်သာရင်း ကိုယ့်မျက်စိကိုပင် ကိုယ်မယုံနိုင်၊

မြေအောက်ခန်း တစ်ခုလုံးသည် အနုမြူ ထုတ်လုပ်…
အတွက် ဖြစ်နေသည်။

အခန်းလေးများ၌ ယင်းအတွက် လိုအပ်သော စက်…
ယာနှင့် ပစ္စည်းများ ရှိနေသည်။ ဂျူးဒတ်သည် အနုမြူ…
ခန်းကို လုပ်ကိုင်နေပါလား။

နောက်ဆုံးတွင် စားပွဲကြီးတစ်လုံးနှင့် အာမခံသေတ္တာ…
တစ်လုံးရှိရာ စက်ခွဲခန်းနှယ် အခန်းတစ်ခန်းကို တွေ့ကြ…
သည်။



တုန်ိနီက အာမခံသေတ္တာကို သွားကြည့်သည်။ ဖွင့်နိုင်လိမ့်
မည်ဟု ဆိုသည်။

ကာတာသည် စားပွဲကို မွှေနှောက်သည်။ အာမခံသေတ္တာ
ဖွင့်သွားပြီးနောက် ဖိတ်ခင်းစားဖွယ် စာရွက်စာတမ်းအချို့ကို
တွေ့ရသည်။ စားပွဲပေါ်သို့ တင်ထားလိုက်ကြသည်။

'ဟိုအရင်က အနုပညာပစ္စည်းခိုးမှုတွေကို ဒီစာတွေထဲမှာ
ရည်ညွှန်းထားတယ်၊ ဂျူးဒတ်နဲ့ ဟာရယ်လီတို့ လုပ်ခဲ့ကြပုံပဲ
နစ်'

ကာတာ စာရွက်တစ်ရွက်ကို ယူကြည့်သည်။

'ဘုရားရေ ဂျူးဒတ်ဟာ နေတိုးနိုင်ငံတွေက … ထုတ်
ချက်တွေကို ခိုးယူနေတာ ကြာပြီပဲ၊ နောက်ဆုံး...သူကိုယ်တိုင်
အနုမြူထုတ်နိုင်မယ့်အခြေအနေ ရောက်နေပြီ'

'ဒီအတွက် ငွေအရင်းအနှီးရအောင် လုယက်မှုတွေလုပ်တာ
ဖြစ်မယ်နစ်'

ကာတာ နောက်စာရွက်တစ်ရွက်ကို ကောက်ယူကာ အတန်
ကြာ ဖတ်ကြည့်နေသည်။

'ကောင်းပါလေ့ကွာ ကောင်းပါလေ'

ကာတာ စိတ်မသက်သာစွာပြုံးရသည်။ ၎င်းစာရွက်မှာ
ပန်းအိုးထဲတွင် ကာတာဝှက်ခဲ့သော စာရွက်ပင်ဖြစ်သည်။

'ဒီစာရွက်နောက်ကွယ် ခင်ဗျားလိုက်တာ မဟုတ်လား နစ်'

'ဟုတ်တယ်'

ကာတာသည် စာရွက်ကို အသေအချာခေါက်၍ အိတ်ကပ်
ထဲသို့ ထည့်၏။

www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုဆိုယင် ခင်ဗျားကိစ္စပြတ်သွားပြီ၊ ကျွန်တော့်ကိစ္စလဲ ဟိုဂူက ပစ္စည်းတွေ ပြန်ရယင် ပြီးတော့မယ်'

ကာတာက ပုံစံစာရွက်များကို မြောက်ပြသည်။

'ကျွန်တော့်အလုပ်က မပြီးသေးဘူး၊ ဒါတွေကို ဂျူးဒတ် မိတ္တူပွားပြီး ရောင်းမှာပဲလို့ ကျွန်တော်တို့ တွက်ထားတယ်၊ ဒါပေမယ့်...သူကိုယ်တိုင် သုံးဖို့လဲ ဖြစ်ပုံရတယ်၊ ဒါတွေက ခုန ကျွန်တော့်စာရွက်က ပုံစံကိုအသေးစိတ်ပုံစံ ပြန်တုတ်ထားတာတွေပဲ၊ ကျန်စာရွက်တွေကတော့ ဒီကိရိယာတည်ဆောက်ရေး အတွက် မှတ်စုတွေပဲ'

'ဘယ်လို... ဂျူးဒတ်ရသွားတဲ့ စာရွက်ဟာ အနုမြူလက်နက် အစိတ်အပိုင်းတစ်ခုရဲ့ ပုံစံလို့ ခင်ဗျားဆိုလိုတာလား'

'ဟုတ်ပါတယ်'

ဂျူးဒတ်သည် ဤကိရိယာကြောင့် သူ၏ လက်နက်ကို ပို အကျိုးထူးစေမည်ဖြစ်ကြောင်း သိမည်မှာ သေချာလှသည်။ သို့ဖြင့် အသုံးပြုရန် ဆုံးဖြတ်သိမ့်မည်။

သို့ဖြစ်၍ သူ၏ အနုမြူလက်နက်မှာ အသေးစား ဖြစ်ရမည်။

ဤအသေးစား ဗုံးလေးတစ်လုံးသည်ပင် မြို့ကြီးတစ်မြို့ကို ဖျက်ဆီးနိုင်ကြောင်း ကာတာသိပါသည်။

'ဒါကို သူအသုံးပြုလိမ့်မယ်လို့ ခင်ဗျားထင်သလား'

'သေချာတာပေါ့ တိုနီရယ်'

'ဒါဆိုယင် ဗုံးကဘယ်မှာလဲ'



'ဗုံးကို လုပ်ပြီးပြီလို့မှတ်လိုက်၊ သူဟာ မောင်းထိန်းခလုတ် ကိရိယာကို လုပ်ဖို့လဲ အချိန်ရခဲ့တယ်၊ ဒီတော့ ဗုံးဟာ အသုံးချမယ့်နေရာကို သွားနေပြီလို့ ယူဆရမှာပဲ'

'ပြဿနာပဲ'

တိုနီက စာရွက်တစ်ရွက်ကို ကောက်ယူကာကြည့်သည်။

'ဒါကို ကြည့်စမ်းပါဦး'

ခဲတံနှင့် ခပ်သော့သော့ ရေးထားသည့် စာကြောင်းကို တွေ့ရသည်။ အီတလီဘာသာနှင့်ဖြစ်သည်။

(တစ်မီဂါတန်နှင့် ပစ်မှတ်မှ မိုင်သုံးဆယ် ပတ်လည်ကို ဖျက်ဆီးနိုင်စွမ်းရှိ။)

'ဘုရား ဘုရား'

'ဂျူးဒတ်က ဒီလို လက်နက်မျိုးနဲ့ ဘာလုပ်ချင်ရတာလဲ နစ်'

'မသိဘူး၊ ဒါပေမယ့် ကျွန်တော့်စာရွက်ရဲ့ ပုံစံကြောင့် သူ့အတွက် အကျိုးရှိမှာတော့ သေချာတယ်၊ ကျွန်တော့် ကြောင့် ဖြစ်ရတာလို့ ခံစားနေရတယ်ဗျာ'

'အစပ်ပွာယ် မရှိပါဘူးလေ၊ ဘယ်သူမှ ရှေ့ဖြစ်လာမယ့် အကြောင်းနဲ့ အကျိုးဆက်ကိုမှ ကြိုမမြင်နိုင်ကြတာ'

ကာတာက စားပွဲအံဆွဲမှ သူရခဲ့သည့် ပုံနှိပ်လက်ကမ်း ကြော်ငြာကို ကောက်ကိုင်သည်။

'ဒါက စိတ်ဝင်စားဖို့ ကောင်းတယ်'

'အဲဒါဘာလဲ'

'အီတာလီယန်း သင်္ဘောလိုင်းက သင်္ဘောခရီးစဉ်ပဲ'

www.burmeseclassic.com

www.burmeseclassic.com



ကာတာက သခင်္ချာစာရင်းကို ဖတ်ကြည့်သည်။ အမည်တစ်ခုကို အတွေ့ဝယ် ဟိုက်ခနဲ ဖြစ်သွားသည်။

'ဒီမှာ....လီယိုနာဒို'

တိုနီ၏မျက်နှာ တွေခနဲဖြစ်သွားသည်။

'လီယိုနာဒို နေဦး၊ ဒီနာမည်ကိုကျွန်တော်တို့တွေ....'

'ဖာရယ်လီရဲ့စာရွက်ထဲကလေ၊ ခုဗျားရေးမှတ်လာတဲ့စာရွက်နောက်ကျောမှာပါတယ်၊ လီယိုနာဒိုသို့ ကုန်ပို့ရန် ဆိုတာလေ၊ နောက်နေ့စွဲလည်းပါတယ်၊ နေ့စွဲကတော့ မနေ့ကပဲ'

'လီယိုနာဒိုသို့ ကုန်ပို့ရန်'

တိုနီက တစ်လုံးချင်း ရေရွတ်ကြည့်၏။

'ဘုရားရေ၊ ဒါဟာကိုဆိုလိုတယ်ဆိုတာ ခင်ဗျားသိတဲ့....'

'ဟုတ်တယ်၊ အဲဒါပဲဖြစ်ရမယ် တိုနီ'

ကာတာက သင်္ချာများ အဝင်အထွက် စာရင်းကို ပြန်ကြည့်သည်။ လီယိုနာဒို အမည်တော ရှိ နေ့စွဲအား မင်နီဝိုင်းထားသည်။

နေ့စွဲကို တွေ့သည့်အခါ ကြိုတ်ဆဲလိုက်မိသည်။

တိုနီက ကာတာ၏ ပခုံးပေါ်မှကျော်ကာ စာရွက်ကို ဖတ်ကြည့်သည်။ နှစ်ယောက်သား အကြည့်ချင်းဆုံမိကြသည်။

'ဟုတ်တယ် တိုနီ၊ လီယိုနာဒိုဟာ သေးရက်အတွင်း ထွက်တော့မယ်၊ သင်္ဘောပေါ် ဟိုက်ဒရိုဂျင်ဗုံး ရောက်နေပြီး ဖြစ်မယ်၊ သူ့ခရီးစဉ်က နယူးယော့မြို့ကိုပဲ'

✶

## အခန်း (၉)

တိုညနေမှာပင် ကာတာနှင့်ဂျီနာတို့ ရောမသို့ ထွက်ခဲ့ကြသည်။ တိုနီကမူ လျှို့ဝှက်ဌာနမှ ခိုးရာပါရုတနာတို့အား ပြန်သိမ်းရန် နိုင်ငံတကာ ရဲအဖွဲ့ဝင်တို့အား စောင့်ရှင်း ကျန်ရစ်ခဲ့သည်။

ဖမ်းထားသည့် နည်းပညာရှင်ကိုလည်း ဇစ္စလီ ရဲအပ်မှုသို့ အပ်သည်။ ရောမနှင့် ကက်ပရီရဲအဖွဲ့ အကူအညီဖြင့် ဖာရယ်လီနှင့် ဂျူးဇတ်တို့အား တွေ့ရာနေရာဝယ် ဖမ်းရန် နိုင်ငံတကာရဲအဖွဲ့သို့ သတင်းပို့ခဲ့သည်။

ဂျီနာ၏ အခန်းသို့ရောက်သည့်အခါ လေဆိပ်သို့ဖုန်းဆက်ပြီး နောက်တစ်နေ့မနက် နယူးယောက်သွား လေယာဉ်နှင့် လိုက်နိုင်ရန်စီစဉ်ရသည်။

လီယိုနာဒိုသည် နေပယ်တွင် ရပ်ထားသည်၊ ထိုနေရာမှပင် နယူးယော့သို့ ထွက်ပေလိမ့်မည်။

ညဦးပိုင်းတွင် လင်းယုန်ကြီးထံသို့ ကာတာက သတင်းပို့၏။ ဝင်းမှာ စာရွက်ကို ပြန်ရပြီဟူသော သတင်းအတွက် စိတ်ချမ်းသာသွားပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထိုကီရိယာကို ဂျူးဒတ် ပြု လုပ် ပိုင် ဆိုင် သွားကြောင်း သိလိုက်သည့်အခါတွင်မူ....

'ဘာကွ'

'ဂျူးဒတ်ဟာ လီယုိနာဒို သင်္ဘော်ပေါ် အနုမြူဗုံးတင်ပြီးပြီလို့ ကျွန်တော်ထင်ပါတယ်၊ အဲဒီသင်္ဘောဟာ နယူးယော့ကို သွားဖို့ပဲ'

'ဘုရားကယ်ပါ၊ အဲဒီမှာ သူ့ဗုံးကို သုံးမယ်လို့ကော မင်းထင်သလား'

'တခြား ဘာကိုများ စဉ်းစားမိဦးမှာလဲ ဆရာ၊ ဂျူးဒတ်လိုလူစားမျိုးဟာ ဘယ်လိုလုပ်မယ်ဆိုတာ ရဲရဲတွေးကြည့်လိုက်စမ်းပါ'

အတန်ကြာ စကားပြတ်သွားသည်၊ လင်းယုန်ကြီး၏အသက်ရှူမြင်းပြင်းသံကိုသာ ကြားနေရသည်၊ ကာဘာကိုယ်တိုင်လည်း သက်ပြင်းချမိသည်။

'သူလုပ်ခဲ့တဲ့ ဗုံးဟာ မိုင်သုံးဆယ်ပတ်လည် ဖျက်ဆီးအားရှိတယ်၊ ဒါဟာ ပင်မအားပဲ၊ ဒုတိယအဆင့် အကျိုးဆက် ခံစားရမှာတွေ မပါသေးဘူး၊ ကျွန်တော် ရှာတွေ့တဲ့ ပုံစံတွေအရဆိုရင်တော့ ဗုံးဟာ ဘတ်စ်ကားဂိတ်က အငှားအာမ ခံသေတ္တာလေးထဲမှာ ထားနိုင်လောက်အောင် သေးတယ်၊ သေးပေမယ့် ဖျက်ဆီးအားက မသေးဘူး'

'ဒါကို ငါသိပါတယ် ကာဘာ၊ ဆက်ပြောပါဦး'

သူ၏ ပြောပြချက်အရ လင်းယုန်ကြီး ကတုန်ကယင်ဖြစ်နေပြီကို ကာဘာသိပါသည်။



'ဂျူးဒတ်အတွက် သင်္ဘောပေါ်ကနေ ဗုံးကိုပစ်ချလိုက်ရုံပဲ၊ နယူးယော့ဆိပ်ကမ်း ရေအောက်မှာ ရက်ပေါင်းလပေါင်းချီပြီး ပျောက်နေနိုင်တယ်၊ သူ့မှာ မောင်းထိန်းခလုတ် ကိရိယာရထားပြီမို့ သူ့အတွက် အဝေးထိန်းခလုတ်ပဲ လိုတော့မယ်၊ နယူးယော့နဲ့ဝေးတဲ့ ဖီးလာဒယ်ဖီးယားလို နေရာမျိုး ရှောက်လည်ရင်း ခလုတ်ကိုနှိပ်လို့ရတယ်'

'နေပါဦး၊ ဂျူးဒတ်က ဘာလို့ ခုလိုလုပ်ရတာလဲ'

'ဂျူးဒတ်ဟာ ကျွန်တော်တို့ အစိုးရကို မုန်းနေတယ်လေ၊ မှတ်မိတယ်မဟုတ်လား၊ သူ့ရဲ့လက်စားချေရေးအစီအစဉ် ဖြစ်ချင်ဖြစ်မှာပေါ့၊ ဘယ်သူက အတိအကျ ပြောနိုင်မှာမို့လဲ'

'လက်စားချေဖို့ ဟုတ်လား'

လင်းယုန်ကြီး၏ လေသံဝယ် ဒေါသက စွက်ဖက်နေ၏။

'လူဆယ်သန်းကိုသတ်မယ် ဟုတ်လား ကာဘာ၊ ဒါမဖြစ်ရအောင် တားရမယ်ကွ၊ နေရာယ်ကို အမြန်ဆုံးလိုက်သွား၊ ဗုံးကို မင်းရှာတွေ့မှဖြစ်မယ် ကာဘာ၊ ဂျူးဒတ်ကိုတော့ ဘာလုပ်ရမယ်ဆိုတာ ပြောစရာမလိုတော့ဘူး'

'ဟုတ်ကဲ့--တစ်ခု ရှိတာက ကျွန်တော်တို့ရဲ့ မောင်ထိန်းခလုတ် ကိစ္စပဲ၊ သူဟာ တခြားအဖွဲ့အစည်းတွေကို ဒီပုံစံ ပေးသေးပုံ မရဘူး၊ လောလောဆယ် ပေါ့လေ၊ သူ့ ရုံးခန်းမှာ ကျွန်တော်ရှာတွေ့တဲ့ စာရွက်စာတမ်းပုံစံတွေအရ ဆိုရင်တော့ ပစ္စည်းကို လူတွေအများကြီးခဲ့ပြီး တစ်စခြင်းလုပ်ခိုင်းတာပဲ'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီတော့ ကိုရီးယားတစ်ခုလုံးပုံစံကို ဘယ်သူမှ မသိတော့ဘူး။ တစ်ယောက်တစ်မျိုးပဲ သိကြလိမ့်မယ်၊ ဂျူးဒတ်ကိုမိဖြီးယင် ကိုရီးယားအတွက်မှု စရာမလိုတော့ဘူးလို့မျှော်လင့်ရတာပဲ'

'နယူးယောက်ကြီး ငါ့ချို့မှာ ဖောက်ခွဲမခံရယင်ပေါ့ကွာ'

'ဟုတ်ပါတယ်'

'ကဲ — ခြေလှမ်းစပေတော့ ကောင်လေး၊ နယူးကိုလီယိုနာဒို ဘယ်အချိန်ရောက်မယ်ဆိုတာ သိယင် ဆက်သွယ်ပါ၊ ဒါမှ ထောက်လှမ်းရေးသမားတွေကို အဆင်သင့်ချထားနိုင်မှာ၊ ဟိုးကိုတော့ သတော်သဆိပ်ကမ်းမဝင်ခင် အရှာပါ၊ မရှာနိုင်ယင်တော့ လူတွေအများကြီးကို ငါ သတင်းပို့ရတော့မယ်'

'ကျွန်တော် နားလည်ပါတယ်ဆရာ'

* * *

ဖုန်းဆက်ပြီးနောက် ကာတာနှင့်ဂျီနာတို့ အီတာလီယန်သင်္ဘောဆိပ်၏ ရောမရုံးသို့ သွားကြသည်။

သင်္ဘောထွက်ရက် အပြောင်းအလဲရှိကြောင်း သို့ဖြစ်၍ နေပယ်ဆိပ်ကမ်းဝန်းထောက် သို့မဟုတ် နေပယ်ရှိရုံးခွဲသို့စုံစမ်းရန် ရုံးတိုက ပြောကြသည်။

ဂျီနာ၏ အကြိုက်ဆုံးစားသောက်ဆိုင်တွင် ညစာစားပြီးနောက် သူမ၏အခန်းသို့ ပြန်ကြ၏။ ကာတာအတွက် နောက်တစ်နေ့မနက် မရောက်မချင်း လုပ်နိုင်စရာ သိပ်မရှိပါ။



ကာတာက ဂျီနာအတွက်ပါ၊ သေသတ်လက်မှတ်ကို မှာထားသေးသည်။ သူမကိုမူ မပြောမိခြင်းမရှိ၊

ကာတာက အရက်ခပ်ပြီးနောက်တွင် ဂျီနာမှာ ပါးလွှာသော ညဝတ်အင်္ကျီကိုသာ၍ ကာတာ၏အနား၌ ခင်ထိုင်၏၊

ကာတာသည်သို့ ဘေးဖောင်းလှည့်ရာ ကိုယ်လုံးနှင့်ဖိကပ်ထားသည်။

'ခုညဟာ ကျွန်မတို့ရဲ့ နောက်ဆုံးညပဲ မဟုတ်လား'

ကာတာက သူမ၏မျက်ဝန်းနက်နက်ထဲသို့ စိုက်ကြည့်ရင်း သူမအသေ မိမိနည်းတူ အလေးအနက်ရှိနေကြောင်း သိလိုက်သည်။

သူမနှင့်ခွဲခွာရသည့်အခါ အနတ်ပင် သတိရနေမိလိမ့်မည်။

သူ၏အလုပ်ဝယ် ထိုအဖြစ်မျိုးက ဆိုးလှ၏။ သံယောဇဉ်တွယ်၍မရ။ ရင်နာစရာအဖြစ်တစ်ခုပင်၊

ကျွဲညသည် သူတို့အတွက် နောက်ဆုံးညဖြစ်လျှင် ကောင်းလေစွ၊ သို့သော် အိပ်(စ)အဖွဲ့ကြီးသည် သူ၏ လုပ်အားကို အနည်းငယ် ထပ်မံလိုအပ်နေပါသေး၏။

'အမှန်ပြောရယင် ဒီညဟာ ကိုယ်တို့ရဲ့ နောက်ဆုံးညမဟုတ်သေးပါဘူး၊ အိပ်(စ)ရဲ့ဝန်ထမ်းအဖြစ် နည်းနည်းလောက် ဆက်နေချင်ယင် ရပါသေးတယ်'

'အို — ကျွန်မ ဆက်လုပ်ပါ့မယ်'

သူမက ကာတာအား နမ်းလိုက်သည်။ သူ၏သွေးတို့ [illegible] လာ၏။

www.burmeseclassic.com

www.burmeseclassic.com



'မင်း သိပ်မပျော်ခင် မင်းရဲ့အလုပ်ဟာ ဘာလဲလို့ အရင်သိထားဖို့ လိုမယ်'

ကာတာက ပြုံးလိုက်၏။

'ကျွန်မက ရှင်နဲ့အတူ လုပ်ရမှာလား'

'ဟုတ်တယ်'

'ဒါဆိုယင် အကြောင်းမဟုတ်တော့ဘူး'

ဂျူးဒတ်အပေါ် အာရုံစိုက်ထားရန် မလွယ်စေပါ။

'ဂျီနာ၊ ခုထိ မင်းကို ကိုယ်မပြောခဲ့တဲ့ တချို့အချက်တွေကို မင်းသိရတော့မယ်'

သူမ၏အကြည့်က ဂရုတစိုက်ရှိလာ၏။ ကာတာ၏ စကားကို စောင့်မျှော်နေသည်။

'လီယိုနာဒို သင်္ဘောခရီးစဉ်ကို တို့စစ်ဆေးကြည့်ခဲ့ရတာက အဲဒီသင်္ဘောပေါ်မှာ ဟိုက်ထရိုဂျင်ဗုံးတစ်လုံး ရှိနေလို့ပဲ'

'ဟိုက်ထရိုဂျင်အနုမြူဗုံးလို့ ရှင် ပြောတာလားဟင်....နစ်'

'ဒါမျိုးပါပဲ'

'နေပါဦး၊ အဲဒါက ဗာတီကန် လူယက်မှုနဲ့ ဖာရယ်လီနဲ့ ဘယ်လို ဆိုင်လို့လဲ'

'ဖာရယ်လီနဲ့ဂျူးဒတ် ဒါမှမဟုတ် ဂျူးဒတ်တစ်ယောက်တည်းက နယူးယော့သွားတဲ့သင်္ဘောပေါ်ကို အနုမြူဗုံးတင်ခဲ့တာလို့တို့ထင်ထားကြတယ်၊ ကိုယ့်ဆီကပါသွားတဲ့ စာရွက်ဟာ သူတို့အတွက် ဗုံးလုပ်ဖို့ အထောက်အကူဖြစ်သွားတယ်'

'မယုံနိုင်စရာကောင်းလိုက်တာ နစ်ရယ်'



'ဒါပေမယ့် ဒီအတိုင်းဖြစ်ခဲ့တာတော့ အမှန်ပဲ၊ ဂျူးဒတ်က းကိုမဖောက်ခင် ကိုယ်က ဗုံးရှာတွေ့မှဖြစ်မယ်၊ သင်္ဘောပေါ် ူးဒတ် လိုက်သွားယင်လဲ ၊သူက ရုပ်ဖျက်ထားမှာပဲ၊ သူက ပ်ဖျက်ပါရုဂ်မို့ သူ့ကို ကိုယ် ရှာတွေ့ဖို့မလွယ်ဘူး၊ ဗုံးကိုပဲ ို့က အဓိကထားရှာရမှာ'

'ဒါကိုရှာဖို့အတွက် ရှင် အကူအညီလိုတယ်ပေါ့'

'ဒီလို မင်းကို အစ်ကို တကယ်ပဲ အကူအညီမတောင်းချင်ပါဘူး ဂျီနာ၊ ဒါပေမယ့် တို့နိုက ဖာရယ်လီကို ရှာနေရလို့ အားဘူး၊ သင်္ဘောပေါ် ကိုယ်တို့တက်တဲ့အခါ နိုင်ငံတကာ အဖွဲ့က ဘယ်လိုလုပ်မယ်ဆိုတာလည်း ကိုယ်မသေချာဘူး...'

'ဒီတော့ မင်းဟာ ကိုယ့်အမိန့်ကိုပဲ တိုက်ရိုက်နာခံရမယ်၊ င်းဟာ ကိုယ်မတတ်နိုင်တဲ့အရာတွေကို တတ်နိုင်စရာအများ ကြီး ရှိနေလို့ပါ'

သူမက ကာတာကိုကျော်၍ အဝေးသို့ ငေးကြည့်နေလေသည်။

'အတော်အန္တရာယ်ရှိမယ့်ပုံပဲ'

'သိပ်ကိုမှန်တာပေါ့ကွာ'

'ဒီအစီအစဉ်ကို ဖယ်ရယ်လီလုပ်တာလို့ ရှင် ထင်နေတယ ဟုတ်လား'

သူပတ်သက်နေတယ်လို့ ကိုယ်တို့ထင်ထားတယ်

ဂျီနာက သက်ပြင်းရှည်ကြီး ချလိုက်၏။

'ဖာရယ်လီကို ကျွန်မမုန်းတယ်၊ သူ့ကို ထိခိုက်ဖို့မှန်သ ကျွန်မအတွက် ကျေနပ်စရာချည်းပဲ၊ နောက်ပြီး တစ်ခုရှိသေး

www.burmeseclassic.com



တယ်၊ ကျွန်မရဲ့ ညီအစ်မဝမ်းကွဲ အနီးဟာ နယူးယောက်မှာနေတယ်၊ သူဟာ ကျွန်မရဲ့ တစ်ဦးတည်း ဆွေမျိုးပဲ၊ သူ့ကို ကျွန်မသိပ်ချစ်တယ်၊ ဗုံးပေါက်ယင် သူကော သေနိုင်သလား ဟင်

'သိပ်ကို သေချာတာပေါ့ကွာ'

'ဒါဆိုယင် ရှင်နဲ့အတူ ကျွန်မလိုက်မဖော် နှစ်'

'ကျေးဇူးပဲကွာ၊ ဒီခဏ ... မင်းဟာ ... တို့အဖွဲ့ဝင် အဖြစ်ရှိနေပြီ'

ကာတာက ဖန်ခွက်ကိုချ၍ ဂျီနာအား ပွေ့ဖက်လိုက်သည်။

သူမ၏ နှုတ်ခမ်းအစုံမှာ ပူလောင်၍ အဆင်သင့် ဖြစ်နေသည်။

'ကျွန်မကို ရှင်သိုအပ်တဲ့အဖြစ်ကို ကျွန်မသဘောကျပါတယ်နှစ်ရယ်'

သူမအသံက တိုးလှ၏။

'သိပ်လိုတာပေါ့ ဂျီနာ'

နောက် ကျွန်မကို ရှင်ယုံဘာလဲ ရှိသေးတယ်'

ဒီမိသည် မည်သူ့ကိုမျှ မယုံကြောင်း ကာတာပြောခိုင်းသည်။

သို့သော် အိုင်(စ်)အတွက် သူမ တာဝန်ထမ်းဆောင်ရန်သေး၍ အမြင်မှားခြင်းမျိုး မဖြစ်စေလိုပါ။

ကာတာက သူမအား ဆိုဖာပေါ် တွန်းလှဲ၍ ဖက်ထားကြသည်။



ကျွဲအချိန်ဝယ် ဂျူးဒတ်၊ ဖာရယ်လီ၊ လီယိုနာဒိုသတော်နှင့်နှုတ်မြူဆုံးဟူသည် မရှိတော့ပါ။

ဂျီနာ၏ နွေးထွေးသောကိုယ်လုံး၊ သူမ၏ဆွဲ ဆောင်သောအသံ၊ ရနံ့၊ အထိအတွေ့နှင့် ပူလောင်ကျွမ်းသည့် ခံစားမှုသာလျှင် ရှိပါတော့သည်။

* * *

နောက်တစ်နေ့မနက် နေပါယ်သွား လေယာဉ်ခရီးစဉ်ကတိုတောင်းလှသည်။ မနက်ရှစ်နာရီ သာသာအလေးတွင်ရောက်ကြ၏။

လေဆိပ်မှာ အငှားကားနှင့် ဇိမ်ခံလူစီး သင်္ဘောကြီးများဆိုက်ကမ်ရာ၊ ထွက်ခွာရာဆိပ်ကမ်းသို့ တိုက်ရိုက်ဆက်သွားကြသည်။

ဆိပ်ကမ်းဝန်ထောက်ရုံးရှေ့သို့ ကိုးနာရီအချိန်တွင် ရောက်လာ၏။

မိနစ်အနည်းငယ်အတွင်း လက်ထောက်ဆိပ်ကမ်းအရာရှိ၏ရုံးခန်းလေးထဲ၌ လီယိုနာဒို သင်္ဘောခရီးစဉ်အကြောင်း ပြောဆိုနေကြပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'လီယိုနာဒို သင်္ဘောနဲ့လိုက်ချင်တာ သေချာပါတယ်နော် ဆီညော်'

အရာရှိကလေးက မေးလာ၏။

'သေချာပါတယ်'

'အင်း.... သင်္ဘောက ဒီမှာမရှိဘူး'

'ဟာဗျ'

'ဆိပ်ကမ်းမှာ သင်္ဘောမရှိတာ ကျွန်တော်သိပါတယ် ဆီညော် ကာတာ၊ ခဏလောက်စောင့်ပါဦး....အဝင်အထွက် မှတ်တမ်းကို ကျွန်တော်သွားကြည့်လိုက်ဦးမယ်'

အရာရှိလေး ထွက်သွားသည့်အခါ ဂျီနာက ကာတာဘက်သို့ လှည့်ကြ၏။

'ဆိုးတာပဲနော် နစ်'

'ဆိုးနိုင်တယ်ပေါ့ကွာ'

အရာရှိလေးက လယ်ဂျာစာအုပ်တစ်အုပ်ကို ယူလာသည်။ စာအုပ်ကြီးက ပေါင်သုံးဆယ်မျှ လေးလှသည်။ သူက စားပွဲပေါ်သို့ တင်၏။

'ပြောဒီမှာကြည့် မစ္စတာ ကာတာ၊ လီယိုနာဒိုဟာ သူ့ကုမ္ပဏီရဲ့ အချိန်စာရင်းသစ်ကြောင့် လွန်ခဲ့သော နှစ်ရက်က နယူးယောက်ကို ထွက်သွားပြီ'

'ဒုက္ခပါပဲ'

ကာတာမှာ စိတ်မသက်သာစွာ ညည်းလိုက်၏။

'ဒီက သူ့ကုမ္ပဏီက ပုဂ္ဂိုလ်တွေနဲ့ နယူးယောက်ရောက်ချိန်ကို စုံစမ်းလို့ရမယ်'



'သင်္ဘောက ခရီးဘယ်လောက်ဝေးဝေး ရောက်နေပြီလဲ'

အရာရှိကလေးက ကာတာအား မော့ကြည့်သည်။

'ကျွန်တော့်မှတ်မိသလောက်တော့ ဒီခရီးစဉ်ကမြန်တယ်၊ ခုဆိုယင် လမ်းတစ်ဝက်လောက်ကို ရောက်နေပြီ'

ကာတာမှာ ခေါင်းကို ခပ်ခေလေးလေးယမ်းမိသည်။ သင်္ဘောပေါ်တွင် ဗုံးရောက်နေပြီမှာ သေချာလှ၏။

သုံးရက်မကုန်မီ နယူးယောက်သို့ ရောက်ပေတော့မည်။ အနီးဆုံးရှိ အမေရိကန်လေတပ်စခန်းကို အမြန်ဆုံးစဉ်းစားရ၏။ အမြန်ဆုံး ဖုန်းဆက်မှဖြစ်မည်။

'ကျေးဇူးပါပဲဗျာ'

သူက ထိုင်ရာမှထရင်း အရာရှိလေးကို ပြောလိုက်ရသည်။

* * *

တပ်မတော်မှ အကူအညီလိုပါလျှင် ထိရောက်သော လူနှင့်သာ ဆက်သွယ်ရမည် ဖြစ်သည်။ ထိုပုဂ္ဂိုလ်သည် ဗိုလ်ချုပ်ကြီး မကီဖာလိန်းဖြစ်ကြောင်း ကာတာ အဖြေရ၏။

www.burmeseclassic.com

www.burmeseclassic.com



အနီးဆုံး လေတပ်စခန်းရှိ ၎င်းထံသို့ ဖုန်းဆက်သည်။ စကားပြောနေစဉ် ၎င်းက ကာတာ၏ အတောက်အထားကို တခြားဖုန်းနှင့် စုံစမ်းအကြည်ပြုစေသည်။

'ကျွန်တော်မအောင်းသိချင်ပေမယ့် တောင်းဆိုရတာကတော့ လီယိုနာဇူဒီသတော့ကို အမိလိုက်ဖို့ လေယာဉ်ဘစ်စီး လိုချင်တယ် ဆိုတာပါပဲ ဗိုလ်ချုပ်ကြီး'

'လေယာဉ်ဆီကို အချိန်တိုတိုနဲ့ အကြောင်းကြားရမယ့်သဘောပဲ'

'ကျွန်တော်သိပါတယ်ခင်ဗျား၊ အနီးဆုံးက ဘယ်နေရာမှာ ရနိုင်မလဲ'

တစ်ဖက်မှ ခေတ္တငြိမ်သွား၏။

'စပါရှင်အန်အိုသွားဖို့ အဆင်သင့်ဖြစ်နေတဲ့ မဟာကုန်တင်လေယာဉ်ကြီးဘစ်စီးတော့ရှိတယ်၊ မနက်အစောကြီး ထွက်လိမ့်မယ်၊ ဒါနဲ့ ခင်ဗျား လိုက်လို့ရမယ်၊ ဖြစ်မလား'

'သိပ်ကိုဖြစ်ပါတယ် ဗိုလ်ချုပ်ကြီး'

'ဘယ့်တစ်နာရီမှာ နေပါယ်လေဆိပ်ကထွက်မယ်၊ ခင်ဗျားလိုက်မယ်ဆိုတာ အကြောင်းကြားလိုက်မယ်'

'ဟုတ်ကဲ့...နောက်ပြီး လေထီးနှစ်ခုနဲ့ သက်ကယ်ရော်ဘာလှေဘစ်စီးလဲ သိုလိမ့်မယ်'

'လေထီးနှစ်ခု...ဟုတ်လား'

'မိန်းကလေးတစ်ယောက်ပါနေတယ် ဗိုလ်ချုပ်ကြီး၊ သူက အိုင်(စ)အတွက် အလုပ်လုပ်နေတာပါ'



'သဘောပေါက်ပါပြီ၊ ကောင်းပြီလေ...ခင်ဗျားလိုချင်တာ ပါလိမ့်မယ် မစ္စတာ ကာတာ'

'ကျေးဇူးပါပဲ ဗိုလ်ချုပ်ကြီး၊ သိပ်ကို ဝမ်းသာသွားပါပြီ'

လေဆိပ်သို့ သွားရာလမ်းဝယ် ဂျီနာက လေယာဉ်ပေါ်မှ လေထီးနှင့် ခုန်ဆင်းဖူးသလောဟု ကာတာ မေးကြည့်သည်။

သူမက သူ့ကို ရူးနေသလားဟု ပြန်ကြည့်သည်။

'ခုန်ချနိုင်မယ်ဒကာ ဆင်သလား ဂျီနာ'

သူမက သက်ပြင်းချသည်။

'အချိန်တန်လာယင်တော့ ခုန်ချရမှာပဲ ထင်တယ်'

'ရေထဲကို ခုန်ချရမှာမို့ ကုန်းပေါ် ခုန်ချရတာထက် စာထင် ပိုသက်သာပါတယ်၊ ရေထဲ ရောက်တာနဲ့ လေထီးကို ချက်ချင်းဖြုတ်ဖို့တော့ သိုလိမ့်မယ်၊ လေထီးက မြုတ်သွားယင် သက်ကယ်လှေနဲ့ သွားရုံပဲ'

'ကျွန်မ လုပ်နိုင်မယ့် ထင်ပါတယ်'

သူမက ပြောသာပြောသော်လည်း စိတ်လှုပ်ရှားနေသည်။

လေဆိပ်သို့ သူတို့ရောက်၍ မကြာမီ အမေရိကန်တပ်ဆိုင်ပါ လေယာဉ်ကြီး ဆင်းလာသည်။ ဗိုလ်ချုပ်ကြီးနှင့် သူ၏ ကိုယ်ရေးအရာရှိကိုက သူတို့ကို လေဆိပ်တွင် လာတွေ့သည်။

ဗိုလ်ချုပ်ကြီးမှာ ကိုယ်လုံးမတ်မတ်နှင့် လေယာဉ်မှူးကောင်းဖြစ်သည်။ သူက ကာတာ၏ သက်သေခံကတ်ပြားအား အလပ်နှင့် တူတူဘပင် စစ်ဆေးသည်။ ထို့နောက်မှ အားပါးတရ ပြုံးပြသည်။

www.burmeseclassic.com

www.burmeseclassic.com



'လေဘာပ်က ခင်ဗျားတို့ကို လိုက်ပို့ပါလိမ့်မယ် ကာတာ ဒါနဲ့ ခုလို ဘာဖြစ်လို့ အရေးတကြီး သွားရတာလဲ'

'လီယိုနာဒို ပေါ်မှာ အန္တရာယ်ရှိတဲ့လူတစ်ယောက်ပါသွားလို့ပဲလို့သာ ကျွန်တော် ပြောနိုင်ပါတယ် ဗိုလ်ချုပ်ကြီး၊ သူ့ကို ကျွန်တော်တို့ ရှာရလိမ့်မယ်'

ဗိုလ်ချုပ်ကြီးမက်ဖာလိန်း နှုတ်ခမ်းကိုစု၍ ချွန်ထားသည်။ ပို၍ မေးလိုသေးသည်။

သို့သော်.. ကာတာထံမှ အဖြေမရမှန်းသိနေသည်။ သူက နှုတ်ဆက်ရန် လက်ကို ဆန့်ပေးလိုက်သည်။

'ကံကောင်းပါစေလို့ ဆန္ဒပြုပါတယ်'

'ဖြစ်ပါစေ ဗိုလ်ချုပ်ကြီး၊ ကဲ...ကျွန်တော်တို့ သွားတော့မယ်'

ဗိုလ်ချုပ်ကြီးသည် လေယာဉ်ဆီသို့ပြန်မသွားပါ။ နေပါယ်တွင် အလုပ်ရှိကြောင်း၊ ထိုကိစ္စပြတ်မှ ပြန်မည်ဖြစ်ကြောင်းသာ ပြောသည်။

သူတို့က ၎င်းကို နှုတ်ဆက်ပြီး လေယာဉ်ရှိရာသို့ ကိုယ်ရေးအရာရှိနှင့်အတူ လျှောက်သွားကြသည်။

လေယာဉ်စက်ကို နှိုးထားပြီးဖြစ်၍ လေတဟူးဟူး ကြားမှပင် လေယာဉ်ပေါ်သို့ တက်ကြရ၏။

အရာရှိနှင့် အကြပ် တပ်သား ခြောက်ယောက်ခန့်နှင့်တွေ့ပြီး မကြာမီ၌ပင် လေယာဉ်ကြီးက အထက်သို့ တက်သွားသည်။



လီယိုနာဒို၏ လမ်းကြောင်းကို ၎င်းကုမ္ပဏီက အသေးစိတ် ပြောပြခဲ့ပြီးဖြစ်သည်။

ပင်လယ်ပြင်ကြီး၏ မည်သည့်နေရာတွင် ရှာရမည်ကို သိထားကြ၏။ လေယာဉ်မှူး ဘာတိုဒီနှင့် သူတို့ တွေ့ကြသည်။ လေထီးများကို စစ်ဆေးကြည့်ရန် ၎င်းက ဆိုသည်။

သင်္ဘောသို့ မရောက်မီ နာရီဝက်အလိုတွင် လေယာဉ်နှင့် သင်္ဘောတို့ ဆက်သွယ်ရေးစက်နှင့် ဆက်သွယ်ကြလိမ့်မည်။

သင်္ဘောသို့ရောက်ရန် လေး ငါးနာရီ ကြာမည်ဟု ဘာတိုဒီက ဆိုသည်။ ဤမျှအချိန်ဆို မဆိုး၊ အချိန်ကကာတာအတွက် အရေးကြီးလှသည်။

ပြင်သစ်တောင်ပိုင်းသို့ ဖြတ်ကျော်နေစဉ် အေးစက်သော အစားအသောက်ကို စားကြရသည်။ စားသောက်ပြီးချိန်တွင် ဥရောပတိုက်ကြီးကို နောက်ချန်ထားခဲ့ပြီးဖြစ်၏။

လေထီးများကိုယူလိုက်ကြသည်။ အလွန် စိတ်ရှည်သော အမေရိကန်တပ်ကြပ်ကြီးတစ်ယောက်က ဂျီနာအား လေထီး အသုံးပြုပုံကို သင်ပေး၏၊ ကာတာကဆိုင်၍ နားထောင်နေသည်။

'ဒီကွင်းလေးကို ဆွဲလိုက်ရုံပဲလား'

'ဟုတ်တယ်....အမျိုးသမီး၊ ဒါပေမယ့် လေယာဉ်နဲ့ဝေးရာကို လွတ်လွတ်ကျွတ်ကျွတ်ရောက်သွားဖို့တော့ သတိရပါ'

'ဟုတ်ကဲ့ _တစ်ကနေ တစ်ဆယ်အထိ ခပ်မှန်မှန် ရေတွက်ပါမယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဒီလေယာဉ်မှာ လေထီးခုန်ချတဲ့ အပေါက်ပါယင်တော့ သိပ်ကို အဆင်ပြေမှာပဲ'

တပ်ကြပ်ကြီးက ကာတာကို လှည့်ပြော၏။

'လေထီးကြိုးကိုဖြုတ်ဖို့ ကိရိယာတာ အဲ့ဒါ့ဖေါ်မှာ မစ္စတာကာတာ၊ ဒါပေမယ့် ဒီလေယာဉ်မှာ အဲဒါ တပ်မထားဘူး'

'အားလုံး အဆင်ပြေသွားမယ်လို့ ထင်ပါတယ် တပ်ကြပ်ကြီး'

'ပြေသွားမှာပါ'

ဂျီနာက သံသယနှင့်သံယောင်လိုက်၏။ သူမမှာ လေတပ်မှထုတ်ပေးသည့် လေထီးဝတ်စုံကြီးအောက်တွင် သေးကွေးနေပုံရှိသည်။ သူမက မျက်နှာပေါ်မှ ဆံပင်ကို သပ်တင်လိုက်သည်။

'ကျွန်မ ခုန်ဆင်းလို့ရမှာပါ'

'ဒီကွင်းကိုတော့ လက်က မလွှတ်စေနဲ့ နော်'

တပ်ကြပ်ကြီးက သူမအား သတိပေး၏။

'ကွင်းကို ပြန်မစမ်းမိခင် အဝေးကြီးလူက အရင်ကျသွားမှာ'

'ဒီကွင်းကို လက်က မလွှတ်ရဘူး'

ဂျီနာက ကိုယ့်ကိုယ်ကို သတိပေးသလို ရေရွတ်ကြည့်သည်။

ထိုအချိန်ဝယ် လေယာဉ်မှူးမှာ လီယိုနာဒိုနှင့် ဆက်သွယ်မိပြီဖြစ်သည်။ ကာတာတို့ဆင်းမည့်နေရာ ရှာရမည်။ နေရာကို လေယာဉ်မှူးအား အကြောင်းကြား၏။



တက်အားသန်၍ ကူညီရန်လည်းပြောသည်။

ညနေစောင်းအချိန်ဝယ် ကောင်းကင်၌ တိမ်များကင်းစင်လျက်ရှိသည်။

ဂျီနာနှင့်ကာတာတို့က ပြတင်းပေါက်မှကြည့်နေရင်း နက်ပြာရောင်ရေပြင်ဝယ် လှိုင်းဝမလှုပ်ရှားနိုင်သလို ဖြစ်နေသည်။ အဖြူရောင်သဲသောင်ရှည်ရှည်တစ်စီးကို တွေ့လိုက်ရသည်။

တပ်ကြပ်ကြီးက ကာတာအား ခေါင်းဆတ်ပြသည်။

'ဆင်းဖို့ ကျွန်တော်တို့လုပ်ကြစို့'

မိနစ်ပိုင်းအတွင်း ကာတာတို့မှာ လေယာဉ်၏ ဖွင့်ထားသော တံခါးပေါက်တွင် ရပ်နေကြပြီဖြစ်သည်။ လေက အတွင်းသို့ တဟူးဟူး တိုးဝင်နေသည်။

အပြင်ဘက်ဝယ် ပြာလွင်သော ကောင်းကင်ပြာနှင့် ရေပြင်သာ မြင်ရသည်။

'ကဲ ဂျီနာ'

ကာတာက စကားစသည်။ သူမ၏သတ္တိကို ချီးကျူးမိသည်။

'အောက်ကိုငုံ့မကြည့်နဲ့၊ လေထီးကွင်းကိုသာကိုင်ပြီး ခုန်သာဆင်း၊ အမှတ်စဉ်ကစ်ဆယ်ပြည့်ယင် ကွင်းကိုဆွဲ၊ မင်းနောက်က ကိုယ်လိုက်လာမယ်'

'အိုကေ'

သူမက အတတ်နိုင်ဆုံး ကြိုးစား၍ ပြုံးပြသည်။

သူမက အပေါက်ဝသို့ ပြန်လှည့်ကာ ခုန်ချလိုက်သည်။

သူမကျနေပုံကို ကာတာကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



လေထီးပွင့်သွားသည်။ သူမလုပ်နိုင်ခဲ့ပြီ။ ကာတာက တပ်ကြပ်ကြီးဘက် ခေါင်းဆတ်ပြ၍ ခုန်ဆင်းလိုက်သည်။

လေထီးခုန်ဆင်းမှု မကြာခဏ မလုပ်ပါမူ ပထမ ကျလာသည့် အချိန်ပိုင်းကလေးဝယ် အသည်းအေးသွားအောင် ခံစားရတတ်သည်။

လေက မျက်နှာအား စွပ်တိုးနေ၍ အသက်ရှူမဝ၊ ကွင်းကို ဆွဲလိုက်သည်။ ပိုးသားဖြူဖြူက စုန်းခနဲ အပေါ်သို့ တိုးတက်သွားသည်။

လူကို ဆောင့်ဆွဲလိုက်သလို ခံစားရသည်။ ကိုယ်နှင့် သိုင်းထားသည့်ကြိုးပင် ပြတ်ထွက်လေမလားဟု မှတ်ယူရသည်။

ကာတာ၏ ညာဘက်အောက်ခြေဝယ် ဂျီနာရှိသည်။ သူမ၏ လေထီးက လေပြေကြားဝယ် တငြိမ့်ငြိမ့် လှုပ်နေသည်။ ၎င်း မလှမ်းမကမ်းဝယ် တည်ငြိမ်သော ရေပြင်၌ လီယိုနာဒိုက သွားလျက်ရှိသည်။

★

## အခန်း (၁၀)

လီယိုနာဒို၏ သင်္ဘောဦးပိုင်းတွင် ကိုက်ရာပေါင်းများစွာဝယ် အတ္တလန်တိတ် သမုဒ္ဒရာ၏ နက်ပြာရောင် ရေပြင်သို့ ဂျီနာထိုးကျသွားသည်။

ရေပန်းတို့ ဖွားခနဲထလာသည်။ သင်္ဘောက စက်သတ်ကာ ရပ်ထားသည်။

ရေပြင်ပေါ်သို့ ဆင်းနေချင်း သင်္ဘောမှ မော်တော်လေးတစ်စီးချသည်ကို ကာတာမြင်၏။ အပေါ်သို့ မော့ကြည့်၏။

သက်ကယ်လှေပါသည့် တတိယ လေထီးက လိုက်ပါလာ၏။ မကြာမီ သက်ကယ်လှေကို ပီပီပြင်ပြင်မြင်ရ၏။ ရေထဲသို့ ကာတာကျသွား၏။

ရေထဲသို့ တစ်ခဏမျှမြုပ်သွား၏။ ရေပေါ်သို့ ဘွားခနဲပြန်ပေါ်လာသည်။ လေထီးကိုဖြုတ်၏။

ဆားငန်ရေက မျက်စိကိုကျိန်းစပ်စပ်ဖြစ်စေသည်။ မျက်စိကိုပွတ်၍ လှိုင်းလုံးများကိုကျော်ကာ ဂျီနာအား ရှာကြည့်သည်။

ကိုက်နှစ်ရာမျှ အကွာဝယ် တွေ့လိုက်၏။ သက်ကယ်လှေကျသည့်နေရာကား သင်္ဘောနှင့် ပိုနီးလှသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂျိုနာသထံသို့ ကာတာ ဝင်ကူးခဲ့၏။ သူမနှင့် ကိုက်ငါးဆယ်မျှ အကွာအဝေး အရောက်တွင် သူမမှာ အန္တရာယ်ကင်းကြောင်း သိရ၏။

သူမက လေထီးကြိုးကိုဖြုတ်၍ ကာတာထံသို့ ကူးလာနေသည်။ ဆုံမိသည်နှင့် ကာတာက သူမ၏ခါးကို လှမ်းဖက်လိုက်သည်။

'ကျွန်မလုပ်လို့ဖြစ်ပြီ နတ်ရေ'

သူမက အော်ပြောသည်။ အပြုံးတ တောက်ပလှ၏။

ကာတာက ပြန်ပြီးပြုံးပြသည်။

'ကဲ.... လာ.... လှေဆီသွားကြစို့'

သက်ကယ်လှေဆီသို့ အလွယ်တကူ ရောက်သွားကြသည်။

ထို့နောက် သိုင်းကြိုးကိုဖြုတ်၍ အသက်ကယ်လှေ အပေါ်တက်ကြ၏။

ဘေးမှခလုတ်ကို ဆွဲလိုက်သည်။ ဟူးခနဲ လေပြည့်သံနှင့်အတူ အဝါရောင်သက်ကယ်လှေက ဖောင်းကားလာသည်။ လှေပေါ်သို့ ကာတာက အရင်တက်သည်။ နောက်မှ ဂျိုနာက လိုက်တက်၏။

'ခုမှပဲ စိတ်အေးတော့တယ်'

လှေထဲဝယ် ဂျိုနာက ပက်လက်လှန်ရင်း ပြောရှာ၏။

'မကြာခင် သင်္ဘောပေါ် ရောက်တော့မှာပါကွာ၊ ဟိုမှာကြည့်လိုက်'

ကာတာက ရှင်းဘိုထံ လာနေသည့် မော်တော်ကလေးကို ပြ၏။



မကြာမီ မော်တော်ရောက်လာသည်။ လူငယ် အမေရိကန် သင်္ဘောသားလေးများ ပါလာ၏။ ကာတာတို့အား မော်တော်ပေါ် ဆွဲတင်ကြသည်။

ဂျိုနာက ဦးထုပ်ကိုချွတ်၍ ဆံပင်များကို ခါချလိုက်စဉ် သင်္ဘောသားလေးများမှာ တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြသည်။

တစ်ယောက်က ခပ်တိုးတိုးပင် လေချွန်လိုက်သေး၏။ ဂျိုနာက မသိကျိုးကျွန်ပြုကာ ကာတာ၏ လက်မောင်းကိုသာ ကိုင်၍ မှီနေလိုက်သည်။

* * *

သင်္ဘောပေါ် ရောက်သည့်အခါ ခရီးသည်များ ကြီးကြပ်ရေးတာဝန်ခံက ရောက်လာ၏။

ခရီးသည်တို့မှာလည်း သင်္ဘောညွှန်မှု ဝိုင်းကြည့်နေကြသည်။

သို့သော် ရှေယာဉ်မှူးကို မမြင်ရ။ သင်္ဘောပေါ်တွင် ဂျူးဒတ်ပါပါက သူတို့အား သိသွားပြီဟု ကာတာထင်သည်။ သူတို့အတွက် တစ်ပန်းရှုံးသော်လည်း မတတ်နိုင်တော့။

ကာတာတို့အား သင်္ဘောဆရာဝန်ထံသို့ ခေါ်သွားသည်။ ဆရာဝန်က စစ်ဆေးကြည့်သည်။ ဆရာဝန်မှာ ဖော်ရွေသော်လည်း အင်္ဂလိပ်စကား မတတ်။

www.burmeseclassic.com

www.burmeseclassic.com



ဆေးလိပ်အိုးပြီးဝယ် အရာရှိလေးတစ်ယောက် ဧည့်မတန်း အခန်းလွတ် တစ်ခုသို့ လိုက်ပို့သည်။

'ရေယာဉ်မှူးနဲ့ ဘယ်တော့မှ တွေ့ရမလဲ'

အရာရှိလေးက ပြန်ရန်မှုရှော့ ကာတာက မေးလိုက်သည်။

'ကျွန်တော် စုံစမ်းပေးပါ့မယ် ဆရာ'

သူက ဂျီနာကိုသာ တမ်းတမ်းတတ ကြည့်နေသေး၏။

'ကျွန်မတို့ကို ခြောက်ခြောက်သွေ့သွေ့ အဝတ်အစားတွေ တော့ ပေးထားသားပဲ'

ဂျီနာက နှစ်ယောက်အိပ် ခုတင်ပေါ်မှအဝတ်အစားများ ကို လှမ်းပြ၏။

ဂျီနာအတွက် ဘလောက်(စ်)တစ်ထည်၊ စကတ်တစ်ထည် နှင့်သိုးမွေးဆွယ်တာဖြစ်သည်။ ကာတာအတွက်စပို့ရှပ်တစ်ထည် နှင့် ခပ်ပါးပါး ဝတ်စုံ ဖြစ်သည်။ ဖိနပ်က သားရေအပျော့စား ကွင်းစွပ် ကြိုးသိုင်းဖိနပ်များပင်။

'တို့ဆီကို ရေယာဉ်မှူး မြန်မြန်ရောက်မလာယင်တော့ သွား ရှာရလိမ့်မယ်'

သူတို့က အဝတ်အစားကို ခပ်သွက်သွက်လဲကြသည်။ ဂျီနာ မှာ ရထားသည့် အဝတ်အစားတို့နှင့် ကြည့်ကောင်းလှသည်။ ကာတာကမူ စစ္စလီလူမျိုး ကြေးစားယောက်ျားနှင့် တူနေ၏။ သူက အတူပါလာသည့် ရေလုံအိတ်ကို ဖြည်သည်။ လူဂါနှင့် ဓားမြှောင်ကို ထုတ်သည်။

ပခုံးစလွယ်သိုင်းအိတ်ကို လွယ်၍ သေနတ်ကို ထည့်သည်။ သို့သော် ဓားမြှောင်ကိုတော့ ဘေးခန်းလေးသို့ ဂျီနာ ဝင်၍



ခေါင်းဖြီးချိန်မှာ လက်ဖျံတွင်ပတ်သိုက်သည်။ ဂျီနာပြန်လာ သည့်အခါ အပေါ်အင်္ကျီဝတ်ပြီး ဖြစ်သည်။ လက်နက်များကို မမြင်နိုင်တော့။

'ရှင့်ကြည့်ရတာ သိပ်ခန့်သွားတာပဲ'

'မင်းလဲ အတူတူပါပဲကွာ၊ ကဲ ... လေ့လာရေးခရီး ထွက် ကြစို့၊ တို့မှာ အချိန်သိပ်မရှိဘူး'

ကုန်းပတ်ပေါ်သို့ တက်ခဲ့ကြသည်။ ဤကဲ့သို့ ရေမသင်တော့ ခြီးမျိုးဝယ် မာလိန်မှူးအခန်းသို့တက်ရန် လှေခါး ရှာရမည်က လွယ်ပါ၏။ မိနစ်နှစ်ဆယ်မျှကြာကာမှ အမြင့်ဆုံးကုန်းပတ်ပေါ် ရောက်လာသည်။

'ရေယာဉ်မှူးကို ဘယ်မှာတွေ့နိုင်မလဲ'

ကာတာက သင်္ဘောသားတစ်ယောက်အား မေးကြည့်၏။

'ရေယာဉ်မှူးကိုလဲ ဆရာတွေ့ဖို့ မလွယ်ဘူး'

'သူက ကျွန်တော့်ကို မျှော်နေတာပါ'

သင်္ဘောသားက ကာတာအား မယုံကြည်သလိုကြည့်သည်။

'ဒါဆိုယင်တော့ စတီးဝပ်နဲ့ သွားတွေ့သင့်ကောင်းမယ်'

'စတီးဝပ်က ဘယ်လုပ်မှာလဲ၊ အရာရှိချုပ်ကော'

'မသွားတာ ဖီကပ်ဇာလား၊ ပဲ့ထိန်းစင်မှာ ရှိပါလိမ့်မယ်'

'ကျေးဇူးပဲ'

ကာတာက သံကြိုးတန်း ကာထားရာ လှေခါးဆီသို့ ခြေ လှမ်းမြင့်သည်။ သင်္ဘောသားက ကာတာ၏ လက်မောင်းကို ဆွဲ၍ထား၏။

www.burmeseclassic.com

www.burmeseclassic.com



'ဆရာနဲ့ ဆရာ့ အမျိုးသမီးတို့ စတီးဝပ်ကို အရင်တွေ့သ တယ် ထင်တယ်'

ဂျိနာက သဘော်သားအား အီတာလီစကားနှင့်ဝင်ဟော ၏။ ကာတာက သူ့အား တားရသည်။

'ဒီမှာ ကိုယ့်လူ၊ မင်း ပါပါ မပါပါ မစ္စတာဖီကပ်ဇာ တို့ရှာရလိမ့်မယ်၊ မင်းကပဲ တို့ကိုခေါ်သွားမလား'

သဘော်သားက ကာတာ၏ မျက်နှာ ထား တင်းတင်း တစ်ခဏမျှ အကဲခတ်သည်။

'ကောင်းပြီလေ၊ ကျွန်နော်က လိုက်ခဲ့ပါ'

သူက လှေခါးရှေ့မှ သံကြိုးကိုဖယ်၍အပေါ်သို့ ခေါ်သွား သည်။ အပြင်တွင် စောင့်ခိုင်း၍ ပဲ ထိန်းခန်းသို့ ဝင်သွား အတွင်းမှ အဖြူရောင်ယူနီဖောင်း ဝတ် အရာရှိများကို ကာတာ မြင်ရသည်။ တစ်မိနစ်မျှအကြာတွင် ထိုယူနီဖောင်းဝတ်တစ်ဦး ထွက်လာသည်။ အရာရှိချုပ် ဖီကပ်ဇာ ဖြစ်သည်။

'မစ္စတာ ကာတာနဲ့ မစ္စရိုမန်နိုတို့ကိုး'

ဖီကပ်ဇာက ပြုံး၍ နှုတ်ဆက်သည်။

'ရေယာဉ်မှူး ဘယ်မှာလဲ'

'ခင်ဗျားတို့နဲ့ မကြာခင်တဲ တွေ့မယ်လို့ သူပြောပါတယ်'

ကာတာမှာ စိတ်အနှောင့်အယှက် ဖြစ်လာသည်။ သူတို့ အလုပ်မှာ မည်မျှ အရေးကြီးကြောင်း သဘော်ကပ္ပတိက ယာဉ်မှူးအား အကြောင်းကြားထားပြီး ဖြစ်သည်မှာသေချာ သည်။ သို့သော် အလေးစိတ်ကိုတော့ သိမည် မဟုတ်။



'သူ့ကို ခုပဲ တွေ့ချင်တယ်၊ သူနဲ့ အရေးတကြီးကိစ္စ ဆွေးနွေးစရာ ရှိတယ်'

'မစ္စတာကာတာ... ရေယာဉ်မှူးမှာက တာဝန်တွေ အများကြီးပဲ သူက....'

'တော်တော့ ဖီကပ်ဇာ၊ ခုကိစ္စက ဒီသဘော်နဲ့ ခရီးသည် တွေရဲ့ အန္တရာယ်ရှိနေတဲ့ ကိစ္စပဲ၊ အချိန်က သိပ်ကို အရေးကြီး တယ်'

ဖီကပ်ဇာကတွေးနေသည်။ ထို့နောက်—

'ကဲ....ကျွန်တော့်နောက်က လိုက်ခဲ့ပါ'

ရေယာဉ်မှူး၏ အခန်းရှေ့သို့ ရောက်လာကြသည်။ ဖီကပ် ဇာက တံခါးကိုခေါက်သည်။

အတွင်းမှ အသံကြားရပြီး ဖီကပ်ဇာက တံခါးကိုဖွင့်ကာ သုံးယောက်သား ဝင်ထိုင်လိုက်ကြသည်။

သစ်သားစားပွဲနောက်တွင် ငွေရောင်ဆံပင်နှင့် လူကောင် ထွားထွားကြီးတစ်ယောက် ထိုင်နေသည်။

ဖီကပ်ဇာက မိတ်ဆက်ပေးပြီးနောက် ရေယာဉ်မှူးက ထရပ်ကာ အသံကျယ်ကျယ်နှင့် နှုတ်ဆက်သည်။

'ဪ... သူတို့က လေထီးနဲ့ ဆင်းလာတဲ့ လူတွေပဲကိုး၊ သဘော်ပေါ်ကို ရုပ်ရှင်ဆန်ဆန် တက်လာကြတာပဲ မဟုတ်ဘူး လား မစ္စတာ ကာတာ'

'ကျွန်တော်တို့အတွက် တခြားနည်းလမ်း မရှိတော့လို့ပါ ကပ္ပတိန်'

'ထိုင်ကြပါ'

www.burmeseclassic.com

www.burmeseclassic.com



ရေယာဉ်မှူးက ကလားထိုင်နှစ်လုံးဆီသို့ ညွှန်ပြသည်။ ကာတာတို့က ဝင်ထိုင်လိုက်ကြသည်။

'ကဲ... ခင်ဗျားတို့ဟာ ကျွန်တော့်သင်္ဘောပေါ်မှာ တစ်ယောက်လာရှာတယ်လို့ ကုမ္ပဏီက ပြောတယ်၊ ပြောပါဦး မစ္စတာ ကာတာ၊ သူ့ကို နယူးယော့ ဆိပ်ကမ်းမှာ ဆင်းမှ ဖမ်းလို့မရဘူးလား'

'ပထမတစ်ချက်က ဒီလူဟာ ရုပ်ဖျက်ထားမှာ သေချာတယ်၊ သူ့ကို ဆိပ်ကမ်းမရောက်ခင် ရှာတွေ့ဖို့ လိုပါတယ်၊ နောက်တစ်ချက်ကတော့ ကျွန်တော်လုပ်နေတာ ရဲအလုပ်မျိုး ဖြစ်ပေမယ့် ရဲဟုတ်ပါဘူး၊ ဒီလူကလဲ အသက်ရှင်လျက် အဖမ်းခံမှာ မဟုတ်ဘူး - ဒါကြောင့်မို့ ဖမ်းတယ်ဆိုတာမျိုး မထူပါဘူး'

'မှန်တာပေါ့၊ ခင်ဗျားရဲ့ သက်သေခံကတ်ပြားကို ကျွန်တော် ကြည့်ခွင့်ရမလား မစ္စတာကာတာ'

ကာတာက ရေယာဉ်မှူး ဘာတိုဒီအား သူ၏ သက်သေခံကတ်ပြားကို ပြလိုက်သည်။

'ဩော်... အမေရိကန် ထောက်လှမ်းရေး အဖွဲ့က ဒီမိန်းကလေးကကော'

'သူက ကျွန်တော့်ရဲ့ ဝန်ထမ်းပဲ'

'သဘောပေါက်ပါပြီ'

ရေယာဉ်မှူးက နားလည်သလို ပြုံးလာသည်။

'ခင်ဗျားရဲ့ ရှာဖွေမှုကို မစ္စတာ ဖိကယ်ဇာက ကူညီပါလိမ့်မယ်၊ မစ္စတာ ကာတာ ကိုယ့်ကိုယ်ကို ကာကွယ်တာကလွဲပြီး



သေနတ်ကို မသုံးပါနဲ့၊ ကျွန်တော့် ခရီးသည်တွေရဲ့ လွတ်လပ်မှုကို ရှိသေပါ၊ သူတို့နဲ့ ဆက်သွယ်မေးမြန်းတာ မှန်သမျှ ရှောင်ရပါလိမ့်မယ်'

ကာတာမှာ စိတ်တိုစပြုလာသည်။

'ကပ္ပတိန် ဘာတိုဒီခင်ဗျား၊ ကျွန်တော့် စကား မဆုံးသေးပါဘူး၊ ကျွန်တော့် စကားကို ဆုံးအောင်နားထောင်ပြီးမှ ခင်ဗျားရဲ့ ဆုံးဖြတ်ချက်တွေကို ချမှတ်ချင်ပါတယ်'

ဖိကာပ်ဇာနှင့် ဘာတိုဒီတို့က တစ်ယောက်ကိုတစ်ယောက် မကြေနပ်သည့် အကြည့်မျိုးဖြင့် ကြည့်လိုက်ကြသည်။

'တစ်ညနေလုံး ဒီကိစ္စကို ကျွန်တော် ဆွေးနွေးမနေနိုင်ဘူး မစ္စတာ ကာတာ'

ဘာတိုဒီက အေးစက်စက်နှင့် ပြောလာသည်။

'ပြောစရာရှိယင် တိုတို လိုရင်းကိုသာ ပြောပါ'

'ကပ္ပတိန်၊ ကျွန်တော်တို့ ဂရုစိုက်ရမှာက ဒီလူကိုပဲ မဟုတ်ပါဘူး၊ သူဟာ ဒီသင်္ဘောပေါ်ကို အန္တရာယ်ကြီးတဲ့ လက်နက် တစ်ခု ယူလာတယ်လို့ ကျွန်တော်တို့ ထင်ထားကြပါတယ်'

'လက်နက်တစ်ခု ဟုတ်လား'

'ဟုတ်ပါတယ်'

ကာတာက ဘာတိုဒီ၏ မျက်လုံးများထဲသို့ သေသေချာချာ စိုက်ကြည့်သည်။

'အနုမြူလက်နက် တစ်ခုပါ'

ဘာတိုဒီ၏ မျက်လုံးက အနည်းငယ် ပြူးသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီလက်နက်ဟာ ဟိုက်ထရိုဂျင်ဗုံးလို့ ကျွန်တော်ကို ယူဆထားပါတယ်'

ဖီကပ်ဇာမှာ ထိုင်ရာမှ ဆတ်ခနဲ ထရပ်သည်။

'ပြဿနာပဲ'

ဘာတိုဒီ၏ မျက်နှာငယ်သော အရိပ်ကလေး တစ်ခု လှစ်ခနဲ ပေါ်လာပြီး ပျောက်ကွယ်သွားသည်။

'ဒီလိုဖြေနိုင်လောက်အောင် ခင်ဗျားမှာ ဘာ သက်သေ သာဓကတွေ ရှိသလဲ မစ္စတာကာဘာ'

'ခိုင်လုံတဲ့စာလေးတစ်စောင်၊ နောက် တခြား အခြေအနေတွေလဲ ရှိပါတယ်၊ ဒါပေမယ့် အဲဒါတွေက ခိုင်လုံတဲ့ ကောက်ချက်ချနိုင်လောက်ပါတယ်'

အတန်ကြာမျှ တိတ်ဆိတ်ငြိမ်သက်သွားကြသည်။

'ကျွန်တော့် သင်္ဘောပေါ်မှာ ဗုံးပါတယ်လို့ ခင်ဗျား သေချာပေါက်တော့ မသိဘူး မဟုတ်လား'

'အတော် ကို ဖြစ်နိုင်ခြေ ရှိနေပါတယ်'

'ဒီ ဖြစ်နိုင်ခြေရှိတဲ့ဗုံးကို ခင်ဗျားက ရှာချင်တယ်ပေါ့၊ ဟုတ်လား'

'ကပ္ပတိန်....'

ဖီကပ်ဇာက ဝင်ပြော၏။

'ဒီကိစ္စအတွက် လူများများ ကျွန်တော် သုံးနိုင်ပါတယ်'

'ဆယ့်နှစ်ယောက် လောက်တော့ အနည်းဆုံး လိုလိမ့်မယ်'

ကာတာက ရှင်းပြသည်။



'သင်္ဘောကြီးကကြီးပြီး အချိန်က နည်းနေတယ်၊ ကပ်နေပါတယ်၊ နေပယ်ကတက်တဲ့ ခရီးသည်တွေရဲ့အခန်းကို စရှာရမယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီလူဟာ သူ့အမည်မှန် ဂျူးဒတ်ကို သုံးမှာမဟုတ်လို့ ခရီးသည်စာရင်းမှာ ရှာမတွေ့နိုင်လို့ဘဲ'

'ခရီးသည် အများစုဟာ နေပယ်က တက်လာကြတာပဲ မစ္စတာ ကာဘာ၊ ခင်ဗျားပြောနေတာက ဒီခရီးသည်တွေကို အနှောင့်အယှက်ပေးဖို့၊ စိတ်ဆင်းရဲဖို့ ဖြစ်နေတယ်၊ ခရီးသည်တွေမှာ သူတို့ရဲ့ အခွင့်အရေးတွေရှိပါတယ်'

'အဲဒီထဲက တစ်ဦးကတော့ ဒီသင်္ဘောပေါ်ကို အန္တရာယ်ကင်းကင်းတက်ခဲ့ပြီးပြီပဲ ကပ္ပတိန်၊ ကဲ... ရှာဖွေရေးမှာ ကျွန်တော်က အတွေ့အကြုံရှိပြီးလို့ ကျွန်တော်ပဲ ဦးစီးချင်ပါတယ်၊ အချိန်ပိုရအောင်... သင်္ဘောအရှိန်ကို လျှော့ချလိုက်စေချင်ပါတယ်'

'သင်္ဘောအရှိန် လျှော့ရမယ်၊ ဟုတ်လားဗျ'

ဘာတိုဒီက မကျေမနပ် အော်မေးလိုက်၏။

'ဒါကတော့ မဖြစ်နိုင်ဘူး၊ သတ်မှတ်တဲ့အချိန်ကိုရောက်မှဖြစ်မယ်၊ ကျွန်တော့် ခရီးသည်တွေ အားလုံးမှာလဲ သူ့အချိန်းအချက်နဲ့သူပဲ၊ ခင်ဗျားဟာ သင်္ဘောပေါ်မှာ ဗုံးပါတယ်လို့တောင် သိမှမသိသေးဘဲ၊ မဖြစ်ဘူး၊ ဒီသင်္ဘော ပုံမှန်သတ်မှတ်နှုန်းနဲ့ပဲ သွားရမယ်'

'ကပ္ပတိန်....'

'နောက်ပြီး ရှာဖွေရေးမှာ မစ္စတာဖီးကပ်ဇာပဲ ဦးစီးမယ်၊ သူ့ဆီက အမိန့်ကိုပဲ နာခံပါ မစ္စတာကာတာ၊ ဒါမှမဟုတ်ယင်

www.burmeseclassic.com

www.burmeseclassic.com



တော့ ခင်ဗျား ရှာခွင့်မရဘူး၊ ရှင်းပါတယ်နော် မစ္စတာ ကာတာ'

'ဟိုပြီးတော့ ရှင်းသာပါသေးတယ်ဗျာ'

ရေယာဉ်မှူး ဘာတိုဒ်က ဖီကာပ်ဇာ့ဘက်သို့ လှည့်လိုက်သည်။

'လူငယ်ယောက်ခေါ်ပြီး ဒီနှစ်ယောက်နဲ့အတူ အခန်းတွေကို စရှာပါ၊ တတိယတန်းကနေပြီး ပထမတန်းကို နောက်ဆုံးမှ ရှာပါ'

'ကပ္ပတိန်....'

ကာတာက သူ့အမြင်ကို ထင်ပြသည်။

'ဂျူးခတ်ဟာ ပထမတန်းကလွဲပြီး စီးတဲ့လူစားမျိုး မဟုတ်ပါဘူး'

'ကျွန်တော်ထပ်ပြောမယ်၊ မစ္စတာဖီးကာပ်ဇာ တတိယတန်းကစရှာပါ၊ ဘာမှမတွေ့ယင် တခြားနေရာတွေ ဆက်ရှာဖို့လို မလိုဘူး၊ ကျွန်တော်ဟာ ပြန်ဆွေးနွေးရလိမ့်မယ်'

ရေယာဉ်မှူး၏ ဆုံးဖြတ်ချက်မှာ မယုံကြည်နိုင်လောက်အောင် မိုက်မဲလေစွလို့ ကာတာတွေးသည်။

သင်္ဘောအနှံ့ ရှာဖွေခွင့်မရပါက သင်္ဘောကုမ္ပဏီသို့ လှမ်းအကြောင်းကြားရန် သန္နိဋ္ဌာန်ချမိ၏။

'ခုလို ကူညီတဲ့အတွက် ကျေးဇူးပါပဲ ကပ္ပတိန်'

ကာတာက ရိုက်ချိုးချိုးနှင့်ပြောကာ ထရပ်၏။

'ခင်ဗျားတို့ကို ကြိုဆိုပါတယ် မစ္စတာ ကာတာ၊ နေဦး မစ္စတာဖီကာပ်ဇာ၊ ခရီးသည် တစ်ယောက်ယောက်က ရှာဖို့ခွင့်



မပြုယင် အဘင်းအကျပ် မလုပ်ပါနဲ့၊ ကျွန်တော့်ဆီ ခေါ်လာပါ၊ ကျွန်တော် ရှင်းပြပါ့မယ်'

'ကပ္ပတိန်.... ဒါမျိုးလုပ်ဖို့ ကျွန်တော်တို့မှာ အချိန်မရှိပါဘူး'

'ဒီလိုပဲ လုပ်ရပါလိမ့်မယ် မစ္စတာ ကာတာ'

ကာတာ ဘာတိုဒ်အား စူးရဲစွာ ကြည့်လိုက်၏။

'ရှိပါစေတော့လေ'

ကာတာက ချာခနဲလှည့်ကာ ဂျီနာနှင့်အတူ အခန်းတွင်းမှ ထွက်သည်။ ဖီကာပ်ဇာက နောက်မှကပ်လိုက်သွား၏။

ဖီကာပ်ဇာမှာ ရေယာဉ်မှူးထက် ပို၍အဖော်ရပါသည်။ ငွေကိုင်အုပ်ချုပ်ရေးအရာရှိ မာဘာရီဒီးယိုနှင့် အခြားသင်္ဘောသားကိုးယောက်ကိုခေါ်၍ ရှာခဲ့သည်။

သူ အသာဆသူ ကိုင်တွယ်နိုင်လောက်ရန် ကြီးကြီးကျယ်ကျယ် မဖြစ်စေနှင့်ဟု ကာတာဆုတောင်းမိသည်။

* * *

ညစာစားပြီးချိန်တွင် တတိယတန်း ခရီးသည်အားလုံး သယ်ယူလာသည့် ပစ္စည်းများ စစ်ဆေးရန်အတွက် ကိုယ့်အခန်းကိုယ်နေကြရန် အသံချဲ့စက်မှ အကြောင်းကြားလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂျူးဒတ်အတွက် နောက်ထပ်သတိမူရန် အခွင့်သာလိုက်ခြင်းဖြစ်သည်။ ကာဘာတို့မှာ သူတို့လုပ်ရပ်အား လျှို့ဝှက်ခွင့်မရတော့ပါ။

တတိယတန်း ခရီးသည်များ၏ အခန်းရှာသော်လည်း မည်သည့်အရာမှ မတွေ့ကြ။ အခန်းတွင် ခရီးသည်ရှိမနေပါကလည်း မာလိန်မှူး၏အမိန့်အရ ရှာခွင့်မရှိပြန်။ ခရီးသည်အများစုကိုယ့်အခန်းတွင်ရှိနေခြင်းက ကံကောင်းလှပါသည်။

မာလိန်မှူးအမိန့်အရ လက်ရှိရှာဖွေရေးကို သန်ခေါင်းယံတွင် အဆုံးသတ်ရပါဦးမည်။

အတော်လေး အခြေအနေပြောပြီးမှ စတ်ခန်း ရှာခွင့်ကို ဘာတိုဒီ က ပေးသည်။ သို့သော် ကာတာတို့အတွက်မထူးခြားပြန်။

နောက်တစ်နေ့မနက်တွင် ကာတာနှင့် ဂျိနာအပါအဝင် ရှာဖွေရေးအဖွဲ့ အနားယူကြသည်။ နားမှသာဖြစ်မည်။ အီတလီသင်္ဘောသားတို့မှာ ရှာယင်း ငိုက်နေကြသည်။ ကာတာတို့ကိုယ်တိုင်ကလည်း စိတ်ကော ကိုယ်ပါ နွမ်းနယ်လျက်ရှိ၏။

မှန်းမတည့်မီ နေ့လယ်စာကို ခပ်သုတ်သုတ်စား၍ ရှာဖွေရေးပြန်စကြသည်။ တတိယတန်းမှာအပြီး ပထမတန်းသို့ရှာခွင့်ရအောင် ကာတာက ဘာတိုဒီအား စည်းရုံးနိုင်ခဲ့သည်။

တစ်နေ့လုံးရှာကြသည်။ ခရီးသည်အများစုမှာ ကူညီလိုစိတ်ရှိကြ၍ စိတ်သက်သာရာရရှိသည်။ အချို့ကသာ ရေယာဉ်မှူးအားတွေ့ရန် တောင်းဆိုကြသည်။ သို့သော် သူတို့၏ပစ္စည်းများကို ရှာဖွေခွင့်ပြုခဲ့ကြသည်သာ ဖြစ်၏။



ဒုတိယနေ့အဆုံးတွင် ခရီးသည်အားလုံးကို ရှာဖွေပြီးဖြစ်သည်။ သို့သော် အနုမြူလက်နက်ကိုကော ဂျူးဒတ်နှင့်တူသူကိုပါ ရှာဖွေတွေ့ခြင်းမရှိကြချေ။ ဂျူးဒတ်သာ သင်္ဘောပေါ်ပါလာပါက ၎င်းသည် ကောင်းကောင်းပုန်းနေနိုင်ခြင်းကြောင့် မတွေ့ခြင်းဖြစ်မည်။ သို့မဟုတ် ကာတာမှလွဲ၍ ကျန်လူများ၏ ရှာဖွေခြင်းခံရသူ တစ်ဦးဦး ဖြစ်နိုင်သည်။ ကာတာတို့အဖို့ လက်ချည်းဗလာသာဖြစ်နေတော့သည်။

တတိယနေ့တွင်မူ သင်္ဘောသားတို့၏ အခန်းကိုရှာဖွေခွင့်ရသည်။ ဘာတိုဒီအား တောင်းဆိုလိုက်၏။ ဘာတိုဒီဒေါသပေါက်ကွဲတော့သည်။

'ခုအချိန်အထိ ခင်ဗျားရဲ့ ဒီပုံး အယူအဆကို မစွန့်လွှတ်သေးဘူးလား'

'မစွန့်လွှတ်သေးပါဘူး ကပ္ပတိန်'

ကာတာက ခပ်တည်တည်ပင် ဖြေသည်။

'ဒါ့အပြင် ခုရှာဖွေခွင့်ခင်ဗျားမပေးယင် ခင်ဗျားရဲ့ကုမ္ပဏီကို ကျွန်တော်အကြောင်းမကြားချင်ဘဲ ကြားရလိမ့်မယ်၊ ဝါရှင်တန်ကိုလည်း ကျွန်တော်ဆက်သွယ်ရမယ်၊ သူတို့က ရောမကအစိုးရကိုယ်စားလှယ်တွေနဲ့ စကားပြောပါလိမ့်မယ်'

ဘာတိုဒီ၏ မျက်နှာက အရေးတယူရှိလာ၏။

'ဒါဟာ ခြိမ်းခြောက်တာလား မစ္စတာကာတာ'

www.burmeseclassic.com

www.burmeseclassic.com



'ကြိုက်သလိုခေါ်နိုင်ပါတယ် ကပ္ပတိန်၊ ဒီသင်္ဘောကိုရှာဖွေနိုင်ဖို့အတွက် ဘာကိုမဆို ကျွန်တော်လုပ်မှာပဲ၊ သင်္ဘောဟာ အချိန်ပြည့်နဲ့ နယူးယောက်ကိုသွားနေတာမို့ မနက်ဖြန်မွန်းတည့်ချိန်မှာ ရောက်သွားလိမ့်မယ်....

အဲဒီမြို့မှာ လူဦးရေ ဆယ်သန်း ရှိနေကြပါတယ်၊ ခင်ဗျား ခရီးသည်အတွက် ဂရုမစိုက်ဘောင် အဲဒီလူတွေအတွက်တော့ တွေးကြည့်စေချင်တယ်၊ သင်္ဘောပေါ်မှာ အနုမြူဗုံးပါလာယင် အချိန်မရွေးဖောက်ခွဲနိုင်သလို ဖောက်ခွဲလိုက်ယင် ခင်ဗျားအတွက် ကံဆိုးမိုးမှောင်ကျတာပဲ'

ဖီအာပ်ဇီကား တည်ငြိမ်စွာမင် ဝင်ပြောရှာ၏။

'ကပ္ပတိန်....သင်္ဘောသားတွေဟာ ခုလိုရှာမှာကို ကန့်ကွက်မယ် မဟုတ်ပါဘူး'

ဘာတိုဇီက စားပွဲနောက်မှထကာ ခေါက်တုံ့ခေါက်ပြန် လျှောက်သည်။ ထို့နောက် ကာတာအား မျက်နှာထားတင်းတင်းနှင့် ကြည့်သည်၊

'ကောင်းပြီ...မစ္စတာကာတာ ခင်ဗျားရှာနိုင်ပါတယ်၊ ဒါပေမယ့် အရာရှိတွေအခန်းရှာယင်တော့ ကျွန်တော်ကိုယ်တိုင်လိုက်ရလိမ့်မယ်'

'ဒါကတော့ ခင်ဗျားသဘောပါပဲ'

ဖြည်းဖြည်းနှင့် လေးလေးသာရှာ၍ မွန်းတည့်ချိန်ကျော်သွားသည်။ ဘာဆိုဘာမှ မတွေ့ရ။ ဘာတိုဇီ၏ မကျေနပ်သံက



ပိုများလာသည်။ သူ၏အခန်းသို့ရှာသည့်အခါတွင်မူ အလွန်ပင် ဒေါသပုန်ထနေပြီဖြစ်သည်။

'ဘယ်ဗုံးမှမပါဘူးဆိုတာ လက်ခံပြီလား'

ဘာတိုဇီက မေးတော့သည်။

'လက်မခံသေးပါဘူး၊ သက်ကယ်လှေတွေ အောက်က သင်္ဘောကိုယ်ထည်ဒေါက်တွေကြား ရှာချင်ပါသေးတယ်'

'တောက်'

သို့သော် ဘာတိုဇီက ရှာခွင့်ပြုခဲ့ပါသည်။

ဖီအာပ်ဇာက အစတွင် ကူညီသော်လည်း နောက်ပိုင်းတွင် ကာတာနှင့် ဂျီနာသာ ကျန်တော့သည်။ သူတို့ပြခန်းများ၊ သိုလှောင်ခန်းများစသည့် သင်္ဘောပေါ်တွင် ရှိသမျှနေရာလပ် ကျန်အောင် ရှာကြသည်၊ လက်ချည်းဗလာသာဖြစ်သည်။

'ကပ္ပတိန်ပြောတာ ဖြစ်နိုင်တယ် နစ်'

ညစာ စားချိန်ဝယ် ဂျီနာက စကားစသည်။

'သင်္ဘောပေါ်မှာ ဗုံးမပါဘူးဆိုတာလေ ဂျူးဒတ်ဟာ သင်္ဘောချိန်ပြောင်းလိုက်လို့ အခွင့်မသာတော့တာ ဖြစ်နိုင်ယ်'

'ကိုယ်လဲ ဒီလိုပဲ ယုံချင်ပါတယ်လေ၊ ဘာတိုဇီပြောတာ ်စမ်းပါစေလို့ ဆုတောင်းမိတယ်၊ ဒါပေမယ့် ဂျူးဒတ် ကြောင်း ကောင်းကောင်းကို သိနေတယ်'။

ကာတာက မျက်မှောင်ကျုံ့၍ စဉ်းစားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တို့ မရှာခဲ့တဲ့ နေရာတွေရှိလိမ့်မယ်၊ ဒါမှမဟုတ် ကိုယ်တို့ကို ကူရှာတဲ့ လူတစ်ယောက်ယောက်က ဂရုမစိုက်တာ ရှိယင် ရှိမယ်၊ ဘယ်လိုမှတော့ အတတ်မပြောနိုင်ဘူး၊ မနက်ဖြန် ဆို နယူးယော့ဆိပ်ကမ်းကိုဝင်ပြီး လင်းယုန်ကြီးဆီကို ခုညပဲ သတင်းပို့ရတော့မယ်'

'ရှင် ဘယ်လိုပြောမလဲ'

'ဂျူးဒတ်ကိုကော ဗုံးကိုကော ရှာမတွေ့ဘူးလို့ ပြောရမှာပဲ၊ လင်းယုန်ကြီး တစ်ခုခု လုပ်ပါလိမ့်မယ်'

* * *

ကာတာ အိပ်ရေးဝအောင် အိပ်လိုက်၏။ နောက်တစ်နေ့ အိပ်ရာမှအနိုးတွင် ဂျီနာ့ကို လှမ်းကြည့်သည်။ သူကလေးမှာ အိပ်ပျော်နေဆဲဖြစ်သည်။ နယူးယော့ရောက်ရန် အကော် နီးနေပြီ တွေးမိသည်၊ မနက်စာစားချိန်တွင် သင်္ဘော၏ သတင်း အစီအစဉ်ကြောင့် နယူးယော့ရောက်ရန် သုံးနာရီမျှသာ လို တော့ကြောင်း သိရသည်။

'သင်္ဘောကို ဆိပ်ကမ်းမှာ ဝင်အကပ်ခံမှာလား'

ဂျီနာက မေး၏။

'အကပ်ခံယင်တော့ တို့အတွက် ညွှန်ကြားဆိုရေး ကော်မတီ တစ်ခု ရောက်နေလိမ့်မယ်'



ခရီးသည်များက သင်္ဘောမှ ဆင်းရန် အတုပ်အပိုး ပြင်နေကြစဉ် သူတို့သည် အခန်းထဲ၌မင် ကုပ်နေကြသည်။

ဆယ်နာရီထိုးသည့်အချိန်တွင် ပဲသခတန်း ကုန်းပတ်သို့ ကာတာတက်ခဲ့သည်။ ဂျူးဒတ်နှင့်တူသူ တစ်ယောက်ယောက် တွေ့မည်လောဟူ၍ မျှော်သင့်ချက်နှင့်ဖြစ်သည်၊ ဆယ်နာရီခွဲတွင် အမေရိကားဘိုက်၏ ကမ်းရိုးတန်းကို စတင်မြင်ကြရသည်။ မှန်းမဘည့်မီလေးမှာပင် နယူးယော့ဆိပ်ကမ်းအပြင်သို့ ရောက်သွားကြသည်၊ ခရီးသည်အများစုမှာ ကုန်းပတ်ပေါ်မှ မင်ဟက်တန်ရှိ မိုးမျှော်တိုက်ကြီးများနှင့် လွတ်လပ်ရေးမိခင်ရုပ်တုကြီးကို လှမ်းမျှော်ကြည့်လျက်ရှိ၏။

ကာတာထင်ထားသလိုပင် ညွှန်ကြားဆိုရေးကော်မတီက ရှိနေပါသည်။ ဆိပ်ကမ်းအပြင်ဘက်ဝယ် ကမ်းရိုးတန်းစောင့်တပ်ဖွဲ့သင်္ဘောက လီယိုနာဒို ကို ရပ်ရန် တောင်းဆိုလိုက်သည်။

ရေယာဉ်မှူးဘာတိုဒီမှာ တောင်းဆိုချက်ကို လိုက်နာသော်လည်း သူ၏ အရာရှိများအား ဒေါသတကြီး အမိန့်ပေးနေသည်။ မှန်းတိမ်းသည်နှင့် ကမ်းရိုးတန်းစောင့် တပ်ဖွဲ့ဝင်များ အိပ်(စ)ထောက်လှမ်းရေးသမားအချို့ နယူးယော့မြို့တော်ဝန်နှင့် လင်းယုန်ကြီးတို့ သင်္ဘောပေါ်သို့ ရောက်လာကြသည်။

ရေယာဉ်မှူးဘာတိုဒီအား သူ၏ အခန်း၌ ဆွေးနွေးပွဲ လုပ်ရန် တောင်းဆိုကြ၏။ ကမ်းရိုးတန်းစောင့် တပ်ဖွဲ့ဝင် အကြီးအကဲနှစ်ဦး၊ မြို့တော်ဝန်၊ လင်းယုန်ကြီး၊ ကာတာ၊ ဂျီနာ၊ ဖီကာပ်ဇာနှင့် ဘာတိုဒီတို့ အခန်းထဲသို့ ဝင်ကြသည်။

www.burmeseclassic.com



လင်းယုန်ကြီးမှာ မိမိလုပ်ငန်း မအောင်မြင်မှု ကာတာ ရှင်းပြနေစဉ် မီးသေနေသည့် ဆေးပြင်းလိပ်ကို တဖွာတည်း ဖွာနေသည်။

'သင်္ဘောပေါ်မှာ ကျူးဒတ် မပါဘူးဆိုတာ ငါမယုံဘူးကွ'

လင်းယုန်ကြီးက သူ၏ ယူဆချက်ကို ပြောသည်။

'သင်္ဘောပေါ်မှာ သူပါလာယင် တုံးလဲပါလာရမှာပဲ'

သူက ဂျူနာအား ကွက်ခနဲကြည့်လိုက်၏။

'မင်းငှားလိုက်တဲ့အဖော်က တယ်ချောတာပဲကိုး'

ဂျူနာက လင်းယုန်ကြီး၏ ချီးကျူးစကားကို ကြားလိုက်သော်လည်း သရော်သံကိုမူ ဂရုထားမိဟန်မတူ။

'ကျေးဇူးတင်ပါတယ်ရှင်'

သူမက ပြုံးယင် ပြုံးပြလိုက်သေးသည်။

'တွေ့ရတာ ဝမ်းသာပါတယ်'

ကာတာက ပြုံးမိသော်လည်း ဂျူးဒတ်ကို တွေးမိပြီး မဲ့ပြုံးသာ ဖြစ်သွား၏။

'သင်္ဘောတစ်ခုလုံးကို မင်းရှာပြီးပြီလား'

လင်းယုန်ကြီးက မေးပြန်သည်။

'ဘီးစိပ်တိုက်ရှာသလိုရှာတာပါ၊ အိမ်သာတွေထဲကိုတောင် လိုက်ရှာတယ်၊ ရှာစရာနေရာတောင် ရှိမယ် မထင်....'

ကာတာ၏စကားက ပြတ်သွားသည်။ ဂျူနာနှင့် လင်းယုန်ကြီးအား လှမ်းကြည့်သည်။

'ဘာလဲကွ'

လင်းယုန်ကြီး မနေသာတော့၊ မေးလိုက်သည်။



'နေရာတစ်ခုကို စဉ်းစားမိတယ်၊ ဒီမှာ ဘာတိုဒီကို ပြောလိုက်၊ မကြာခင် လာတွေ့မယ်လို့'

ကာတာက ပစ္စည်းထိန်း ငွေကိုင် အရာရှိရုံးခန်းသို့ ခပ်သုတ်သုတ်ထွက်သွားသည်။ ပထမဦးဆုံးရှာဖွေစဉ်က ၎င်း၏ ပြောစကားကို မှတ်မိသည်။ အချို့ ခရီးသည်တို့မှာ သူတို့၏ အဖိုးတန်ပစ္စည်းများ လုံခြုံစွာ သိမ်းထားနိုင်ရေးအတွက် ဘာတိုဒီနှင့် ဆွေးနွေးခဲ့ကြောင်းဖြစ်သည်။ သို့ဆိုလျှင် သင်္ဘောပေါ်တွင် ငွေတိုက်ခန်းတစ်ခု ပါရမည်။

'ဟုတ်ပါတယ်၊ မစ္စတာကာတာ ပါပါတယ်'

ထိုအကြောင်းမေးလိုက်သည်နှင့် ဖာဘာရီဇီယိုက ဝန်ခံ၏။

'ဒီရုံးခန်းထဲမှာ ဧရာမ အာမခံ သေတ္တာကြီးတစ်ခု ရှိပါတယ်၊ ဒီအထဲမှာသိမ်းထားတဲ့ ပစ္စည်းတွေကို ခင်ဗျား စိတ်ဝင်စားတာတော့ ကျွန်တော် သဘောမပေါက်ဘူး'

'ဘာယ်လိုပဲ ဖြစ်ဖြစ် ဗျာ၊ ကျွန်တော်တို့ ကြည့် လိုက် ယင် ကောင်းမယ်'

ဖာဘာရီဇီယိုမှာ အတော်ပင် ဖော်ရွေလှ၏။ ရေယာဉ်မှူးကိုပင် အကြောင်းမကြားတော့၊ နှစ်မိနစ်အတွင်း လူတစ်ယောက်ဝင်လာ၏။ အာမခံသေတ္တာကြီးက ပွင့်သွားသည်။

ဖာဘာရီဇီယို နောက်မှာ ကာတာက ဝင်လိုက်သွားသည်။ အထဲမှပစ္စည်းအားလုံးကို ရှာဖွေကြည့်၏။ အထုပ်ကြီးတစ်ထုပ်ကို တွေ့ရ၏။ သို့သော် စပိန်မှ ငွေထည် အနုပညာပစ္စည်းတစ်ခုသာ ဖြစ်နေသည်။ စိတ်မသက်သာစရာပင်။

'ဆောရီးပဲ ဆီညော် ကာတာ'

www.burmeseclassic.com

www.burmeseclassic.com



'အင်းပေါ့လေ၊ စိတ်ကူးရလို့ ရှာကြည့်ရတာပါ'

ကာတာက ဘာတိုဒီ၏ ရုံးခန်းသို့ ပြန်လာသည်။ စိတ်ထဲ တွင် စနိုးစနောင့် ဖြစ်နေသေး၏။ မည်သည့်အတွက်ကြော မှန်းတော့ အဖြေမပေါ်။

ရုံးခန်းထဲဝယ် အခြေအနေက တင်းမာနေပုံရှိသည်။ ဘာ တိုဒီက လူ၏စားပွဲနောက်တွင် ခေါက်တုံ့ခေါက်ပြန်လျှောက် နေသည်။ လင်းယုန်ကြီးမှလွဲ၍ ကျန်လူများ ထိုင်လျက်ရှိသည်။

သူက မီးသေသည့် ဆေးပြင်းလိပ်ကို ပါးစောင်တွင်ခဲထား ၏။ အခန်းထောင့်တွင်ရပ်ကာ လက်ပိုက်နေ၏။ ကာတာက ငုံးထံသို့ လျှောက်သွားသည်။ ခေါင်းယမ်းပြသည်။ မထူးခြား သည့် အဓိပ္ပာယ်ပင် ဖြစ်သည်။

'မစ္စတာ တာတာဟာ ဒီသင်္ဘောတစ်စီးလုံး ရှာပြီးပြီပဲ'

ဘာတိုဒီ၏ အသံက ထွက်လာ၏။

'ဒီသင်္ဘောပေါ်မှာ ဝုံးပါယင် သူ ရှာတွေ့ရမှာ သေ တယ်'

'ဆောရီးပဲ ကပ္ပတိန်'

ကမ်းရိုးတန်းစောင့်တပ်မှ ဗိုလ်မှူးကြီးက တောင်းပန်

'နောက်ထပ် လုံလောက်တဲ့အထိ သင်္ဘောကို ရှာ မချင်း နယူးဘောဆိပ်ကမ်းဝင်ခွင့် ကျွန်တော်တို့ မပေးနိုင် ဘူး'

'မှန်ပါတယ်'

မြို့တော်ဝန်ကပါ ဝင်ပြောလာသည်။



'ကျွန်တော်တို့ ဆက်ရှာရပါလိမ့်မယ်၊ ယန်းပေါင်းများစွာ သော လူတွေရဲ့ အသက်အန္တရာယ်ကြောင့်ပါ'

ဘာတိုဒီက ကာတာအား မျက်မှောင်ကြုတ်ကာ ခပ်စိမ်း စိမ်း ကြည့်သည်။

'ခင်ဗျားတို့က တစ်ရှာဘည်းရှာနေတဲ့အချိန်မှာ ကျွန်တော့် ခရီးသည်တွေက ဒီမှာပဲ ငုပ်တုတ်ထိုင်နေရမှာလား'

'မဟုတ်ပါဘူး'

လင်းယုန်ကြီးက ဗိုလ်မှူးကြီးကိုယ်စား ဝင်ဖြေသည်။ အား လုံးက သူ့အား ကြည့်လိုက်ကြသည်။

'ကျွန်တော်တို့မှာ အစီအစဉ်တစ်ခု ရှိပါတယ်၊ ခရီးသည် တွေအတွက် အန္တရာယ်မရှိတဲ့ အစီအစဉ်ပါ၊ ဒီကို မော်တော် လေးတွေ ခေါ်လာနေကြပါပြီ၊ ခရီးသည်တွေကို အဲဒီ မော်တော် တွေက ဆိပ်ကမ်းကို ခေါ်သွားလိမ့်မယ်၊ အဲ...ပစ္စည်းတွေ တော့ ပါမသွားဘူးပေါ့'

'သင်္ဘောကို ရှာနေတုန်း သူတို့ကို ကောင်းကောင်း ပြုစု ထားကြမှာပါ၊ သင်္ဘောကိုတော့ ပင်လယ်ထဲ ပြန်မောင်းသွား မယ်၊ ကျွန်တော် ကြီးကြပ်မှုအောက်မှာ ကျွန်တော့် လူတွေ ယ်၊ ဗိုလ်မှူးကြီးရဲ့လူတွေရယ်က ရှာဖွေကြပါလိမ့်မယ်'

'ပင်လယ်ထဲ ပြန်မောင်းသွားမယ် ဟုတ်လား'

ဘာတိုဒီ၏အသံက ဟိန်းထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော့် ခရီးသည်တွေကိုလဲ မော်တော်ပေါ် ပြောင်းပေးဦးမယ် ဟုတ်လား'

'ဒါဟာ အန္တရာယ်အကင်းဆုံး နည်းလမ်းပါပဲ ရေယာဉ်မှူးကြီး'

လင်းယုန်ကြီးက ပြတ်သားစွာပင် ပြော၏။

'မော်တော်တွေ မကြာခင် ရောက်လာတော့မှာပါ'

ဗိုလ်မှူးကြီးကပါ စကားကို ဖြည့်စွက်လိုက်သည်။

'ခင်ဗျားတို့မှာ ဒီလိုလုပ်ပိုင်ခွင့် မရှိဘူးဗျ၊ သက်သက်ရူးနေကြတာပဲ'

ဘာတိုဒီက ဒေါသပေါက်ကွဲလာ၏။

'ကပ္ပတိန်....'

လင်းယုန်ကြီးက ဘာတိုဒီအား ခပ်ဆတ်ဆတ် လှမ်းခေါ်သည်။

'အန္တရာယ်ကို လျစ်လျူရှုတာလဲ ရူးတာပါပဲ'

ဘာတိုဒီက သူ၏ စားပွဲရှိ ကုလားထိုင်တွင် ခပ်လေးလေး ဝင်ကိုင်လိုက်သည်။ သူ၏ယက်များကို စိုက်ကြည့်နေပြန်သည်။

'အင်းပေါ့လေ၊ ဒါပေမယ့် တစ်ခုရှိတယ်၊ လူကြီးမင်းတို့ကို ရှာမတွေ့ယင် ဒီကိစ္စအတွက် ကျွန်တော့် ကုမ္ပဏီကို ကန့်ကွက်လာတင်ဖို့ ကျွန်တော်ပြောရလိမ့်မယ်'



'ဒီတော့လဲ တောင်းပန်စာတွေ လိုလောက်အောင် ရပါစေမယ်'

လင်းယုန်ကြီး ဘာတိုဒီအား စိတ်အေးစေသည်။

'ကဲ... ကပ္ပတိန်၊ အခြေအနေကို ခရီးသည်တွေပြောဖို့ အချိန်ကျပြီလို့ ကျွန်တော် ထင်တယ်'

ကာတာ၏စိတ်ထဲတွင် စနိုးစနောင့် ဖြစ်နေသောအရာက ရုတ်တရက် ပီပြင်သွားသည်။ အခန်းထဲ၌ လူရှင်းသွားသည် အထိ စောင့်ရ၏။ ဘာတိုဒီ၊ လင်းယုန်ကြီး၊ ဂျိနာတို့သာကျန်ကာမှ ကာတာက သူမေးလိုသည့် မေးခွန်းကို မေးတော့သည်။

'ကပ္ပတိန်... ငွေအတိုင်းအတာ တစ်ခုထက် တန်ဖိုးရှိတဲ့ ပစ္စည်းတွေသိမ်းထားဖို့ ခင်ဗျားဆီကို ခရီးသည်တွေ လာတယ် မဟုတ်လား'

ဘာတိုဒီက ကာတာအား မျက်မှောင်ကုတ်ကာ ကြည့်၏။ ကာတာသည် သူ့အတွက် ပုဂ္ဂိုလ်ရေးအရ လက်စားချေမည့်သူဟု မှတ်ထားသလော့မသိ။

'မှန်ပါတယ် မစ္စတာ ကာတာ'

လင်းယုန်ကြီးက ကာတာ၏ မျက်နှာအား အကဲခတ်သည်။ ကာတာ၏အတွေးကို အဖြေရှာကြည့်၏။

www.burmeseclassic.com

www.burmeseclassic.com



'ခု ခရီးစဉ်မှာ ခရီးသည်အတော်များများ ဒီကိစ္စနဲ့ လာခဲ့သလား'

'ငါးယောက် ခြောက်ယောက်လောက်ပါပဲ'

'အဲဒီလူတွေက ဒီအခန်းထဲကို သာကြတယ်ပေါ့'

'ဟုတ်ပါတယ်'

'မင်း ဘာကြောင့်မြင်သလဲနစ်'

လင်းယုန်ကြီးက မနေသာဘဲ မေးလိုက်၏။

'တွေးဆချက်တစ်ခုကို အဖြေရှာကြည့်နေတာပါ၊ ကပ္ပတိန်၊ ခရီးသည်တစ်ဦးဦးဟာ အတော်ကြီးလေးတဲ့ အထုပ်တစ်ထုပ်ကို ဒီက အာမခံသေတ္တာထဲ သိမ်းခဲ့သလား'

'ဘာဖြစ်လို့လဲ၊ သိမ်းတယ်လေ၊ နှစ်ယောက်ပဲ'

'သူတို့ တစ်ယောက်ယောက်ကိုကော အခန်းထဲမှာ တစ်ယောက်တည်း တစ်ခဏလောက် ထားရစ်ခဲ့ဖူးတာရှိသလား'

ဘာတိုဒီက ကာတာအားစူးစိုက်ကြည့်၏။ သူသဘောပေါက်သွားသည်ကို မျက်နှာထားအရ သိလိုက်၏။ ဘာတာနှင့်မတွေ့သည့် ကာလတစ်လျှောက် ပထမဦးဆုံးအကြိမ် သူ၏ လေသံက ရိုသေလေးစားမှု ရှိလာ၏။

'ဟုတ်ကဲ့ ထားရစ်ခဲ့ပါတယ်'

ဘာတိုဒီက လေသံက မသွက်လှ။

'အဲဒီလူတစ်ယောက်ကိုတော့....'



'သူ့ပုံပန်းက ဘယ်လိုလဲ'

လင်းယုန်ကြီးက ဖြတ်မေးလိုက်၏။

'သူ့မှာ မုတ်ဆိတ်ရှိတယ်၊ အလွန်ကို သာမန်လူတစ်ယောက်နဲ့မတူတဲ့ ရှုပ်ရှည်မျိုးပဲ၊ မျက်နှာက အသောခွက်တယ်'

'ဂျူးဒတ်ပဲ'

လင်းယုန်ကြီး၏ ပါးစပ်မှ လွှတ်ခနဲ ထွက်သွားသည်။

'ဒီလိုပဲဖြစ်မယ်၊ သူဟာ ဒီအခန်းထဲမှာဖိုတုန်း အစီအစဉ် အပြောင်းအလဲ လုပ်သွားနိုင်တယ်'

ကာတာက သူ၏ယူဆချက်ကို ပြော၏။

'သူဟာ ဗုံးကို သေတ္တာရဲ့ ငွေတိုက်ခန်းသေတ္တာထဲ သိမ်းနိုင်ဖို့အတွက် ဒီကိုလာမယ်၊ တစ်ယောက်တည်းကျန်နေတဲ့ အချိန်ကျတော့ ပိုကောင်းတဲ့နေရာမှာသိမ်းဖို့ မြင်သွားမယ်၊ ဒါမှ မဟုတ် ပစ္စည်းထိန်း ငွေကိုင်အရာရှိက သူ့အထုပ်နဲ့ပတ်သက်ပြီး စူးစမ်းနိုင်စရာရှိတာကို တွေးမိယင် တွေးမိသွားမယ်'

ဘာတိုဒီက သူ၏စားပွဲကို မွှေနှောက်၍ စာရွက်တစ်ရွက် ယူလာ၏။

စာရွက်ကို ဖတ်ကြည့်သည်။

'သူ့နာမည်က အာနိုးဘင်နက်ဒစ်တဲ့၊ ပထမတန်းအခန်း (၁၂)၊ ကုန်းပါတ်အမှတ် (က) မှာပဲ'

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင် တံခါးဝသို့ မြို့တော်ဝန် ရောက်လာသည်။ လက်ထဲတွင် စာရွက်တစ်ရွက်ကိုင်ထားကာ မျက်နှာက မသာယာလှ။

'လူကြီးမင်းတို့ ခုကိစ္စ ဇဝေဇဝါဖြစ်နေယင်လဲ ခုတော့ ရှင်းသွားပါပြီ'

'ဘယ်လိုကြောင့်လဲ'

လင်းယုန်ကြီးက မေးလိုက်သည်။

'ရောမကပို့လိုက်တဲ့ ဒီကြေးနန်းကို ကျွန်တော့်ရုံးက ခုလေးပဲရလိုက်တယ်'

လင်းယုန်ကြီးက စာရွက်ကိုယူ၍ အသံထွက်အောင်ဖတ်ပြသည်။

မြို့တော်ဝန်မင်းသို့—

အနုမြူ လက်နက်တစ်ခုအား သင်၏ မြို့တော်ကို ခလုတ်တစ်ချက်နှိပ်ရုံနှင့် ဖောက်ခွဲနိုင်လောက်သည့် နေရာတွင် ချထားပြီးဖြစ်၏။

ဤစကားအား လိမ်ညာမှုဟု မထင်မြင်စေလိုပါ။ သာဓကအနေဖြင့် မောင်းထိန်းခလုတ် ကီရိယာကို အိုင် (ချ်) တီ-အိပ် (စ်)- ၄၁၂ ကို သုံးကြောင်းဆိုလျှင် သိလောက်ဖွယ်ရှိပါသည်။



ဤ လက်နက်အား (၄၈) နာရီအတွင်း ဒေါ်လာ သန်းတစ်ရာဘိုးရှိ ရွှေချောင်းများမပေးပါက ဖောက်ခွဲရပါလိမ့်မည်။ ယခုငွေကြေးမှာ နယူးယော့မြို့တော်၏ လူဦးရေအတွက် တစ်ဦးလျှင် ဆယ်ဒေါ်လာနှုန်းမျှသာ ဖြစ်ပါသည်။

ဤကိစ္စအား အလွန်အရေးထား ဂရုစိုက်စေလိုပါသည်။ ကျွန်ုပ်လိုအပ်သော ငွေကြေးကို ပေးနိုင်စရာ သင်တို့တွင် ရ ပုံငွေ အချိုးအစား အသီးသီး ရှိပါသည်။ နှစ်ဆယ့်လေးနာရီအတွင်း နောက်ထပ် ဆက်သွယ်အကြောင်းကြားပါဦးမည်။)

လင်းယုန်ကြီးက ကာတာအား ဖျတ်ခနဲ မော့ကြည့်လိုက်သည်။

'ဟိုကာရီယာဟာ တိုကီရီယာပဲ၊ အင်း လူတစ်ယောက်ဟာ ဒေါ်လာ သန်းတစ်ရာနဲ့ ဘာများလုပ်မယ်လို့ မင်းထင်သလဲ ကာတာ'

'ဒီကြေးနန်းကို ဘယ်သူပို့တယ်လို့ မင်းထင်သလဲ ကာတာ'

'ဒီကြေးနန်းကို ဘယ်သူပို့တယ်လို့ ခင်ဗျား သိသလား'

မြို့တော်ဝန်က မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



‘ကျွန်တော်တို့ ရှာနေလဲလူပဲ၊ ဒီခြေကြားနန်းကိုတော့ ရောမက သူ့လူတစ်ယောက်က မှီးတာဖြစ်မယ်၊ နယူးယော့ကို လီယိုနာဒို ရောက်ချိန်နဲ့ကိုက်ပြီး ပို့တာပဲ’

‘ဖာရယ်လီ ပို့လိုက်တာပဲ ဖြစ်မယ်’

ကာတာက မပွင့်တပွင့် ပြောမိသည်။

‘တစ်ခုတော့ ရှိတယ်နော်’

ဘာတိုဒီက စကားစသည်။

‘ဒီခြေကြားနန်းမှာ ကျွန်တော် အသော်ကို လုံးဝ မရည်ညွှန်းထားပါဘူး’

‘ဒါကတော့ ဒီသတော်ကို အာရုံမစိုက်မိအောင် လုပ်ထားတာပဲဆိုတာ ရှင်းပါတယ် မစ္စတာ ဘာတိုဒီ’

လင်းယွန်ကြီးက ရှင်းပြလိုက်သည်။

ရေယာဉ်မှူး ဘာတိုဒီမှာ လင်းယွန်ကြီးက ရာထူးအဆင့်ကို မခေါ်ဘဲ အမည်ခေါ်ပြောခြင်းကြောင့် မျက်နှာပျက်သွားပုံအား ကာတာ တွေ့လိုက်သည်။ ဘာတိုဒီ၏ ရုန်းလို့ပုံက ကာတာအား အကူအညီ ပေးရစဉ်ကလောက်တော့ မပြင်းထန်တော့ပါ။ ယခုအချိန်တွင် လင်းယွန်ကြီးကသာ ဦးစီးခေါင်းဆောင်ဖြစ်သည်။ ဘာတိုဒီ ကြိုက်သည်ဖြစ်စေ မကြိုက်သည်ဖြစ်စေ အိုင်(စီ)အဖွဲ့၏ အမိန့်ကိုသာ နာခံရမည်ဖြစ်သည်။

‘ဒီခြေကြားနန်းမျိုးကို သမ္မတကြီးကော၊ ပြည်နယ်အုပ်ချုပ်ရေးမှူးပါ ရကြတယ်လို့ ကျွန်တော့်ကို သတင်းပို့ပါတယ်’



မြို့တော်ဝန်က ပြောပြန်သည်။

‘လိုအပ်တဲ့ ရန်ပုံငွေတွေ ကျွန်တော် စုဆောင်းဖို့ သူတို့က စောင့်နေကြပါတယ်၊ ဒါပေမယ့် ဒေါ်လာ သန်းတစ်ရာဖိုး ရွှေချောင်းတွေကိုတော့ ဘုရား....ဘုရား၊ ဒီလူဟာဘယ်လောက်တောင် ရူးမိုက်လိုက်တဲ့ လူလည်းဗျာ’

‘အဲဒီပုံကို ထင်ရာစိုင်းတတ်တဲ့ လူတစ်ယောက်ပေါ့၊ မြို့တော်ဝန် မင်း၊သူပြောတဲ့ ရွှေမရယင် တကယ်ကို ခြိမ်းခြောက်သလို လုပ်မယ်၊ ထင်ရာစိုင်းတတ်တဲ့ စိတ္တဇ ရာဇဝတ်ကောင် တစ်ကောင်ပဲ’

ကာဘာက မြို့တော်ဝန်အား အဖြေပေးခဲ့သည်။

‘မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး’

ဘာတိုဒီက တစ်စခန်း ထလာပြန်သည်။

‘ဒါ လှည့်ကွက်ပဲ၊ ညာတာပဲ၊ အမေရိကန်တွေရဲ့ မလုပ်သင့်တဲ့ ပျက်လုံးတစ်ခုပဲ’

‘ဗုံးပေါက်ကွဲတဲ့အခါ ပတ်ဝန်းကျင်မှာ ကျွန်တော်တို့ ထိုင်ပြီး ဒီပျက်လုံးကို ရယ်ရတာမျိုးတော့ ကျွန်တော် မလိုချင်ဘူး’

လင်းယွန်ကြီးက ပြောပြောဆိုဆို တံခါးပေါက်သို့လှည့်၍ အပြင်ဘက်ရှိ ကမ်းရိုးတန်းစောင့် တပ်ဖွဲ့မှ ဗိုလ်မှူးကြီးကို လှမ်းခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့… အမိန့်ရှိပါ'

ဗိုလ်မှူးကြီးက အတွင်းသို့ ဝင်လာသည်။

'မစ္စတာကာတာနဲ့ ကျွန်တော်က ဒီယာဉ်ကို ရှာနေတုန်း ခင်ဗျားလက်ထောက်ကိုခေါ်ပြီး ကျွန်တော်တို့ နှစ်ယောက်နဲ့ အတူ ကုန်းပါတ်(က) အခန်းအမှတ် ဆယ့်နှစ်က အာနီး ဘင်နက်ဒစ်ဆိုတဲ့ လူတစ်ယောက်ကို သွားရှာပါ'

'သူဟာ ခုကိစ္စမှာ တာဝန်ရှိတဲ့လူ ဖြစ်နိုင်တယ်၊ ဩော်… ဗိုလ်မှူးကြီး၊ သူ့မှာလက်နက်ဆောင်ထားလိမ့်မယ်၊ အန္တရာယ် လဲကြီးတယ်၊ ဒီတော့ လိုအပ်သလိုသာလုပ်ပါ'

ဗိုလ်မှူးကြီးက ခေါင်းညိတ်၍ ပြန်ထွက်ရန်လှည့်သည်။

'သူ့မှာ မုတ်ဆိတ်ရှိတယ်တဲ့'

ဘာတိုဒီက နောက်မှ အော်ပြောလိုက်သည်။ သူ၏ ယခင်က မကြည်ဖြူသော မျက်နှာထားမှာ ယခု အခါတွင်တော့ သောကနှင့် ပရိဒေဝမီးကို လွှမ်းမိုးလျက်ရှိသည်။

'နောက်ပြီး မျက်နှာက အဲ… ဘယ်လိုခေါ်မလဲ၊ သိပ်ကို ခွက်ဟာယ်၊ နေဦး…နေဦး ကျွန်တော်မှတ်မိကာ တစ်ခုရှိသေး တယ်'

'ဘာလဲဗျ'

'ဘာတိုဒီ၏ စကားများကို ဂရုစိုက်နေသော လင်းယုန် ကြီးက ဝင်မေးတော့သည်။



'အင်း… အဲဒါက အရေးကြီးသလားတော့ မသိဘူး'

ဘာတိုဒီမှာ ဇဝေဇဝါ ဖြစ်နေပုံရသည်။

'သင်္ဘောပေါ်မှာ အင်္ဂလိပ်ဆေး ရနိုင် မရနိုင် သူက မေးတယ်၊ သူက ဆီးချိုရောဂါသည် ထင်တယ်'

လင်းယုန်ကြီးက ခေါင်းဆတ်၏။

'ဗိုလ်မှူးကြီး…ကျွန်တော့်ရဲ့ ဗုံးစနက်တံ ပညာရှင်နှစ် ယောက်ကို လွှတ်လိုက်ပါဦး၊ နောက်… အာနီးဆိုတဲ့ လူကိုတွေ့ ယင်လဲ သတင်းပို့ပါ'

'ဟုတ်ကဲ့'

ဗိုလ်မှူးကြီးက အခန်းထဲမှထွက်သွား၏။

ဂျီနာသည် ကာတာ၏ဘေးသို့ ရောက်လာ၏၊ ကာတာ၏ လက်ကို ဆွဲ၍ကိုင်သည်။

'ကျွန်မ ဘာလုပ်ပေးရမလဲ'

'ကော်ဖီတစ်ခွက်လောက် သွားသောက်နေလိုက်ကွာ'

လင်းယုန်ကြီးက အဖြေပေးသည်။

ဂျီနာသည် ကာတာကို ပြုံးပြပြီး ထွက်သွား၏။ ဘာတိုဒီ လိုက်သွား၏၊ နောက်ဆုံးတော့ ငှင်းပါ ရို့ကျိုးလာပြီ ဖြစ် သည်။

နှစ်ယောက်တည်းကျန်ခဲ့မှ လင်းယုန်ကြီးက ကာတာဘက် သို့ လှည့်ပြီး ပြုံး၏။

www.burmeseclassic.com

www.burmeseclassic.com



'ကိုယ်တိုင် ဝင်ကြဲရတာမျိုး သိပ်မရှိတော့ စိတ်မချမ်းသာလှဘူးနော်ရော့၊ ကဲ.. နောက်ထပ် ဘာများ စိတ်ကူးမိတာရှိသေးသလဲ'

'သိပ်တော့မရှိပါဘူး၊ ဒီအခန်းကို အိတ်သွန်ဖာမှောက် ရှာဖို့လောက်ပါပဲ'

သူတို့ရှာကြ၏။ မော်တော်များလာနေပြီး ခရီးသည်တို့ လိုက်ပါသွားတော့မည်ကို သိထားခြင်းက အနည်းငယ် စိတ်သက်သာရာရမိ၏။ သို့သော်....ဂျူးဒတ်တွင် ဗုံးဖောက်ခွဲရေး ကိရိယာရှိပါက နှစ်ဆယ့်လေးနာရီအတွင်း အချိန်မရွေး ဖောက်ခွဲပစ်နိုင်၏။

သူတို့က ဘာတီဒီ၏စားပွဲ၊ ဗိုင်တဲ့ဗီရိုများပါမကျန် တစ်ခန်းလုံး ရှာကြသည်။ လင်းယုန်ကြီးမှာ မကြာမီ မောပန်းလာပုံရ၏။ စားပွဲနောက်ရှိ ကုလားထိုင်တွင် ဝင်ထိုင်လိုက်၏။ သူ၏ နဖူးတွင် ချွေးများစို့နေ၏။

'ငါတော့ အဘိုးကြီးကို မြစ်နေပါပြီကွာ၊ ဒီအခန်းထဲက ပစ္စည်းတွေကလဲ များကို များလွန်းတယ်လို့ ထင်တယ်'

'ဟုတ်ပါတယ်'

ကာတာသည် အခန်းနံရံတစ်ဖက်ဆီသို့ လှမ်းကြည့်သည်။ လေဝင်လေထွက်ပေါက်တစ်ခု ရှိသည်။ စိတ်ကူးတစ်ခု ရလိုက်သည်။

ထိုနေရာသို့ လျှောက်သွားပြီး ဒူးထောက်ထိုင်ချ၏။ အတော်ကြီးသည့် အကာပြားတစ်ခုကို နံရံတွင် ဝက်အူနှင့်စုပ်၍ ကာထားသည်။ ဝက်အူတစ်ချောင်းက ပြုတ်နေ၏။



'ဆရာ့မှာ လက်သည်းညှပ်ပါသလား'

ကာတာက လင်းယုန်ကြီးအား လှမ်းမေးလိုက်၏။

'ပါတယ်'

သူက အိတ်ထဲ လျှောက်စမ်းရှာပြီးကာတာအား ပေးသည်။

ကာတာက ဝက်အူများကိုပြုတ်၍ အကာကို ခွာနေစဉ် လင်းယုန်ကြီးက စိတ်ဝင်စားဟန်ဖြင့် ဘေးသို့ လာရပ်ကြည့်သည်။ ကာတာက ကတုန်ကယင်နှင့်ဝက်အူများကိုဖြုတ်သည်။ အကာပြားက ထောင့်တစ်ထောင့် ညွှတ်နေပြီးမှ ကွာထွက်သွားသည်။

အထဲသို့ ကြည့်လိုက်ကြသည်။ သုံးပေအရှည်၊ လေးထောင့်ရှည်မျော့မျော့အထုပ်တစ်ထုပ်ကို အညိုရောင်စက္ကူနှင့်ပတ်ထားကြောင်း တွေ့ကြရသည်။

'သောက်ကျိုးနဲ့'

လင်းယုန်ကြီးပါးစပ်မှ ထွက်လာ၏။

ကာတာအထုပ်ကိုယူသည်။ အညိုရောင်စက္ကူကိုခါးနှင့်လှီး၍ အထဲမှပစ္စည်းကိုကြည့်သည်။

သတ္တုပေါ့ပေါ့နှင့်ပြုလုပ်ထားသော ပစ္စည်းတစ်ခုဖြစ်သည်။ ဒါန်သတ္တုနေရာနှင့်လုပ်ထားပုံရှိသည်၊ အသေးစား အီလက်ထရောနစ် အသံဖမ်းကိရိယာက အဝေးထိန်းခလုတ်များနှင့် စက်ယန္တယာ့အစိတ်အပိုင်းကိုပါ မျက်နှာပြင်ပေါ်ဝယ် တွေ့ရသည်။

www.burmeseclassic.com

အနီရောင်မီးလေးတစ်လုံးကလည်း လင်းလျက်ရှိ၏။ ခလုတ်ကို ဖြုတ်သည်နှင့် ခေါက်ကွဲရန်အသင့်ရှိကြောင်း အချက်ပြနေသည်မှာ ယုံမှားသံသယဖြစ်စရာ မလိုပါ။

ကာတာက လင်းယုန်ကြီးအား ကြည့်လိုက်သည်။

'တို့ရဲ့ ဗုံးပါရှုတွေကို ချလိုက်မယ်'

သူ့အသံက ကွဲအက်နေသည်။

'ဟို မောင်းထိန်းခလုတ် ကိရိယာတီတွင်တဲ့လူလဲ ပါလာမှာတယ်'

'ခရီးသည်တွေကို ဘယ်လိုလုပ်မလဲ'

ကာတာက မေးကြည့်သည်။

'သူတို့ကို သဘောပေါက်အောင် ဆင်းခိုင်းမလား'

လင်းယုန်ကြီးက မျက်မှောင်ကြုတ်၍ စဉ်းစားနေ၏။

'မဖြစ်ဘူးထင်တယ်၊ ဂျူးဒတ်နဲ့တို့ အချိန်မရွေး ရှင်ဆိုင်နိုင်စရာရှိတယ်၊ ဒေါ့အပြင် ဗုံးကလဲ မိနစ်ပိုင်းအတွင်း၊ စက္ကန့်ပိုင်းအတွင်း ကျို့ရှေ့မှာ ထပေါက်ယင်ထပေါက်မှာ...'

'သဘောကြီး ဆိပ်ကမ်းအပြင်ဘက်မှာ ရှိနေကုန်းပဲ၊ ဗုံးပေါက်လိုက်ယင် မင်ဟာန်တန်ကျွန်းကြီးတစ်ခုလုံး ပျက်စီးသွားမှာပဲ၊ ဆိပ်ကမ်းမှာ ဝင်ရပ်ထားတာနဲ့ ဘာမှ မထူးဘူး၊ မဖြစ်ဘူး နှစ်၊ ဗုံးကိုပဲ အလုပ်မလုပ်နိုင်အောင် လုပ်ရတော့မှာပဲ'

ကာတာ ခေါင်းညိတ်မိသည်။ ဂျူးဒတ်၏ အကြံရှိုင်းအား လင်းယုန်ကြီးကဲ့သို့ပင် အနိုင်ယူလိုသည်။



လင်းယုန်ကြီးက အပြင်သို့ ထွက်သွားသည်။ ဗုံးပါရှုတို့နှင့် မောင်းထိန်းခလုတ်တီတွင်သူအား ခေါ်လာပေလိမ့်မည်။ ကာတာတံခါးကို သော့ပိတ်၍ အထုပ်ရှိရာသို့ ပြန်လာသည်။ ...းကြည့်နေမိ၏။

တောက်ပနေသော မီးအနီရောင်ကဗုံး၏ကြောက်မက်ဖွယ် ...ကာင်းမှု အားကောင်းသောဖျက်ဆီးမှုတို့ပြသလျှက် ကာတာ...အား ခြိမ်းခြောက်နေသည့်နှယ် ရှိသည်။ ဂျူးဒတ်သည် သူ၏...သက်ကိုပင် စတေး၍ ဗုံးကိုဖောက်ခွဲလိုက်မလေ၊ ကာတာ... အတွေ့အကြုံအရ ဂျူးဒတ်သည် ဖောက်ခွဲမည်မှာ အမှန်...ဖြစ်ကြောင်း သိပါသည်။

မိမိတို့ဗုံးကို တွေ့သွားသည်ကို ဂျူးဒတ်သိပါမှ ဗုံးကိုဖောက်ရန် လက်နှေးမည်မဟုတ်။ ကိုယ့်အသက်ကိုပင် အမှုမထားဘဲ ...လုပ်လိုရာကိုသာ လုပ်ပေလိမ့်မည်။ ဂျူးဒတ်ကဲ့သို့စိတ်ဓာတ် မှုမ...၊ ရှေ့ခြေလှမ်းကိုတွက်ဆမရသူနှင့် ဆက်ဆံရာဝယ် မိမိတို့ ...ခွင့်မသာနိုင်ကြောင်းလည်း ကာတာသိပါသည်။

ကျွဲကြောက်မက်ဖွယ်အဖြစ်၏ ရလာဒ်ကို မြင်ယောင်လိုက်သည်။ အနုမြူအဆိပ်များ ပျံ့လွင့်စေမည့် မှိုပွင့်သဏ္ဌာန်နှယ် ...မ်တိုက်ကြီး တိုးဝှက်သွားလိမ့်မည်။ မိုင် သုံ ဆယ်ဝန်းကျင် ...သန်းပေါင်းများစွာသော လူတို့ သေဆုံကြရမည်။ ဒုတိယ ...ဆင့် ကူးစက်မှုကြောင့်လည်း သောင်းနှင့်ချီ၍ ထပ်မံသေ...းမည်။ ဘော်ချောင်ခြည်သင့်လောသောင်းဂဏန်းမျှရှိလိမ့်သား... အနုမြူဝေဒနာကို ခံစားကြရဦးမည်။ ဟီရိုရှီးမားအဖြစ်

www.burmeseclassic.com

www.burmeseclassic.com

ယခုအဖြစ်နှင့်ဆိုလျှင် ဗျောက်အိုးဖောက်သလောက်သာ ရှိပေလိမ့်မည်။

တံခါးခေါက်သံကြားရမှအတွေးကပြတ်သွားသည်။ကာတာက တံခါးဆီသို့သွားကာမေးသည်။ လင်းယုန်ကြီးမှန်း သေချာပါမှ သော့ကိုဖွင့်၍ အေးသို့ဖယ်ကာ ရပ်လိုက်သည်။

သူ့နောက်မှ ဘာတိုဒီနှင့် အခြားလူသုံးယောက်ပါလာကြသည်။

'အဲဒါကိုသာ ကြည့်လိုက်ပေတော့ ဘာတိုဒီ'

စိတ်အနှောက်အယှက်ဖြစ်စွာနှင့်ပင် လင်းယုန်ကြီးကပြောသည်။ ဘာတိုဒီ၏ မယုံကြည်နိုင်ခဲ့မှု၊ အကြွင်နာခေါင်းပါးမှုတို့ကို ချေဖျက်ပစ်လိုက်သလိုနှယ်ပင်။

ဘာတိုဒီ၏မျက်နှာက ဖြူဖွေးသွားသည်။ တုန်တုန်ယင်ယင်နှင့် ရပ်နေသည်။ ဒေါသကိုထိန်းသည့်အလားလက်သီးနှ ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။

'ကဲ... ဒီအထဲက ကြွပေတော့ ကိုယ်တော်'

လင်းယုန်ကြီး၏အသံက ပြတ်လှသည်။ ဘာတိုဒီအားတံခါ ဆီသို့ ခေါ်သွားရန် ကာတာကို အချက်ပြ၏။

ဘာတိုဒီမှာ ရှေ့တည့်တည့်သာကြည့်ပြီး အသက်မပါသ လျှောက်သွားသည်။ ကာတာ တံခါးကို ပြန်သော့ခတ်ပြီး လင်းယုန်ကြီးနှင့် သူစိမ်းသုံးယောက်ဆီသို့ လှည့်သည်။

'ဒါ မစ္စတာဂေါလစ်ပဲ၊ သူက နစ်ကာတာ'

လင်းယုန်ကြီးက မိတ်ဆက်ပေး၏။



ကာတာသည် ကိုင်းမပါသည့် မျက်မှန်တပ် ပိန်ပိန်လူနှင့် လက်ဆွဲနှုတ်ဆက်၏။ တကယ့်ကို သိပ္ပံပညာရှင်ရုပ် ပေါက်နေသူ ဖြစ်၏။

ဂေါလစ်သည် မောင်းထိန်းခလုတ်ကိရိယာ တီထွင်သူ ဖြစ်ကြောင်း လင်းယုန်ကြီးက ရှင်းပြ၏။ ဤကိရိယာမှာ ယခုတော့ ဂျူးဒတ်နှင့် မသမာသူတို့အတွက် ဗုံးကို ပြုလုပ်နိုင်စွမ်းစေခဲ့သော အရာပင် ဖြစ်ပေ၏။

ဗုံးဖျက်ဆီးရေး အဖွဲ့ဝင်နှစ်ယောက်က စက္ကူပြတ်ကို ခွာနေကြ၏။

'ကျွန်တော့်ရဲ့ကိရိယာကို ဒီလိုအလုပ်မျိုးမှာ သုံးယင်တော့ တော့်ကို ဆိုးတာပဲ'

ဂေါလစ်က ညည်းညူသည်။

ဤအဖြစ်မျိုး ကြုံရမည်မလွဲတဲ့ ကာတာတွေးမိသည်။ ဂေါလစ်က အခြားနှစ်ယောက်နှင့်အတူ ဗုံးခန်းထဲသို့ အာရုံစိုက်က်သည်။

'ဒါ ဗုံးအစစ်ပဲဆိုတာ သေချာရဲ့လား'

လင်းယုန်ကြီးက မေး၏။

ဂေါလစ်က ခေါင်းညိတ်သည်။

'သေချာတာပေါ့၊ သာမိုနျူးကလီးယားဖစ်ရှင်းအကြောင်း ာင်းကောင်းသိတဲ့ လူမျိုးလုပ်ထားတာပဲ၊ ကျွန်တော်တို့ ယာက ပိုပြီး ပြင်းသွားစေတော့တာပေါ့'

လင်းယုန်ကြီးက ကာတာအားကွက်ခနဲကြည့်သည်။ ကာတာ က်နှာမှာ မှိုင်းမှုန်လျှက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂေါလစ်နှင့်နှစ်ဦးမှာ ဗုံးကိုကိုင်ရင်း ချွေးပြန်နေကြသည်။ သူတို့၏မျက်နှာများထံသို့ မီးအနီရောင်က ဟပ်နေ၏။ ဗုံး... များကို ဂေါလစ်က ညွှန်ပြသည်။

'အဲဒါလဲ ဟုတ်တယ်၊ အဲဒီ ဝါယာကြိုးမဟုတ်ဘူး၊ အဲ... မဟုတ်ဘူး...သေးကဟာ'

အားလုံးမှာ နံရံမှ အပေါက်အနီးငယ် စုပြုံနေကြသည်။ ဗုံးပေါက်ကွဲလိုက်လျှင် မည်သို့ဖြစ်မည်ကို မငေးတွေးမိရန် ကာတာ ကြိုးစားသည်။ သို့သော်... ပေါက်ကွဲလိုက်လျှင် မည်သို့မျှ လိုက်မည် မဟုတ်သည်ကိုပါ နားလည်သည်။

ဗုံးကိုကိုင်တွယ်နေရသူတို့၏ စိတ်မှာ သံမဏိစိတ် ရှိသူ... နှယ် ငြိမ်သက်တည်ငြိမ်လှသည်။ လင်းယုန်ကြီးက တံခါးဆီသို့... ကာ ငိုလ်မုန်းကြီးထံမှ သတင်း ရမရ အစောင့်အား မေးသော်... ချွဲသည့်သတင်းမှ မရသေးပါ။

'ဒီလောက်ဗုံးအရွယ်က သူတို့ပြောသလောက် အား... မလား'

ကာတာက ဂေါလစ်အား မေးမိသည်။

ဂေါလစ်မှာ သူ့ဘက်သို့ ပြန်လှည့်မကြည့်။ ဗုံးပေါ်... အာရုံစိုက်ရင်း ဖြေသည်။

'ရှိတယ်လို့ ကျွန်တော်ထင်တယ်၊ ဒီနေရာမျိုးကဆိုယင် ... အနှံ့ မိုင်လေးငါးဆယ်လောက်ကို ပျံ့နှံ့သွားနိုင်တယ်'

ဂေါလစ်က ခလုတ်အပေါ် အာရုံစိုက်ထား၏။ ထို့နေ... မှ စကားဆက်၍—



'တယ်သမှ လွတ်မှာမဟုတ်ဘူး၊ အဲဒီအကွာအဝေးအတွင်း မှာ ရှိတဲ့လူမှန်သမျှ သေမှာပဲ'

ကာတာသည် စိတ်မသက်မသာစွာ ခေါင်းယမ်းရုံသာ ရှိ တော့သည်။ ဂေါလစ်က ဗုံးဖျက်သမားတို့ လုပ်ရပ်အပေါ် ကျွမ်းကျင်ရင်း စကားစပြန်သည်။

'ပထမပေါက်ကွဲတာနဲ့ အပူရှိန်လှိုင်းတွေနဲ့အင် အဆုံးသတ် မသွားဘူး၊ အဆောက်အအုံတွေပြိုကျမယ်၊ လှိုင်းတွေထလာ မယ်၊ ဓာတ်ရောင်ခြည်သင့်တဲ့ဒဏ်တွေ ခံရမယ်၊ မင်တက်တန် ကျွန်းကြီးဟာ ထယ်စနစ်များစွာ လူနေထွေမနေနိုင်တဲ့ ကျွန်း ကြီး ဖြစ်သွားလိမ့်မယ်'

ကာတာအတွက် အဖိုးမဲ့စရာလိုတော့။ ဂေါလစ်သည် သူ့အား တွေးစရာများစွာကို ပေးခဲ့ပြီဖြစ်သည်။

'အခြေအနေဘယ်လိုလဲ'

လင်းယုန်ကြီးက စိုးရိမ်ပူပန်စွာမေးသည်။ မီးမရှိသည့် ဆေးပြင်းလိပ်က ခုထိ မြဲ လုပ်နေဆဲဖြစ်၏။

သူ့လူတစ်ယောက်က လင်းယုန်ကြီးဘက် လှည့်ကာ ဖြေ သည်။

'အခက်ခဲဆုံးအပိုင်းပဲ ကျွန်တော့်တယ်သာ'

ထိုသူ၏ နဖူးပြင်နှင့် မျက်နှာတွင် ချွေးများတို့ စီးကျ တောက်ပြောင်လျက်ရှိ၏။

လင်းယုန်ကြီးနှင့် ကာတာက ၎င်းတို့အပေါ်မှ ကျော်ပြီး အသေအချာ ကြည့်နေကြ၏။ လက်ခသတ်ဒေါ်နီးပြီမှ ကာတာ

www.burmeseclassic.com

www.burmeseclassic.com



ထင်လိုက်ချိန်ဝယ် ဂေါလစ်၏အသံက ဖျတ်ခနဲ ပေါ်လာသည်။

'အဲဒါ မဟုတ်ဘူး၊ မဟုတ်ဘူး၊ သောက်ကျိုးနဲ့ကွာ မှားတော့မလို့၊ အဲဒါမဟုတ်ဘူး'

ဗုံးကို ကိုင်နေသူမှာ လက်ကိုရုတ်၍ နံရံသို့ ခေါင်းကို မှီနေလိုက်သည်။ သူ၏လက်များက တုန်ယင်နေသည်။ မျက်စိကိုပိတ်၍ သက်ပြင်းရှည်ကြီးကို ချသည်။

ထို့နောက် ခေါင်းကို ယမ်း၍ စိတ်ကို ဖြေသည်။ သတ္တိမွေးလိုက်ပုံရသည်။ အခြားသူနှစ်ယောက်အား ပြန်၍ ကူညီ၏။ သုံးမိနစ်မျှ မကြာမီ ၎င်းတို့က ဗုံးမှခွာလိုက်ကြသည်။ အောင်မြင်မှုအဓိပ္ပာယ် အပြုံးစတွေက သူတို့နှုတ်ခမ်းဝယ် ပေါ်လာကြသည်။

'ပြီးသွားပြီ'

ဂေါလစ်၏အသံက တိုးတိုးလေးသာ ဖြစ်သည်။

'ဗုံးကို ဖောက်ခွဲလို့မရအောင် စနက်တံ ဖြုတ်လိုက်ပြီ'

လင်းယုန်ကြီးနှင့် ကာတာတို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြသည်။ လင်းယုန်ကြီး၏ သက်ပြင်းချပုံက ရှည်လျားလှသည်။

'ကျွန်တော့်အတွက်တော့ နှလုံးခုန်ရပ်တော့မလိုကို ခံစားခဲ့ရတာပဲ'

လင်းယုန်ကြီးက ဘာတိုဗီ၏ စားပွဲတွင် မှီရပ်ကာ နောက်တစ်ကြိမ် သက်ပြင်းချပြန်သည်။



ကာတာကလည်း ထရပ်လိုက်သည်။ ကြိုးစား၍ ပြုံးပြရသည်။

လင်းယုန်ကြီးက ဆေးပြင်းလိပ် အသစ်တစ်လိပ်ကို ထုတ်၍ မီးညှိ၏။ မီးခိုးများကို ခပ်ဖြည်းဖြည်း မှုတ်ထုတ်လိုက်၏။ မီးခိုးငွေ့တို့က မျက်နှာကျက်ဆီသို့ လွင့်တက်သွားသည်။ ကာတာအား သူက ကြည့်လိုက်သည်။

'ကဲ....ဒီကိစ္စကတော့ ပြီးသွားပြီ နှစ်၊ တို့အတွက် လုပ်စရာတစ်ခုပဲ ကျန်တော့တယ်'

ကာတာက ခေါင်းညိတ်သည်။

'ဂျူးဒတ် ကျန်သေးတယ်၊ သူ့ဆီမှ ကိစ္စဖြတ်မယ်လို့ ထင်တယ်'

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

ခရီးသည်တို့ မော်တော်လေးများနှင့် ဆိပ်ကမ်းသို့ သွားရမည့် အစီအစဉ်အား ဖျက်သိမ်းကြောင်း ဘာတိုဒီက အသံချဲ့စက်မှ ကြေညာလိုက်၍ သင်္ဘောသို့ ရောက်လာ၍ မော်တော်လေးများကို ဆိပ်ကမ်းသို့ ပြန်စေသည်။

ကျွဲကြေညာချက် ထွက်ပေါ်လာပြီး မကြာမီပင် ဗိုလ်မှူးကြီးရောက်လာ၏။ ဘာတိုဒီနှင့်အတူ ကာတာ၊ လင်းယုန်ကြီးတို့ ရှိနေသည်။

'အာနီးကို ဘယ်မှာမှ ရှာမတွေ့ဘူး'

ဗိုလ်မှူးကြီးက လင်းယုန်ကြီးအား သတင်းပို့သည်။

'ဆရာ့ရဲ့လူတွေကတော့ ဆက်ရှာနေတုန်းပဲ၊ သူက ပုန်းနေပြီး တခြားခရီးသည်တွေ ဆင်းမှ ရောလိုက်သွားမယ့်ပုံပဲ'

'ဒီလိုပဲ သူလုပ်လိမ့်မယ်'

လင်းယုန်ကြီးက မကျေမနပ် ပြောသည်။



ခရီးသည်တွေ သင်္ဘောပေါ်က အလုအယက် ဆင်းကြရင် ကျွန်တော်တို့ ဂရုတစိုက်ကြည့်လို့ရမှာကို မဟုတ်ဘူး၊ နောက်ပြီး သူက ရုပ်ဖျက်ဦးမှာ သေချာတယ်'

'ဒါကတော့ သေချာပါတယ်'

ကာတာက ထောက်ခံမိသည်။

သင်္ဘောက ဆိပ်ကမ်းသို့ ညနေ ငါးနာရီတွင် ကပ်လိုက်၏။ နယူးယောဘ့်ဝိုစ် သတင်းစာမှ ယခုအဖြစ်ကို စာလုံးမည်းကြီးများနှင့် ရေးချနေပြီး ဖြစ်သည်။ ဆိပ်ကမ်းတွင်လူများ ဝိုင်းအုံနေ၏။ ရဲဘဝ်ပ္ပိုက ထိန်း ကျောင်း လျက် ရှိ သည်။ သတင်းထောက်များနှင့် ဓာတ်ပုံဆရာတို့မှာလည်း နေရာအနှံ့။

လင်းယုန်ကြီးက သူ့လူများကို သင်္ဘောမှ လှေကားများအတွင် နေရာချထားသည်။

'ကျွန်တော်လဲ ကိုယ့်ဘာသာကိုယ် ခြေလှမ်းစဖြင့် ကောင်းမယ်'

ကာတာက လင်းယုန်ကြီးအား ခွင့်တောင်းသည်။

'အေး...ဒါသင်္ဘောပေါ်မှာ ခဏတော့ရှိဦးမယ်၊ လိုအပ်ရင် ဒီကိုဆက်သွယ်'

ဂျီနာနှင့် ကာတာတို့က ခရီးသည်များမဆင်းမီ သင်္ဘောမှ ဆင်းခဲ့သည်။ သူမအား အကောက်ခွန်ရုံးခန်းထဲတွင် စောင့်နေရန် မှာသည်။

ဆိပ်ကမ်းတွင် အလွန်ရှုပ်ရှက်ခတ်နေသော ကာလ ဖြစ်လျက် ရှိသည်။ ကျူးဒင်အား ရှာဖွေတွေ့ရေးအတွက် ကာတာ သိပ်မမျှော်လင့်တော့။

www.burmeseclassic.com



'ရှင် သိပ်ဝေးဝေးသွားမှာတော့ မဟုတ်ဘူးနော်'

ဂျိနာက မေးရှာသည်။

'မသွားပါဘူးကွာ၊ ဒီဆိပ်ကမ်းဝန်းကျင်လောက်ပါ၊ တို့လူချင်း ပြန်မဆုံမိယင် နယူးဟီလ်တန် ဟိုတယ်မှာ သွားတည်း၊ အဲဒီကပဲ ကိုယ့်ကိုစောင့်နေ'

'ကောင်းပါပြီရှင်'

သူမက ကာတာ၏ပါးကို နမ်းလိုက်၏။

'ဂရုစိုက်နော်'

'အေးပါကွာ'

* * *

ဆိပ်ကမ်းတွင် ခရီးသည်များ၊ သတင်းကြားသူများ လူအုပ်ကို ထိန်းရသည့် ရဲများဖြင့် ရှုပ်ထွေးလျက်ရှိသည်။ ကာတာက ...ဘော်ဆင်းလှေကားနှင့် မလှမ်းမကမ်းတွင် နေရာယူလိုက်၏။ လှေကားရင်းတွင် အခြား အိုင်(စ်) အဖွဲ့ဝင်နှစ်ဦးလည်းရှိနေသည်။

ထိုနှစ်ယောက်က မုတ်ဆိတ်မွေးနှင့်လူတစ်ယောက်ကို တားလိုက်၏။ ဘေးသို့ဆွဲထုတ်သည်။ ခရီးသည်က ငြင်းဆန်နေ၏။



ကာတာက ခပ်သုတ်သုတ် လျှောက်သွားပြီး မိမိရှာနေသည့်လူ မဟုတ်ကြောင်း ပြောရသည်။ ထိုသူ၏ မုတ်ဆိတ်မွေးမှာ အစစ်အမှန်ပင်ဖြစ်၏။

ညနေခြောက်နာရီကျော်စအချိန်ဝယ် လှေကားမှထွက်သွားသော လူတစ်ယောက်ကို ကာတာမြင်လိုက်၏။ ထိုသူက အကောက်ခွန်အခန်းသို့ မသွား။ အဆောက်အအုံ အဆုံးရှိ အစောင့်တစ်ယောက် တာဝန်ကျနေသော ကားရပ်ရာသို့သွားနေသည်။ ၎င်းအား နောက်မှသာ ကာတာမြင်ရ၏။

ထိုသူမှာ အဝတ်အစားကောင်းကောင်းဝတ်ထား၏။ ကြိမ်တုတ်ကောက် တစ်ချောင်းထောက်၍ သွားနေသည်။ ၎င်း လမ်းလျှောက်ပုံမျိုး ကာတာမြင်ဖူးသလိုမျိုးရှိ၏ ဂရုတစိုက်ကြည့်မိသည်။

လက်ဆွဲအိတ်ကိုင်ထားသော အမွေးအမှင်မရှိသည့်လက်ကို မြင်သည်။

လက်က ပကတိ အသားအရေမျိုးမဟုတ်။ လက်ကိုင်ကို ကိုင်ထားပုံကလည်း လူတစ်ယောက်ကိုင်ထားသည်နှင့်မတူ။ ထိုသူထံသို့ ကာတာစလိုက်ချိန်မှာပင် ထိုသူကလှည့်ကြည့်သည်။ မျက်နှာကို ကာတာမြင်လိုက်၏။

နှုတ်ခမ်းမွေးရှိသည်။ မျက်မှန်အမည်းတပ်ထား၏။ သို့သော် ဦးခေါင်းခွံပမာ အသားအရေပြောင်ချော၍ တင်းတင်းရင်းရင်း ဖြစ်နေသည့် မျက်နှာပေါက်က မှားစရာမရှိ။

ဂျူးဒတ် ကာတာအား မြင်သွားသည်။ အဆောက်အအုံ အစွန်းပိုင်းသို့ ခပ်သုတ်သုတ်လျှောက်၏။ သူနှင့် ကာတာကြား

www.burmeseclassic.com

www.burmeseclassic.com


တွင် လူတစ်ယောက် ရှိနေ၏။ ကာတာက လူအုပ်ကြားမှ တွန်းထိုးထွက်သည်။

နှေးလှသည်။ လူအုပ်ကို ကာတာလွန်သည့်အချိန်၌ ဂျူးဒတ်မှာ ဂိတ်ပေါက်သို့ ရောက်နှင့်သည်။

ကာတာက လူ့ေါ်ကိုထုတ်၍ ပြေးလိုက်၏။ ဂျူးဒတ်က အစောင့်အားရိုက်လဲကာ ဂိတ်ကို ဖြတ်၍ ကားရပ်ထားရာသို့ ဝင်သည်။

အစောင့်အနီးသို့ ကာတာရောက်ချိန်၌ ဂျူးဒတ်အား မမြင်ရတော့။ မတ်တပ်ရပ်နေပြီဖြစ်သော အစောင့်က ကာတာအား တား၏။ ကာတာက မိမိ မည်သူမည်ဝါ ဖြစ်ကြောင်း အော်ပြောကာ ဂိတ်ပေါက်သို့ဖြတ်ဝင်၏။

ရပ်ထားသောကားများအစွန်းသို့ ရောက်၏။ အငှားကား တစ်စီးထွက်သွားသည်ကို မတွေ့ရသည်။ နောက်ခန်း ပြတင်းပေါက်မှ ဂျူးဒတ် မျက်နှာက ကာတာအား စိုက်ကြည့်သွားသည်။

ကာတာက လူ့ေါ်ကို စလွယ်သိုင်းအိတ်ထဲ ပြန်ထားသည်။ အနီးတွင်ရပ်ထားသော မော်တော်ဆိုင်ကယ်တစ်စီးဆီသို့ ပြေးသည်။ မလှမ်းမကမ်း၌ ဆံရှည်လူငယ်တစ်စု ရှိနေကြ၏။ ဆိုင်ကယ်ပိုင်ရှင်မှာ ၎င်းတို့ထဲမှ တစ်ယောက်ယောက်သာ ဖြစ်ရမည်။

ဆိုင်ကယ်ကိုကြည့်လိုက်၏။ သော့ကတန်းလန်း။ ကံကောင်း၏။ ဆိုင်ကယ်က မြင်းကောင်ရေအားများသော ဟွန်ဒါတစ်စီးဖြစ်သည်။

လမ်းကြမ်းကြမ်းနှင့် ခပ်ကြမ်းကြမ်း စီးနိုင်သည့် အမျိုးအစားပင်။ စက်ကိုနှိုးလိုက်၏။ စက်သံက အားကောင်းလှသည်။

'ဟေ့ လူ'

ဆံရှည်တစ်ယောက်က လှမ်းအော်၏။

'ငါ့ဟာငှားသွားပါကွ'

ကာတာက ပြန်အော်ပြောပြီး စက်ရှိန်တင်ကာ အငှားကားနောက်သို့ လိုက်တော့သည်။

လမ်းပေါ်သို့ အရောက်၌ အငှားကားမှာ နှစ်လမ်းအကွာတွင် ဘယ်ဘက်သို့ကွေ့သွား၏။ ကာတာက ကားများများကို ကွေ့ကာဝိုက်ကာ ရှောင်ရှင်းလိုက်သည်။ မီးပွိုင့်တွင် အငှားကားကို မီနိုင်သည်ဟု မှတ်ယူမိ၏။

မီးပွိုင့်က မီးအနီရောင်ပြောင်းသွားသည်။ ဂျူးဒတ်သည် အငှားကားသမားအား ငွေကောင်းကောင်း ပေးလျှော်ပေးထားမည်။ သို့မဟုတ် သေနတ်နှင့် ချိန်ထားမည်။ ကားက မီးပွိုင့်ကိုလွတ်သွားသည်။

ဆယ်မိနစ်မျှအကြာ၌ ကနေဒီလေဆိပ်သွား အဝေးပြေးလမ်းမပေါ်သို့ ရောက်သွားကြသည်။ အငှားကားမှာ အလွန်ဝေးရာသို့ ရောက်နှင့်သည်။ မီရမည်ဟု ကာတာဆုံးဖြတ်၏။ လေဆိပ်တွင် ဂျူးဒတ်အားမီနိုင်မည်။ လေယာဉ်နှင့် ဂျူးဒတ် လိုက်သွားနိုင်စရာမရှိ။

မှားလေစွ။ လေဆိပ်အဆောက်အအုံများရှိရာသို့ အဝေးပြေးလမ်းမှ ချိုးကွေ့ပြီး အရှိန်ကိုတင်လိုက်၏။ စက်ဆီကုက်အား

www.burmeseclassic.com

www.burmeseclassic.com

ကွက်ကြောင့် မော်တော်ဆိုင်ကယ် လဲသွားသည်။ ကာတာ လက်မှ လွတ်ထွက်သွားသည်။

မြက်ခင်းသို့ လူ့ကလိမ့်သွားသည်က ကံကောင်းလှသည်။ ပွန်းပဲ့ပြီး အဝတ်အစား စုတ်ပြဲသွားခြင်းမျှသာ ရှိသည်။ ဆိုးသည်မှာ မော်တော်ဆိုင်ကယ်ကို ပြန်မသုံးနိုင်ခြင်းဖြစ်သည်။

ဆိုင်ကယ်ပိုင်ရှင်လူငယ်အား တောင်းပန်၍ လျော်ကြေးပေးရမည့်အဖြစ်ကို မှတ်ထားရင်း လေဆိပ်ရှိရာသို့ ခြေလှမ်းပြင်သည်။ လက်ကိုဆန့်၊ လက်သီးကိုဆုပ်၊ လက်မကို အောက်စိုက်ပြခြင်းအားဖြင့် ကြုံရာကားအား လမ်းကြုံလိုက်ခွင့်တောင်းသည်။ ကားသမားတို့မှာ ယခုခေတ်ဝယ် လမ်းကြုံလိုက်သမားကို ကြည်ဖြူပုံမရှိဘော့။

အတန်ကြာမှ ထရပ်ကားတစ်စီးကို တွေ့ရသည်။ ထို ကားသမားကမူ ဖော်ရွေပုံရသည်။ ရွှောရွှောရှူရှူပင် ကားကို ရပ်ပေးသည်။ ကာတာက အခဖြုးခုန်တက်ပြီး တောင်းပန်၍ ကားကို အမြန်မောင်းစေသည်။ သို့သော် လေးဆယ့်ငါးမိနစ်ကြာမှ လေဆိပ်သို့ ရောက်သွားသည်။

လေယာဉ်ကောင်တာများသို့ စုံစမ်းရသည်။ ဤည နိုင်ငံခြားသို့ သွားမည့် ပင်အမ်လေကြောင်းခရီးစဉ် ဖြစ်သည်။

ကာတာက ပင်အမ်ကောင်တာသို့ ပြေးသည်။ စုံစမ်းကြည့်သည်။ လေယာဉ်သို့ နောက်ကျမှ လူတစ်ယောက် တက်သွားကြောင်း သိရသည်။ အမည်မှာ အာနိုးဘင်နက်ဒစ်ဖြစ်သည်။

'ကျွန်တော့် အတွက်ကော လက်မှတ်ရဦးမလား'

ကာတာက ကမန်းကတန်း မေးသည်။



ကောင်တာမှလူက ခရီးစဉ် အချိန်ဇယားကိုကြည့်ပြီး နာရီကို ကြည့်သည်။

'မဖြစ်တော့ဘူး၊ ထွက်သွားတာ ဆယ်မိနစ်ရှိနေပြီ'

★

အခန်း (၁၂)

ဂျူးဒတ်အတွက်တော့ အချိန်မဆိုင်းဘဲ ရောမသို့ ပြန်ရေးမှာ စဉ်းစားစရာအချက် မဟုတ်ပါ။ သို့မှသာလျှင် ၁၃၅၉၅နံ့ချုပ်ဖာရယ်လီ သူ့သေနတ်ကိုင်သမားတို့နှင့် အလှမ်းမီမည်ဖြစ်သည်။

ကာတာ စဉ်းစားကြည့်သည်။ ရောမသို့ ဂျူးဒတ်သည် ဤအချက်များကြောင့် ပြန်ခြင်းဖြစ်လိမ့်မည်။ သို့ဆိုလျှင် ဌာနချုပ် မြေတိုက်စခန်းကို မိမိတို့ ဝင်ရောက်သိမ်းပိုက်ပြီးကြောင်း သိဟန်မတူ။

www.burmeseclassic.com

www.burmeseclassic.com



ရောမသို့ နောက်ထပ်ထွက်မည့် လေယာဉ်မှာ နောက် တစ်နေ့မနက် ဆယ်နာရီခန့် မှရှိသည်။ သို့သော် လန်ဒန်သွား လေယာဉ်က တစ်နာရီခွဲခန့် ကြာလျှင် ထွက်မည်။ လန်ဒန်မှ တစ်ဆင့် ရောမသို့သွားလျှင် မနက်စာစားချိန်ခန့် ရောက်မည်။ ဂျူးဒတ်၏လေယာဉ်ထက်ဆင်းပြီး တစ်နာရီခန့်အရောက် ကြာလိမ့် မည်။

ဂျီနာထံသို့ ဖုန်းဆက်လိုက်သည်။ ဟီ(လ်)တန်ဟိုတယ်မှ ဂျီနာလာနေစဉ် တာကာက လေယာဉ်လက်မှတ် ဝယ်ထား သည်။ သူမသည် ဖာရယ်လီအကြောင်း ကောင်းကောင်းသိ၍ သူမအား ကာတာ လိုအပ်သည်။ လင်းယုန်ကြီးထံသို့ ဂျူးဒတ် ထွက်သွားကြောင်း သတင်းပို့ရသည်။

'အင်း ရောမမှာ ~~~ ကိုရှာရတာက ပိုလွယ်လိမ့်မယ်နော်၊ ဒါပေမယ့် ဘစ်ခုတော့ သတိရပါ၊ သူလွတ်သွားယင် မောင်း လိုက်နေတယ် ကိုရိုယာဟာ သူ့အတွက် ဖြစ်သွားလိမ့်မယ်'

'သူ လေယာဉ်ဆင်းတာနဲ့ ဖမ်းနိုင်အောင် ရောမရဲတပ်ဖွဲ့ တို့၊ နိုင်ငံတကာ မှုခင်းဖွဲ့တို့ကို အကြောင်းကြားယင် မကောင်း ဘူးလား'

'မကောင်းဘူး'

လင်းယုန်ကြီး၏ လေသံက ပြတ်သားမာကျောလှသည်။

'ရဲက သူ့ကိုဖမ်းလိုက်ယင် ရှေ့ဆက်ပြဿနာတွေ ဖြစ်လာ နိုင်တယ်၊ သူလွတ်လည်းသွားနိုင်တယ်၊ မင်းခမြှာသလိုပဲ သူ့ကို အသေပဲ ရချင်တယ်'



ယင်းယုန်ကြီးဆီမှ ဤစကားကို သူကြားရခြင်းအတွက် ကာတာ မအံ့သြမိပါ။

ကာတာနှင့် ဂျီနာတို့မှာ လေယာဉ်ပေါ်ဝယ် မင်ပန်း နွမ်းနယ်စွာဖြင့် တစ်လမ်းလုံးလိုလို အိပ်ခဲ့သည်။ ကာတာမှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ခပျော်သော်လည်း ရှေ့ဆက် လှုပ်ရှားရန် တော့ အားပြည့်ခဲ့သည်။ ဂျီနာမှာ ကလေးလေး တစ်ယောက် နှယ် အိပ်မောကျနေသည်။

လန်ဒန်တွင် လေယာဉ်ပြောင်းရသည်မှာ လွယ်လင့်တကူ ပြီးခဲ့သည်။ ရောမသို့ မနက်ရှစ်နာရီ ကျော်ရုံလေးမှာပင် ရောက် သည်။

နေသာသည့် မနက်ခင်းဖြစ်သည်။ အငှားတစ်စီးနှင့် ဂျီနာ ပြောပြသော လိပ်စာအတိုင်း ထွက်ခဲ့သည်။ ထိုအခန်းသို့ ဖာရယ်လီသည် အမျိုးသမီးများကို ခေါ်သွားတတ်သလို ရဲဖန် ရံခါ မြေအောက်လောကသားနှင့်လည်း တွေ့ဆုံ ဆွေးနွေး တတ်သည်။ ထိုအခန်းကို ရဲအဖွဲ့ကမသိ။ သို့သော် ဂျူးဒတ် သိမည်ဟု ကာတာသင်သည်။

ရောမသို့ ရောက်သည်နှင့် ဖာရယ်လီထံသို့ ဂျူးဒတ်ဖုန်းဆက် ပါမူ စစ္စလီသို့သွားရန် မသင့်ကြောင်း သိပေလိမ့်မည်။ သို့ဖြင့် ဖာရယ်လီ၏အခန်းကပင် လုံခြုံသော အခန်းအဖြစ် ပုန်းခိုနေ လိမ့်မည်။ ထိုနေရာမှာပင် ၎င်းတို့နှစ်ယောက် ရှေ့ အစီအစဉ် များကို ဆွဲစရာရှိမည်။

www.burmeseclassic.com

www.burmeseclassic.com



လေဆိပ်မှထွက်လာပြီး တစ်နာရီမျှအကြာတွင် ဖာရယ်လီ၏ တိုက်ခန်းရှေ့သို့ ရောက်သွားသည်။ အဆောက်အအုံတွင်းသို့ ဝင်ရန်ပြုစဉ် ထောင့်မှ အသံတစ်သံကို ကာတာ ကြားလိုက်သည်။

'ခပ်ဝေးဝေးမှာ သွားနေ'

ကာတာက ဂျီနာအား သတိပေး၏။

အဆောက်အအုံထောင့်သို့ ပြေးကြသည်။ တိုက်အားတံခါးမှ လူနှစ်ယောက် ထွက်လာပြီး လမ်းတစ်ဖက်တွင် ရပ်ထားသော ကားတစ်စီးဆီသို့ သွားသည်ကို မြင်လိုက်ရသည်။

တစ်ယောက်မှာ အရပ်ရှည်ရှည်နှင့် ဖာရယ်လီ။ ကျန်တစ်ယောက်ကာမူ ဂျူးဒတ်။ မြင်ရုံနှင့်သိလိုက်နိုင်သည်။ ဂျူးဒတ်မှာ ရုပ်ဖျက်မထားတော့။ ကြိမ်တုတ်ကောက်လည်းပါသည်။

စသည်နှင့် ကြက်ကန်း ဆန်အိုးတိုးမိလေပြီ။ သေနတ်ကို ထုတ်သည်။

'ခင့်ဗျား ဘယ်လောက်ပဲ ဝေးဝေးသွားသွား၊ ရောမယောက်ခင်ဗျားရဲ့ချည်တိုင်ပဲ'

ကာတာ အော်ပြောလိုက်သည်။

ဂျူးဒတ်မှာ ကာတာမှတ်ယူသည်ထက်ပင်မြန်ဆန်လှ၏။ ပစ်လိုက်ချိန်မှာ၎င်း ၎င်းက ကိုယ်ကိုညွတ်၍ ကားဆီသို့ ပြေးတော့၏။ နောက် တစ်ချက်ပစ်သည်။ ကျည်ဆန်မှာ ဂျူးဒတ်နောက် ကျောက်ခင်းလမ်းကိုသာ သွားမှန်သည်။

နောက်တစ်ချက် ကား၏နောက်တန်း အတာကို မှန်သည်။ ကားနောက်သို့ ဂျူးဒတ် ပျောက်သွားသည်။



'တောက်'

ကာတာ မကျေမနပ် တက်ခေါက်မိသည်။

ဖာရယ်လီက စဘင်ပစ်တော့သည်။ ကာတာအား တိုက်နံရံသို့ ဝင်မှန်၏။ နောက်တစ်ချက်အပင်တွင် ကာတာက ဝပ်ရှောင်သည်။ ဘယ်လက်တွင် ပူခနဲဖြစ်သွား၏။ ကား၏ တစ်ဖက်ခြမ်းမှ တံခါးပွင့်သွားသည်ကို သူမြင်သည်။ သို့သော်.... ဖာရယ်လီ၏ ကျည်ဆန်ကို ရှောင်နေရသည်။

ရုတ်တရက် ဂျီနာ၏ အော်ပြောသံကို ကြားလိုက်ရသည်။

ဖာရယ်လီက ဂျီနာဘက်သို့ လှည့်ကြည့်၏။ သူမသည် ဖာရယ်လီ၏ တစ်ချိန်က မိန်းကလေးဖြစ်ခဲ့သည်ကို ကာတာ ပြန်သတိရလိုက်သည်။

ဂျီနာကိုမြင်သည်နှင့် ဖာရယ်လီ၏ဒေါသက ဟုန်းခနဲ ထလာ၏။ သူမကို ချိန်၍ ပစ်လိုက်၏။ ကျည်ဆန်က သူမအနီးမှ ကပ် ဖြတ်သွား၏။

ကာတာကပစ်၏။ ဖာရယ်လီ၏လည်ပင်းကိုထိ၏။ အပေါက်လေးတစ်ပေါက် ဖြစ်သွားသည်။ ဆတ်ခနဲ ခေါင်းလန်ကာ နောက်ပြန်လဲကျသွား၏။

ကားမှ ကျည်ဆန်နှစ်တောင့်က ကာတာ၏ ခြေထောက်အနီးသို့ လာထိ၏။ ကားစက်သံကြားရသည်။ အရှိန်ပြင်းပြင်းနှင့် ဂျူးဒတ်က ကားကို မောင်းပြေးသည်။ ကားတာယာ ညှော်နံ့များပင် ထွက်လာ၏။ ကားဆီသို့ ကာတာ လှမ်းပစ်သည်။ နောက်မှန်သာ ကွဲသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'ရှင် ထိသွားသေးသလား'

ဂျူနာ ပြေးလာပြီး စိုးရိမ်တကြီး မေး၏။

'ထိသွားတယ်၊ မင်းကော'

'ဘာမှမဖြစ်ဘူး'

'မင်းအခန်းကိုပြန်ပြီးနေ၊ နောက်မှကိုယ်လိုက်လာမယ်'

သူမက ပြင်း၏။ သို့သော် ကာတာမှာ လပ်းဘာဇ်ဖက်အိုအက်(ဖ)ရိုမီယို (၁၇၅၀)ပြိုင်ကားလေးဆီသို့ ပြေးသွားပြီဖြစ်၏။ ကားတံခါးကို သော့ခတ်မထား။ ဝါယာချင်းပူးရှိ စက်နှိုး၏။ ဂျူးဒတ်နောက်သို့ လိုက်တော့သည်။

လမ်းနှစ်လမ်းကျော်ကာမှ လှမ်းတွေ့၏။ သုံးလမ်းမျှ ဝေးသေး၏။ သူ့ဘက်ကို ဆက်ခနဲ ဂျူးဒတ်ချိုးဝင်၏။ ထိုလမ်းထိပ်အရောက် ကာတာကလည်း အရှိန်နှင့်ဝင်၏။ ကားနောက်ပိုင်းမှာ မြောက်သွားသည်။

ရှေ့တွင် ဂျူးဒတ်က ဘယ်ဘက်သို့ကွေ့၏။ လမ်းကကျဉ်းသည်။ စက်မှုလုပ်ငန်းများ ရှိရာဘက်သို့ဖြစ်သည်။ ကာတာက ဆက်လိုက်၏။ ငါးမိနစ်အတွင်း ကားခြင်းတိုက်ရန် နှစ်ကြိမ်ကြုံရ၏။

သို့သော် ဂျူးဒတ်ကော ကာတာပါ အရှိန်မလျှော့ကြ။ လမ်းကျယ်သို့ ရောက်ပါက ဂျူးဒတ်အား ကာတာမီနိုင်၏။ သို့သော်....ကားမောင်းကျွမ်းကျင်ရန်တော့ လိုလိမ့်မည်။ ဤသည်ကို ဂျူးဒတ်လည်း သတိထားမိပုံရ၏။

ငါးမိနစ်အတွင်း ဂျူးဒတ်ကားက အရှိန်တင်ပြီး ပျောက်သွား၏။ လမ်းတစ်လမ်းသို့ အကွေ့ဝယ် ဂိုထောင်များနှ



အဆောက်အအုံများသော လမ်းကျဉ်းတစ်ခု၌ ဂျူးဒတ်၏ ကား ရပ်ထားသည်ကို တွေ့ရသည်။ ကားမောင်းသူ အခန်းတံခါးမှာ ဖွင့်လျက်ရှိသည်။

ကာတာက ကားကို ဝုန်းခနဲရပ်၍ဆင်း၏။ လူ့ဂါကို ထုတ်သည်။ ဂျူးဒတ်ကို မတွေ့ရ။ အနီးရှိ ဂိုဒေါင်များကို လှမ်းကြည့်သည်။ ထိုဂိုဒေါင် တစ်ခုခုထဲသို့ ဂျူးဒတ် ဝင်သွားသလော။

ကာတာ က ဂိုဒေါင်များဘက်သို့ လှမ်းကြည့်နေရင်း တစ်စုံတစ်ခုကို သတိပြုမိသွား၏။ မြေအောက်ရေနုတ်မြောင်း ဆင်းရာ အပေါက်၏ အဖုံးဖြစ်၏။ အဖုံးက ဘေးသို့ အနည်းငယ် နေရာရွှေ့ခြင်းမှတစ်ပါး မထူးခြားပေ။ ထိုနေရာသို့ ကာတာ သွားကာ စူးစမ်းကြည့်သည်။

အပေါက်၏ နှုတ်ခမ်းဝယ် မြေကြီးစများ ကပ်နေသည်။ ဒူးထောက်ခါးကိုင်း၍ အပေါက်ဝသို့ နားစွင့်ကြည့်၏။ ခြေသံအုပ်အုပ်ကို ကြားရသည်။ ဂျူးဒတ်ဖြစ်ကြောင်း သံသယရှိစရာ သိပ်မလိုတော့ပါ။

ဂျူးဒတ်၏ ပါးနပ်ကောက်ကျစ်ပုံကို ကာတာ သိသည်။ ကျန်းမာရေးမကောင်းမှု၊ လက်အတုရှိမှုတို့ ဖြစ်နေလင့်ကစား ဂျူးဒတ်သည် ပါးနပ်ရာဝယ်၊ ရက်စက်ရာဝယ် ပြိုင်ဘက်မဲ့ မြွေဆိုးနှယ် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အဖုံးကို လှစ်ခနဲဖယ်၍ အောက်သို့ ဆင်းလိုက်၏။ ခြေထောက်က လှေကား တစ်ထစ်ကို သွားနင်းမိ၏။ အနံ့ဆိုးက နှာခေါင်းထဲသို့ တိုးဝင်လာသည်။

အသက်ရှူရ ကျပ်လှသည်။ ရှေ့သို့ ထိုးဝင်လေလေ မှောင်လေလေ ဖြစ်သည်။ အောက်မှတိုးဖော့ ပြေးနေသည့် ကြွက်များ၏ အသံကိုပင် ကြားရသည်။ ရေမြို့၏ မြေအောက် ရေနုတ်မြောင်းနှင့် လိုဏ်ခေါင်းတို့မှာ ရှုပ်ယှက်ခတ် လှသည်။ များလှသည်။ ကျိုးလမ်းမှ ဂျူးဒတ် ထွက်ပြေးလျှင်မူ ကာတာအတွက် မျှော်လင့်ချက် မရှိတော့။

ဂျူးဒတ်လွတ်မြောက်သွားခြင်းသည် ကမ္ဘာပေါ်တွင် ကာတာ မဖြစ်စေချင်ဆုံးသော အရာသာ ဖြစ်ပါသည်။

သူသည် ဗိုင်ယာဂါယာ ရေတံခွန်တွင် ကာတာလက်မှလွတ်သွားဖူးသည်။ သို့သော် ကာထာ၏ မမြင်ကွယ်ရာသို့ ရောက်မသွား။ ခက်သည်က သူတို့နှစ်ယောက် ကြုံကြုံတတ် လွန်းကြခြင်း ဖြစ်သည်။

လှေကားကို ခပ်သွက်သွက် ဆင်းသည်။ အထစ်ကျော်ဆင်းသည်။ လှေကားအောက်ခြေသို့ ခြေချလိုက်သည်။ ကျောက်တုံးလေး တစ်ခုပေါ်တွင် ရပ်နေမိပြီကို သိရသည်။ သက်တမ်းကြာမြင့်လှသော ကျောက်တုံးအား ဆိုးဝါးသောအနံ့ တို့ရှိရာ ရေက တဖျပ်ဖျပ် ရိုက်ခတ်နေ၏။ အသက်ရှူရန်လေမရှိတော့သည့်နှယ် အနံ့က ပြင်းလှသည်။



အပေါ်ဘက် အပေါက်ဝမှ ထိုးကျနေသည့် အလင်းရောင်ဖြင့် ခြေလှမ်းကို စသည်။ အရိပ်ထဲတွင်ခို၍ ငြိမ်ကာ နားစွင့်ရသေးသည်။ အသံကိုကြားလိုက်ရသည်။ သူ၏ညာဘက် ကိုက်တစ်ရာမျှအဝေးတွင် ခြေလှမ်းသွက်သွက် လှမ်းနေသံ ဖြစ်သည်။

သေနတ်ကို အဆင်သင့် ကိုင်ထားလိုက်၏။ ကိုယ်ကို ညွတ်၍ မှောင်မည်းသော အရိပ်အတွင်း ဂျူးဒတ်နောက်သို့ စတင်လိုက်တော့သည်။

ပုန္နေးနွေး ခပ်ဖွဖွ အရာတစ်ခုက ခြေထောက်ကိုလာထိ၏။ လွတ်ခနဲ အော်မိမလို ဖြစ်သွားသည်။ ကိုယ်လုံးက တောင့်ခနဲဖြစ်သွားသည်။ ကြွက်တစ်ကောင်ပင်။ ကြွက်က သူ့အား ပွတ်တိုက်ကာ အသံမကြားရတော့။

ခြေလှမ်းသွက်ရေးမှာ မလွယ်။ ကျောက်ဘုံးတန်းက စိုစွတ်၏။ နှစ်ပေါင်းများစွာ သက်တမ်းအရ ရေညှိများတက်လျက်ရှိသည်။

အပေါ်တွင် လင်းဆွဲများ ရှိနေကြ၏။ မအုံ့သြနိုင်တော့။ ရေစက်ကလေးများလည်း ကျနေသည်။ သို့သော် ဂျူးဒတ်လောက် ဆိုးဝါးမည်ဟု သူမထင်ပါ။

ဂျူးဒတ်၏ ခြေသံကို ပြန်၍ အာရုံစိုက် လိုက်၏။ ရှေ့မှာမှောင်ထဲဝယ် လက်ခနဲ ဖြင်သွား၏။ ကာတာမှာ နံရံကိုကျောကပ်၍ အသက်ရှူ အောင့်ထားမိသည်။ ဂျူးဒတ်၏ ခပ်သုတ်သုတ်ခြေသံကို ပြန်ကြားရသည်။ ကာတာက ဆက်လိုက်၏။ သေနတ်ကိုတော့ အဆင်သင့်ပစ်ရန် ကိုင်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထောင့်ချိုးတစ်ခုသို့ ဓာတ်ကျွေ့ဝယ် ခြေက ချော်သွားသည်။ မြောင်းပုပ်ရေများထဲ ပြုတ်ကျသွားနီးပါး ဖြစ်၏။ ကျည်ဆန်တစ်ဆန်က အသံနှင့်အတူ ခေါင်းပေါ်သို့ ဖြတ်သွားသည်။ ထို့နောက် ဂျူးဒတ်၏ ခြေသံ။

လိုဏ်ခေါင်း ကျဉ်းကျဉ်းလေးအတိုင်း ကာတာ ဆက်ပြေးလိုက်၏။ ယခင် လိုဏ်ခေါင်းထက်ပင် ပိုကျဉ်းလှသည်။ ထောင့်ချိုးတစ်ခုသို့ ဂျူးဒတ်အရောက် ကာတာက ချိန်၍ ပစ်လိုက်သည်။ ထောင့်ချိုး နံရံသို့သာ သွားမှန်၏။ ပစ်မှတ် လွဲသွားသည်။ ပစ်မှတ် မပျောက်မီ အမြန်ပြေးလိုက်ရပြန်သည်။

ကြွက်နှင့်ကြောင်တို့၏ အမိကရ မြိုင်ပွဲတစ်မျိုး ဖြစ်သည်။ ဂျူးဒတ်၏လုပ်ရပ်အတိုင်း ကာတာ အတုခိုးရသည်။ ထောင့်ချိုးတစ်ခုသို့ ချိုးအပြီးဝယ် ဂျူးဒတ်အား မမြင်ရတော့။

ဤနေရာတွင် ခြောက်သွေ့၍ အနံ့ကလည်း သိပ်မပြင်းလှ။ ရေ့သို့တိုးလာရင်း အဘယ်ကြောင့် ဤသို့ဖြစ်နေသနည်းဟု တွေးမိ၏။ ဤလမ်းကြောင်းကို ဂျူးဒတ် အဘယ်ကြောင့် ရွေးခဲ့ရကြောင်း မကြာမီ ကာတာသိလိုက်သည်။

နံရံတွင် အပေါက်တစ်ခု ရှိနေ၏။ သတ္တုပြွန်နှင့် ကာထားပုံ ဖြစ်သည်။ ယခုတော့ ကတာက ကြမ်းပြင်ပေါ်တွင် ကျနေ၏။ ကာတာက ငြိမ်သေတော နားစွင့်ကြည့်သည်။ အပေါက်၏ တစ်ဖက်မှ အသံကို ကြားရသည်။ အပေါက်ထဲသို့ ဝင်လိုက်သည်။



လူတူးထားသည့် လိုဏ်ခေါင်းနှင့် သေသပ်လှ၏။ ကျယ်ဝန်းသည်။ ခေါင်းကို မတ်မတ်ရပ်နိုင်သည်။ ရှေ့နေရာမှ အခေါက်ရှိအသံကို ကြားရ၏။ ဂျူးဒတ်သည် ဤလမ်းကြောင်းကို သိထားရမည်။ သို့ဖြင့် ကာတာအား မျက်ခြည်ပြတ်ရန် ဤလမ်းကြောင်းကို သုံးခြင်းဖြစ်မည်။

မကြာမီ ရှေ့တွင် တွေ့လိုက်ရသည့် အလင်းရောင် နောက်ခံဝယ် ဂျူးဒတ်၏ပုံရိပ်ကို မြင်ရသည်။ ကာတာအား ဂျူးဒတ်က နှစ်ချက်ဆင့်ပစ်သည်။ ကျည်ဆန်တစ်တောင့်က ကာတာ၏ တုတ်အင်္ကျီလက်ကို ဖောက်သွားသည်။

အလင်းရောင်ရှိရာ အပေါက်သို့ အဖြည်းဖြည်း ကပ်ရသည်။ လိုဏ်ခေါင်း၏ တစ်ဖက်တွင် မီးလုံးလေးတစ်လုံး ထွန်းထားသော အခန်းလေးတစ်ခန်း ရှိနေသည်။ အခန်းထဲဝင်၍ ပတ်ဝန်းကျင်သို့ လှည့်အကဲခတ်သည်။ မည်သည့်နေရာသို့ ရောက်နေမှန်း သိလိုက်သည်။

နံရံ၏တွင်းတူးသော အပေါက်တွင်လူရိုးများပြည့်နေသည်။ ဦးခေါင်းခွံ ငါးဆယ်မျှမှာ ဆင့်ကာတင်ထားသည်။ ကာတာအား မျက်တွင် ဟောက်ပက်နှင့် ကြည့်လျက်ရှိသည်။ ဂျူးဒတ်သည် သူ့အား မြေအောက် သင်္ချိုင်းသို့ ခေါ်လာခြင်း ဖြစ်သည်။

တစ်ချိန်က ခရစ်ယာန်များသည် ရောမမြို့ကြီးအောက် ဂူများ၊ လိုဏ်ခေါင်းများထဲဝယ် နှိပ်စက်ညှဉ်းပန်းသူများလက်မှ

www.burmeseclassic.com

www.burmeseclassic.com



ထွက်ရန် ခိုအောင်းခဲ့ရသည်။ ဤနေရာသည် ရောမမြေအောက် သင်္ချိုင်းဂူများထဲတွင် နာမည်အကြီးဆုံး စိန့်ကောလစ်တပ်(ခ) သင်္ချိုင်းဂူဖြစ်သည်ဟု ကာတာ သုံးသပ်မိသည်။

မီးလုံး ထွန်းထားသော်လည်း ကမ္ဘာလှည့် ခရီးသည်များ စိတ်မဝင်စားတတ်သည့် နေရာမှ ကာတာ ခွာသည်၊ ဂျူးဒတ် နောက်သို့လိုက်သည်။ လမ်းတွင် မီးလုံးလေးများသာ ရှိသည်။

ဂျူးဒတ်၏ အသက်ရှူပြင်းပြင်းသံကို ကြားလာရသည်။ အားကုန်နေပုံရှိသည်။ သူ၏ရောဂါကို သတိရလိုက်သည်။ ဂျူးဒတ် ကြာရှည်မလှုပ်ရှားနိုင်တော့။ သို့သော် ကမ္ဘာလှည့် ခရီးသည်များကြား တိုးဝှေ့ပျောက်ကွယ်သွားနိုင်စရာ အဖြစ်က ရှိသေးသည်။ ခြေလှမ်းကို ပိုသွက်လိုက်သည်။

နောက်တစ်ခန်းသို့ ရောက်လာပြန်သည်။ ပထမအခန်းကဲ့သို့ပင် မီးလုံးလေး ထွန်းထားသည်။ ဂျူးဒတ်၏ အရိပ်အယောင်ကိုတော့ မတွေ့ရ။ အခန်းထဲမှ အမြန်ဆုံး ထွက်လိုက်မှ ဖြစ်မည်။

ပထမ အခန်းကဲ့သို့ပင် အရိုးခြောက်များ နံရံကပ်စင်တို့ အထက်ရှိ ဦးခေါင်းခွံများ ရှိနေသည်။ အခန်းတစ်ဝက်သို့ ရောက်လာသည်။ ထိုစဉ် ညာဘက်မှ အသက်ရှူသံ ပြင်းပြင်းကို ကြားလိုက်ရသည်။

ကာတာက ချာခနဲလှည့်ကြည့်သည်။ ဂျူးဒတ်မှာ အရိုးခြောက် တစ်ပုံကိုမှီ၍ ထိုင်နေသည်။ သူ၏ မျက်နှာမှာ ချွေးများရွှဲ၍ ပြာမှိုင်းလျက်ရှိသည်။ သူ၏ အရိုးနှင့် အရေသာရှိသောမျက်နှာ ဦးခေါင်းခွံနှင့် ဦးခေါင်းတို့ကြောင့် သက်ရှိ



လူသားထက် စင်ပေါ်ရှိ ဦးခေါင်းခွံ အခြောက်တို့နှင့် ပိုတူနေသည်။

ခက်ခက်ခဲခဲ အသက်ရှူနေသံက ကျယ်လောင်လှသည်။ ရင်ကျပ်နေသူနှယ်ဖြစ်သည်။ အသက်ရှူသံဝယ် တရှုံ့ရှုံ့ အသံကို ကြားရသည်။

သူ၏ လက်ထဲတွင် ခြောက်လုံးပြူး တစ်လက် ကိုင်ထားသည်။ ပြောင်းကတိုသည်။ စမင်အင်ဝက်ဆင် ဒဿမလေးလေး မဂ္ဂနစ် အမျိုးအစားဖြစ်သည်။ ဤသေနတ်စာသာ မိလိုက်လျှင်တော့ သင်္ချိုင်းဂူအတွင်းရှိ အရိုးခြောက်များနှင့် မဟာမိတ် ဖွဲ့ရတော့မည်ဟု ကာတာတွေးမိသည်။

ကာတာလှုပ်ရှားရန် ကြံစည်လိုက်စဉ် ဂျူးဒတ်၏ ခြောက်ကပ်ကပ်ရယ်သံက ထွက်လာသည်။ ရယ်သံက စူးရှလှသည်။ လက်ဖျားတို့က တလှုပ်လှုပ်ဖြစ်နေသည်။ သေနတ်ကိုင်ညာလက်မှာ ပြောင်ချော၍ တောက်ပလျက်ရှိသည်။

'နောက်ဆုံးတော့ မင်းကို ငါသတ်ရတော့မယ် နစ်ကာတာ' ဂျူးဒတ်က ပီတိသံနှင့် ပြောလာသည်။

ကာတာက ဒိုက်ဗင်ထိုး ဝပ်ချလိုက်သည်။ အောက်မှ အရိုးအချို့ ကွဲကျေသွားသံ ကြားရသည်။ ဂျူးဒတ်လက်မှ သေနတ်က မီးပွင့်သွားသည်၊ ကာတာနှင့် ကျည်သွားလမ်းက ကွာဝေးလှသည်။

ကာတာက ဆတ်ခနဲ ဒူးထောက်ကာ လူဂါနှင့်ချိန်သည်။ မောင်းပေါ်သို့ လက်ညှိုးက ရွေ့သွားပြီးမှ မှန်စ်ဖြစ်။

www.burmeseclassic.com

www.burmeseclassic.com



ဂျူးဒတ်၏လက်မှ သေနတ်ကိုင်လက်က ပေါင်ပေါ်သို့ ပြုတ်ကျသွားသည်။ လူက အရိုးပုံကိုမှီကာ ခြေကားယား လှဲနေရသည်။ မျက်နှာက ရှုံ့မဲ့၍ မျက်လုံးများက ကြည့်ပုံ မမှန်၊ အသက်ရှူသံ ထရှူ ရှူ က တစ်ခဏမျှ အသံကျယ်လာသည်။ နောက်ရပ်သွားသည်။

ဂျူးဒတ်၏ ကိုယ်လုံးက ဆတ်ခနဲတောင့်သွားသည်။ လက်ထဲမှသေနတ်က အောက်သို့ ပြုတ်ကျလာသည်။ ခေါင်းက နောက်လန်၍ နံရံကို မှီသွားသည်။ မျက်လုံးအပြူးသားက မမှိတ်။

ကာတာက ထရပ်၍ ဂျူးဒတ်ထံ လျှောက်သွားသည်။ ကိုယ်ကိုညွတ်၍ ကြည့်ရန်ငုံ့လိုက်စဉ် ဂျူးဒတ်၏ ကိုယ်ခန္ဓာက ဆတ်ခနဲတုန်ပြီး ငြိမ်သွားသည်။ ကာတာက သွေးခုန်နှုန်းကို စမ်းကြည့်သည်။ သွေးခုန်နှုန်း မရှိတော့။

ကိုယ်ကိုပြန်မတ်၍ လူဂါအား ပခုံးစလွယ်သိုင်းအိတ်သို့ ထည့်သည်။ အရိုးခြောက်များကြားမှ အဝတ်အစားပါသည့် အရိုးခြောက်နှယ် ဂျူးဒတ်အား ငုံ့ကြည့်သည်။

ဤနေရာမှသူ အမြန်ဆုံး ထွက်လိုလှသည်။ ဂျူးဒတ်သေပြီ။ အနုမြူလက်နက်၏ မောင်းထိန်းခလုတ်ကိရိယာ လျှို့ဝှက်ချက် အတွက်လည်း အန္တရာယ်မရှိတော့။ လေကောင်း လေသန့်နှင့် နေရောင်ခြည်ရရန် အပြင်သို့ ထွက်ရေးသာ ရှိတော့သည်။

ဂျူးဒတ်၏ အလောင်းအား ရှိရာနေရာမှာပင် ထားရစ်ပြီး လှည့်ထွက်သည်။



မီးရောင်မှိန်မှိန်ရှိ လိုဏ်ခေါင်းရှည်ရှည် တစ်လျှောက် မြေအောက် သချိုင်းဂူပေါက်ဝရှိရာသို့ လျှောက်သွား၏။ မှောင်မိုက်နေသော လိုဏ်ခေါင်းများကြားလဲဝယ် ဂျူးဒတ်အား ဘဝတူ အရိုးစုများအဖြစ်နှင့်ရှိချိန်မှ တွေ့ကြပေတော့မည်။

သူ၏ အဝတ်အစားများ ကြေမွပျက်စီးပြီးမှ တွေ့ပါမူ ဂျူးဒတ်ကိုလည်း ရှေးခေတ် အာဇာနည် ခရစ်ယာန်သူရဲကောင်းများနှယ် မှတ်ယူကြပေလိမ့်မည်။

ရယ်စရာကောင်းမည်လော၊ မကောင်းမည်လော ကာတာ မဆုံးဖြတ်တတ်။ ဝင်ပေါက်ဝရှိ ကမ္ဘာလှည့်ခရီးသည်တစ်စုနှင့်သာ လူချင်းဝင်ရောလိုက်၏။

အီတလီလမ်းပြက ကာတာဘက်သို့ နောက်လှည့်ကြည့်သည်။

'မြန်မြန်လာပါ ဆရာ၊ မြန်မြန်လာပါ၊ ခင်ဗျားကြောင့် အချိန်ကုန်နေပြီ။ ကျွန်တော်တို့ ခရီးစဉ်က ပြီးသလောက်ရှိနေပြီ'

ကာတာက ထိုလူစုနှင့်အတူ အလင်းရောင်ရှိရာ အဝင်ပေါက်သို့ လိုက်သွားသည်။ အီတလီ လမ်းပြကိုလည်း တောင်းပန်သည်။

'ဆောရီးပဲဗျာ... ဟိုအောက်က အံ့ချီးစရာမြင်ကွင်းကြောင့် နောက်တွန့်ကျန်ရစ်ခဲ့မိတာပါ'

လမ်းပြက ပြုံး၏။

'ဒီထက်ဆိုးတာတွေ ရှိပါသေးတယ်ဗျာ'

www.burmeseclassic.com

www.burmeseclassic.com



ကာတာက ရှေ့ရေးနှင့် သူ၏ တာဝန်များကို တွေးကြည့်လိုက်သည်။ ရှေ့လျှောက် အသက်ရှည်ရှည် နေနိုင်ပါမည်လော....။

မည်သို့ပင်ဖြစ်စေကာမူ တစ်ခုတော့ စိတ်ချမ်းသာပါသည်။ သေချာပါသည်၊ ဂျူးဒက်သေပြီဖြစ်၏။ အနာဂတ်အတွက်မတွေးတော့၊ ပစ္စုပ္ပန်ကို ရှေးရှုလိုက်သည်။ သို့ဖြစ်၍လည်း ဂျီနာအား တွေးမိကာ ပြုံးမိသည်။ အဓိပ္ပာယ်အရှိဆုံး၊ မတော်မတရားစိတ်နှင့် အတွေးဆုံးအပြုံးသာ ဖြစ်ပေလိမ့်မည်။

ထွန်းလင်း

BURMESE CLASSIC

ပြီးပါပြီ

www.burmeseclassic.com